# မိုးကျော်သူ

## စကားပြောသောပန်းပုရုပ်

ဒုတိယ

ဇာတ်သိမ်း



စာမူ ခွင့်ပြုအမှတ် ၆၀၂/၉၄(၉)
မျက်နှာဖုံးခွင့်ပြုအမှတ် ၆၃၅/၉၄(၉)

မဆမအကြိမ်
၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလ
တန်ဖိုး ၇၀/-၊ အုပ်ရေ[၄၀၀]

ထုတ်ဝေသူ ဦးစိုးရင်(မြ ၀၁၃၅၉)
အတွေးရှင်ပိမာန်စာပေ
၁၉၊ ဦးအောင်မင်းလမ်း၊ ၂ ရပ်ကွက်
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်ကျင်ငွေ(မြ ၀၃၁၄၆)
ဇမ္ဗူအောင်ပုံနှိပ်တိုက်
အမှတ်(၁၁)၊ စပယ်ခြံ(၃)လမ်း၊
ကမာရွတ်၊ ရန်ကုန်။

မျက်နှာဖုံးရိုက် ဦးကျော်မိုးစိန်(မြ ၀၃၁၃၇)
အောင်သာပုံနှိပ်တိုက်
၁၇၂၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

76

# မိုးကျော်သူ

## စကားပြောသော ပန်းပုရုပ်

ဒုတိယပိုင်း (ဇာတ်သိမ်း)

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

သဲလွန်စရှာ ၊ တော်

လုံးဝေ၏ မျက်လုံးအစုံမှာ လိုက်ကာအောက်သို့ ရောက်ရှိသွားသည်။

သူ၏တစ်ကိုယ်လုံး တောင့်တင်းသွား၏။

မျက်လုံးအစုံမှာလည်း ဝိုင်းစက် ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ကြမ်းပြင်ပေါ်၌ သွေးတစ်စက်ကို တွေ့မြင်လိုက်မိ၍ဖြစ်သည်။

သွေးစက်မှာ အလွန်သေးငယ်သောကြောင့် သေချာမကြည့်ပါက တွေ့မြင်နိုင်မည်မဟုတ်ချေ။

လုံးဝေက လိုက်ကာအတွင်းဘက်သို့ ငုံ့ကြည့်လိုက်၏။

သူ၏မျက်လုံးအစုံက ပိုမို၍ ပြူးကျယ်သွားပြန်သည်။

အဘယ့်ကြောင့်ဆိုသော် အတွင်းဘက်၌ သွေးကွက်တစ်ကွက်ကို ထပ်မံတွေ့ရှိလိုက်ရ၍ ဖြစ်သည်။

ထိုသွေးကွက်ထဲ၌ အရာဝတ္ထုတစ်ခုအား တွေ့မြင်လိုက်ရ၏။

လုံးဝေက လျှင်မြန်စွာ ကောက်ယူ၍ ကြည့်လိုက်သည်။

'ဟင်....'

သူက အံ့ဩထိတ်လန့်သွားသည်။

သွေးကွက်ထဲမှ ကောက်ယူကြည့်လိုက်သောအရာမှာ လူတစ်ယောက်၏ လက်ချောင်းကလေးတစ်ဆစ် ဖြစ်နေသည် မဟုတ်ပါလော။

သူက သေချာစွာ ထပ်မံကြည့်လိုက်ရာ လက်သန်းအပေါ်ပိုင်း အဆစ်ကလေး ဖြစ်နေ၏။

လုံးဝေ မနေ့ညတုန်းဆီမှ အဖြစ်အပျက်အား ပြန်လည် မြင်ယောင်လာလေသည်။

မယ်ဘော်ဝတ်စုံနှင့်အမျိုးသမီးက ကြိုးတပ်ကိရိယာ တီးပြီးချိန်၌ အပြာရောင်ပန်းနှင့် အစိမ်းရောင်ပန်းများ ထိုးထားသော အင်္ကျီဝတ်ဆင်ထားသော လူတစ်ယောက် ပေါ်လာကာ အမျိုး



သမီးရှိရာသို့ ကပ်သွားချိန်၌ စူးရှသော အော်သံနှင့် အတူ မီးခိုးလုံးများဖြင့် ပျောက်ကွယ်သွားခဲ့သည် မဟုတ်ပါလော။

ဤသို့ဆိုလျှင် ထိုလက်သန်း အဆစ်ကလေးမှာ မည်သူ၏ လက်သန်းဖြစ်မည်နည်း။

မယ်တော်ဝတ်စုံနှင့် အမျိုးသမီး၏ လက်ဆစ်ကလေးလော။

မဖြစ်နိုင်ပါချေ။

မယ်တော်ဝတ်စုံနှင့်အမျိုးသမီးမှာ ရှောင်ရီ၏သား ယို့လန်းဖြစ်ကြောင်း ဖွေးညိုလာပို့သွားသော အယောဝ်းမှ သက်သေခံနေပြီမဟုတ်ပါလော။

ဤသို့ဆိုလျှင် ယင်းလက်သန်းဆစ်ကလေးမှာ အပြာရောင်ပန်းနှင့် အစိမ်းရောင်ပန်းများထိုးထားသော အင်္ကျီဝတ်ဆင်ထားသောလူ၏ လက်ဆစ်ကလေးသာ ဖြစ်ပေမည်။

ရုတ်တရက် လုံးဝေက ထင်းရှောင်အား သတိရလိုက်မိ၏။

အဘယ်ကြောင့်ဆိုသော် ထိုည မိမိရောက်သွားစဉ်က ထင်းရှောင်အား လိုက်ကာ၌ ရုတ်တရက် ပေါ်လာကာ ထိုအစိမ်းရောင်နှင့် အပြာရောင်ပန်းထိုးထားသော အင်္ကျီနှင့် တွေ့ခဲ့ရသည် မဟုတ်ပါလော။

ထို့ပြင် သူ၏လက်၌ အဝတ်ဖြင့်စည်းနှောင်ထားကာ ခား ကိသွားသည်ဟု ပြောခဲ့သည်မဟုတ်ပါလော။

လုံးဝေက ထိုသို့စဉ်းစားရင်းမှ ခေါင်းခါယမ်းမိပြန်သည်။

မဖြစ်နိုင်သေးပါချေ။

ထင်းရှောင်မှာ အဆင့်မြင့်သိုင်းသမားဖြစ်သည်။

မိမိအား ရှောဖ်ရိုပြောပြခဲ့သော စကား၌ ယို့လန်းမှာ သိုင်းပညာမတတ်ပါဟု ဆိုထားလေသည်။

ထို့ကြောင့် ယို့လန်းက ထင်းရှောင်အား ဓားနှင့်ခုတ်ခဲ့သည် ရှိသော်....

ထင်းရှောင်က ရှောင်တိမ်းနိုင်မည်သာ ဖြစ်၏။

လုံးဝေ၏ဦးနှောက်ထဲ၌ ပဟေဠိများဖြင့် ရှုပ်ထွေးနေလေသည်။

သူက ဆက်လက် မစဉ်းစားတော့ပါ။ သူ၏အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါအား နှိုက်ယူ၍ ထိုပြတ်နေသော လက်သန်းဆစ်ကလေးအား ထုပ်လိုက်သည်။

ထိုစဉ် အဘွားအိုက သူ့နောက်သို့ ရောက်ရှိလာသည်။

သူက လက်ကိုင်ပဝါထုပ်လေးအား ကပျာကယာဝှက်လိုက်၏။

အဘွားအိုက သူ့အား စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။



'မင်းဘာရှာနေတာလဲကွယ့်'

လုံးဝေက မျက်နှာမပျက်အောင် ထိန်းထားလိုက်သည်။ သူက အထစ်ထစ်အငေါ့ငေါ့ဖြင့်....

'ဘာ....ဘာမှမရှာပါဘူး'

အဘွားအိုက မျက်မှောင်ကြုတ်သွား၏။

'မင်းကလဲ ညာတတ်တာကိုး'

လုံးဝေ မျက်နှာဟန်ဆောင်ထားသည့်ကြားမှ ကွက်ခနဲ ပျက်သွားလေသည်။ သူက အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

မိုးဖွဲကလေးများကျဆင်းနေသည်ကို တွေ့လိုက်ရ၏။

လုံးဝေက....

'ကျွန်တော်....ကျွန်တော် ဒီနားမှာ မနေ့ညတုန်းက လိုက်ကာတစ်ခု တွေ့မိလို့ပါဘွားဘွား'

အဘွားအိုက သူ့အား ကြည့်လိုက်သည်။ သူမ၏အကြည့်မှာ အံ့သြသောအကြည့်မျိုးဖြစ်၏။

'မင်း ဘာတွေပြောနေတာလဲ၊ လိုက်ကာက မင်းအနားမှာလေ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တော့ဟုတ်ပါတယ်၊ ဒီလိုက်ကာမဟုတ်ဘူး'

အဘွားအိုက သူ့အား စိုက်ကြည့်လိုက်သည်။

'ဒီလိုက်ကာမဟုတ်ရင် ဘယ်လိုလိုက်ကာမျိုးလဲ'

လုံးဝေက....

'ကျွန်တော် တွေ့ခဲ့ရတဲ့ လိုက်ကာပေါ်မှာ ပန်းချီရေးဆွဲထားတယ်ဗျ'

အဘွားအိုက မျက်မှောင်ကြုတ်၍ မေးလိုက်ပြန်သည်။

'ဘယ်လိုပန်းချီကားမျိုးလဲကွယ့်'

လုံးဝေက....

'ကျွန်တော်တွေ့ခဲ့တဲ့ လိုက်ကာပေါ်မှာ မိကျောင်းတစ်ပိုင်း လူဘစ်ပိုင်းရုပ်ကို ဆွဲထားတာတွေ့ရတယ်'

အဘွားအို၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

လုံးဝေက စကားဆက်လိုက်၏။

'အဲဒီ မိကျောင်းတစ်ပိုင်း လူတစ်ပိုင်း သတ္တဝါက မိန်းကလေး တစ်ယောက်ကို ပွေ့ချီပြီးပြီ'



သူ၏စကားမဆုံးမီ အဘွားအို၏ခန္ဓာကိုယ် တုန်လှုပ်သွားသည်။

သူမက လုံးဝေ၏စကားအား လက်ကာ၍ ဟန့်တားလိုက်၏။

'တော်...တော်ပါတော့'

သူမ၏ဟန့်တားသံမှာ အသံများပင် တုန်ယင်နေသည်။

လုံးဝေက အလွန်အံ့အားသင့်သွားသည်။

ယင်း ပန်းချီကားအကြောင်း ပြောရုံနှင့် သူမက အဘယ့်ကြောင့် ဤမျှ ကြောက်ရွံ့တုန်လှုပ်သွားရပါသနည်း။

ဤသို့ဆိုလျှင် ယင်းပန်းချီကားမှာ လျှို့ဝှက်ချက် တစ်ခုကြိမ်းသေရှိနေမည်သာဖြစ်သည်။

လုံးဝေက ထို ပန်းချီကား အကြောင်း အဘွားအိုထံမှ စကားနှိုက်ယူရန် စဉ်းစားလိုက်၏။

ထိုအချိန် အဘွားအို၏အသံ ထွက်ပေါ်လာ၏။

'မင်းပြောတဲ့ပန်းချီကားမျိုး ဘွားဘွား တစ်ခါမှ မတွေ့မိပါဘူး'

လုံးဝေ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

ပန်းချီကားအကြောင်း အဘွားအိုထံမှစကားနိုက်ရန် မိမိက ကြံစည်မိခြင်းကို သူမက အကဲခတ်မိသွား၍လားမသိ။ ပန်းချီကားအား သူမက တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပါဟု ဆိုလာလေသည်။

လုံးဝေက ယင်းပန်းချီကားအကြောင်း ထပ်မံမေးမြန်းပါက လည်း အကြောင်းထူးမည်မဟုတ်ကြောင်း နားလည်လိုက်၏။

ထိုအချိန် အဘွားအိုက လက်နှစ်ဖက် ခါးပေါ်ထောက် လိုက်လေသည်။

'ကဲ....မင်းဘာကြည့်ချင်သေးလဲ'

သူမ၏မျက်နှာက အနည်းငယ်တင်းမာလာသည်။

လုံးဝေက ပခုံးတစ်ချက်တွန့်လိုက်၏။

သူက ပြုံးချိုသောမျက်နှာဖြင့်....

'အင်း....အဘွားတို့ခြံထဲကတော့ အတော့်ကို ထူးဆန်းတာပဲဗျာ၊ ကျွန်တော်ပြန်ပါတော့မယ်'

လုံးဝေက ယင်းသို့ ပြောပြီးသည်နှင့် အိမ်ခန်းထဲမှ လှည့်ထွက်လိုက်၏။

အပြင်ဘက်၌ မိုးရွာသွန်းခြင်း မရှိတော့ပါချေ။



အဘွားအိုက နောက်မှလိုက်လာသည်။

'ဒါနဲ့ မင်းနဲ့ ကျိယန်းတို့ လက်ထပ်တော့မယ်ဆို'

လုံးဝေ အနည်းငယ်အံ့သြသွား၏။

မိမိနှင့် ကျိယန်းတို့ လက်ထပ်မည့်ကိစ္စအား သူတို့ အတော်စိတ်ဝင်စားနေပါလားဟုလည်း စဉ်းစားမိလိုက်၏။

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်တို့ စီစဉ်နေပါတယ်'

အဘွားအိုက ခေါင်းညိတ်လိုက်သည်။

'ကျိယန်းဟာ လိမ္မာယဉ်ကျေးတဲ့ မိန်းကလေးတစ်ယောက်ကွယ့်၊ သခင်လေးယို့လန်းက မထိုက်လို့ အခုလို မင်းနဲ့လာပြီး ဖူးစာဆုံရတာပေါ့ကွယ်'

လုံးဝေက သူသိချင်နေသော အကြောင်းအရာတစ်ခုအား မေးလိုက်၏။

'ဒီကိစ္စနဲ့ပတ်သက်ပြီး သခင်မကလဲ ကန့်ကွက်ပါတယ်လို့ ကြားတယ်၊ ဟုတ်ရဲ့လားဗျာ'

အဘွားအိုက ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်ပါတယ်ကွယ့်'

လုံးဝေက ...

'ဘာဖြစ်လို့လဲခင်ဗျ'

အဘွားအိုက....

'သူတို့နှစ်ယောက်ရဲ့ စိတ်သဘောထားချင်း မတိုက်ဆိုင်လို့ နေမှာပေါ့ကွယ့်'

သူမက ဝမ်းနည်းသော လေသံဖြင့် ဆက်ပြောလိုက်ပြန်သည်။

'ကဲပါကွယ်၊ အခုမှ ဒါတွေ ပြောမနေပါနဲ့တော့'

လုံးဝေနှင့် အဘွားအိုတို့သည် စကား တပြောပြောနှင့် လမ်းလျှောက်လာကြရာ အနောက်ဘက် ခြံဝင်းအနီး တံခါးသို့ ရောက်ရှိလာကြ၏။

ခြံဝင်းတံခါးမှာ အတွင်းဘက်မှ မင်းတုပ်ချ၍ ပိတ်ထားသည်ကို တွေ့လိုက်ရ၏။

အဘွားအိုက မင်းတုပ်တံခါးအားဆွဲဖွင့်ပေးလိုက်၏။ လုံးဝေက အဘွားအိုအား ဦးညွှတ်၍နှုတ်ဆက်လိုက်၏။

'ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ'



သူက စကား ဆုံးသည်နှင့်တစ်ပြိုင်နက် ချာခနဲ လှည့်ထွက်ခဲ့လေသည်။

သူခြံဝင်းအပြင်သို့ ရောက်သောအခါ အဘွားအိုက တံခါးအား လျင်မြန်စွာ ပြန်လည်ပိတ်လိုက်သည်။

## ကွဲကြေခဲ့သော အတိတ်ကြေးမုံ

ရှောင်ရီသည် ဧည့်ခန်းထဲ၌ တစ်ဦးတည်း ငြိမ်သက်စွာ ထိုင်နေသည်။

သူက ငြိမ်သက်စွာ ထိုင်နေသော်လည်း သူ၏ရင်ထဲ၌ ပြင်းထန်စွာ လှုပ်ရှားတုန်ခါ နေလေသည်။

ဤသို့ လှုပ်ရှားတုန်ခါနေခြင်းမှာ....

ယို့လန် သေဆုံး၍လော....

လုံးဝမဟုတ်ပါချေ။

သူ၏ မျက်လုံးများက ရီဝေမှုန်မှိုင်းကာ အတိတ်ကဖြစ်ရပ်များအား ပြန်လည်မြင်ယောင် နေမိသည်။



‘ဩော်.... ရှမ်းကျင်း ရှမ်းကျင်း၊ ငါ့ဘဝ အသက်ရှင်နေသမျှ ကာလပတ်လုံး မင်းကို မမေ့နိုင်သေးပါဘူးကွာ’

ရှောင်ရီက နှုတ်မှ ယင်းသို့ တတွတ်တွတ် ပြောဆိုရင်းမှ မျက်လုံးအစုံကို မှိတ်ပစ်လိုက်လေသည်။

* * *

လုံ့တံရှောင်ရီ၊ ဓားသမား ထင်းတု၊ ရှမ်းကျဖါးတို့မှာ ငယ်သူငယ်ချင်းများ ဖြစ်ကြ၏။

ယနေ့သည် လုံ့တံရှောင်ရီနှင့် ရှမ်းကျင်းတို့၏ လက်ထပ်ပွဲနေ့ ဖြစ်သည်။ လုံ့တံရှောင်ရီ၏အပေါင်းအသင်းဆံ့မှုကြောင့်လည်း ကောင်း၊ ရှမ်းကျင်း၏ ယဉ်ကျေးသိမ်မွေ့မှုကြောင့် လည်း ကောင်း၊ နှစ်ဖက်မိဘတို့၏ ဂုဏ်ပကာသန ကြီးမားထည်ဝါမှု ကြောင့်လည်းကောင်း မင်္ဂလာပွဲတစ်ခုလုံး ကြက်ပျံမကျအောင် စည်ကားလှပေသည်။

လုံ့တံရှောင်ရီ၏ နှလုံးသားထဲ၌ စိုးယိုတ်စွာ အလွန်အမင်း တပ်မက်ခဲ့သော ရှမ်းကျင်းအား ရယူပိုင်ဆိုင်နိုင်သည့်အတွက်

ဝမ်းသာပျော်ရွှင်ဆုံး နေ့တစ်နေ့ဆိုလျှင်လည်း မှားမည်မထင်ပါချေ။

သူ၏ မျက်နှာတစ်ခုလုံး သကာရည် လောင်းထားသကဲ့သို့ ပြုံးချိုနေ၏။

ရှမ်းကျွင်း၏ မျက်နှာမှာမူ ဇာပဝါ အဖြူရောင် ဖုံးလွှမ်းထားသဖြင့် မမြင်နိုင်ပါချေ။

သူတို့၏မင်္ဂလာပွဲသို့ ဧည့်သည်များထင်းတုကလည်း တည်ငြိမ်စွာ တက်ရောက်ခဲ့သည်။

ယင်းအချိန်က လုံ့တံ ရွာရှင်ရှိသည် ကမ္ဘာပေါ်၌ မိမိလောက် ပျော်ရွှင်ရမည့်သူ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ဟု ထင်နေမိ၏။

သို့ဖြင့် မင်္ဂလာဦးညသို့ ရောက်ရှိခဲ့လေသည်။

* * *



လုံ့တံရွာဇီရှိ ဒယိမ်းဒယိုင်ဖြင့် အိပ်ခန်းတံခါးအား တွန်းဖွင့်၍ဝင်လိုက်သည်။

သူက အိပ်ခန်းထဲသို့ရောက်သည်နှင့် တစ်ပြိုင်နက် မင်္ဂလာခုတင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

သို့သော် မင်္ဂလာခုတင်ပေါ်၌ ရှမ်းကျွင်းက မရှိပါချေ။

'ညီမလေး....ညီမလေး'

သူက အော်ခေါ်လိုက်သည်။

ပည့်သည့်တုံ့ပြန်မှုမျှ မကြားရချေ။

ရှမ်းကျွင်းအား သူသည် သူငယ်ချင်းများက ဤနေရာသို့ ပို့ပေးခဲ့သည်မဟုတ်ပါလော။

တံခါးအား ပြန်ပိတ်ကာ အိပ်ခန်းတစ်ခုလုံးအား မျက်လုံးဝေ့၍ကြည့်လိုက်သည်။

ထိုအခါကျမှ သူကျောပေးထားသော နေရာရှိ မှန်တင်ခုံရှေ့၌ ရှမ်းကျွင်းထိုင်နေသည်ကို တွေ့ရှိလိုက်ရ၏။

ရွာဇီရိက ပြုံးလိုက်သည်။

ထို့နောက် သူမရှိရာသို့ လျှောက်သွားလေသည်။

'ညီမက ဒီမှာလာပြီး ထိုင်နေတာကိုး၊ မအိပ်သေးဘူးလား၊ အစ်ကို့ကို စောင့်နေတာလား'

ရှောင်ရိက ယင်းသို့ ပြောလိုက်သော်လည်း ရှမ်းကျင်းထံမှ တုံ့ပြန်မှုတစ်စုံတစ်ရာမျှ မရှိပါချေ။

သူက ပြုံးလိုက်သည်။

'ဩော်.... ညီမက အစ်ကိုမူးလာလို့ စိတ်ဆိုးနေတာကိုး၊ အေးကွာ....သူငယ်ချင်းတွေက အတင်းတိုက်လို့ သာ သောက်လာရတာပါ၊ ညီမလေးမကြိုက်ဘူးဆိုရင် နောက် ဘယ်တော့မှ မသောက်တော့ပါဘူးကွာ'

သူက တောင်းပန်ခယ၍ ပြောဆိုနေသော်လည်း ရှမ်းကျင်း က တုပ်တုပ်မျှ မလှုပ်ပါချေ။

ရှောင်ရိ၏မျက်ခုံးအနည်းငယ် ပင့်တက်သွားသည်။ သူက ရှမ်းကျင်း၏ မျက်နှာပေါ်မှ ဇာပဝါအား လှစ်ဟ၍ ကြည့် လိုက်သည်။

'ဟင်....'

သူ၏နှုတ်မှ လွတ်ခနဲအသံထွက်သွားသည်။

အကြောင်းမှာ ရှမ်းကျင်း၏ ချောမောသော မျက်နှာ ပေါ်၌ မျက်ရည်စီးကြောင်းနှစ်ခုက နေရာယူထား၍ ဖြစ်သည်။



ရှောင်ရိက ပျာပျာသလဲဖြစ်သွားသည်။

'ညီမလေး၊ ဘာ....ဘာဖြစ်လို့လဲ'

ရှမ်းကျင်းက မည်သည့်စကားမှပြန်မပြောပါချေ။

သူမ၏မျက်လုံးအိမ်မှ မျက်ရည်စီးကြောင်းများက အဆက် မပြတ် စီးဆင်းကျလာသည်။

ရှောင်ရိ၏ သောက်ထားသော အရက်များ လွင့်ပျံကွယ် ပျောက်သွား၏။

'ညီမရယ်၊ ငိုမနေပါနဲ့ကွာ၊ ဘာတွေစိတ်ဆင်းရဲသလဲဆိုတာ သာ ပြောပြပါ၊ အစ်ကို အားလုံးဖြစ်အောင် လုပ်ပေးပါ့မယ်'

ရှမ်းကျင်းက ထိုင်ရာမှ ဆတ်ခနဲထလိုက်သည်။ ထို့နောက် တစ်လုံးချင်းပြောချလိုက်သည်။

'ရှင်လုပ်ချင်တာတွေကိုလုပ်ပြီး အခုမှ ဘာမှလာပြောမနေနဲ့၊ မကြားချင်ဘူး'

ရှောင်ရိက အံ့ဩသွားသည်။

ရှမ်းကျင်းမှာ မည်သည့်အခါမျှ ဤသို့ ရင့်သီးစွာ မပြောဆို တတ်ပါချေ။

သူမသည် အလွန် နူးညံ့သိမ်မွေ့သော မိန်းကလေး ဖြစ် သည်။

ယခုမှာမူ ရှောင်ရိက လုံးဝမစဉ်းစားတတ်ပါချေ။

သူက ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် ရှမ်းကျင်း၏အသံက အေးစိမ့်စွာ ထွက်ပေါ်လာသည်။

'ရှင်ဟာ မိဘအားကိုးနဲ့ လုံတံရှောင်ရိဆိုတဲ့ နာမည်အရှိန်ကို အလွဲသုံးစားလုပ်ပြီး ကျွန်မကိုအရယူဖို့ ကြံစားခဲ့တဲ့လူ'

'မဟုတ်ဘူး'

ရှောင်ရိက ထအော်လိုက်သည်။

သူ၏နှလုံးသားများမှာ ဆူးခက်နှင့်ရိုက်နှက်နေသကဲ့သို့ စူးရှနာကျင်လွန်းလှပေသည်။

သူက ရှမ်းကျင်းအား မြတ်နိုး တွယ်တာစွာ၊ တိတ်တခိုး တွယ်တာခဲ့မိသည်မှာ နှစ်ပရိစ္ဆေဒ ကြာညောင်းခဲ့ချေပြီ။

သူမ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေခင်မင်မှုနှင့် လှပစွဲမက်ဖွယ်ရာ မျက်နှာလေးအား ရှောင်ရိရင်ထဲ၌ တရှိုက်မက်မက် လိုချင်တပ်မက်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့်လည်း သူ၏မိဘများအား ဖွင့်ဟ ပြောဆို၍ တောင်းရမ်းလက်ထပ်ခဲ့သည် မဟုတ်ပါလော။

ရှမ်းကျင်းတို့မိဘနှင့်မိမိတို့မိဘများမှာလည်း ခင်မင်ရင်းနှီးမှု ရှိနေကြသဖြင့် မင်္ဂလာရက်အား သတ်မှတ်၍ လက်ထပ်ခဲ့ကြသည်။



ထိုမင်္ဂလာရက်သတ်မှတ်ပြီးချိန်မှစ၍ ယနေ့ မင်္ဂလာဆောင်သည့် နေ့အထိ ရှောင်ရိ၏စိတ်ထဲ၌ မိမိလောက် ကမ္ဘာပေါ်၌ပျော်ရွှင်သောလူ မရှိပါဟု ထင်မှတ်ခဲ့မိလေသည်။

ယခုတွင်မူ သူ၏ရင်တွင်း၌ ကျေနပ်ပျော်ရွှင်ခဲ့သမျှ ဝေးလွင့် ပျောက်ကွယ်သွားခဲ့ရချေပြီ။

* * *

ရှောင်ရိ၏ရင်ထဲ၌ မီးဟုန်းဟုန်းတောက်သည့်အလား ပူပြင်းလောင်မြိုက်နေမိသည်။

သူက ရှမ်းကျင်းအား စိုက်ကြည့်လိုက်သည်။

ရှမ်းကျင်း၏ မျက်နှာမှ ပဝါအား ဖယ်ရှားလိုက်ပြီးဖြစ်၏။

သူမက အေးစက်မာကျောနေသော မျက်လုံးစိမ်းများဖြင့် ရှောင်ရိအား စိုက်ကြည့်နေသည်။

ရှောင်ရိက သူမအား စေ့စေ့ကြည့်လိုက်သည်။

'ညီမလေး မင်းမှားနေပြီ၊ ငါဟာ လှုံတံရှောင်ရီဆိုတဲ့ နာမည်ကို အလွဲသုံးစားလုပ်ဖို့ ဘယ်တုံးကမှ စိတ်ထဲမှာ မရှိခဲ့ဘူး'

သူက စကားဆက်လိုက်သည်။

'နောက်ပြီး ငါ့ရဲ့မိဘအားကိုးနဲ့ မင်းကိုယူခဲ့တာမဟုတ်ဘူး'

သူ၏အသံက တုန်ခါလာသည်။

'ငါ့ရဲ့ဘဝတစ်လျှောက်လုံးမှာ ဘယ်မိန်းမကိုမှ တစ်ကြိမ်တစ်ခါမှ မငြိတွယ်ဖူးတဲ့ သံယောဇဉ်နဲ့ မင်းကို ငြိတွယ်ခဲ့တာပါ၊ ငါ မင်းကို ရယူပိုင်ဆိုင်ဖို့ ကြိုးစားခဲ့မိတာကလဲ ငါ့ရဲ့ဘဝ ပြေငြိမ်းနိုင်ဖို့အတွက် လုံခြုံ ရွေးထွေးနိုင်မယ့် အိမ်ထောင်ရှင်မအဖြစ် မင်းကို....'

'တော်တော့....'

ရှမ်းကျင်း၏ စူးရှသောအော်သံက ရှောင်ရီ၏တစ်ကိုယ်လုံး တုန်လှုပ်သွားမိ၏။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် သူမအား မျက်လုံးပြူး၍ ကြည့်နေသည်။

ရှမ်းကျင်းက သူ့အား လက်ညှိုးထိုး၍....



'ရှင်....ရှင်ဟာ အတ္တဆန်တဲ့လူပဲ၊ ရှင့်ဘဝမှာ ပြေငြိမ်းနိုင်ဖို့အတွက် ကျွန်မကို အိမ်ထောင်ရှင်မတစ်ယောက်အဖြစ် ရွေးချယ်တယ် မဟုတ်လား'

သူမက မဲ့ပြုံးပြုံး၍ ဆက်ပြောလိုက်သည်။

'ကောင်းပြီလေ၊ ရှင့်ဘဝပြေငြိမ်းပေးနိုင်ဖို့ ကျွန်မကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်မယ်ဆိုခဲ့ရင် ကျွန်မ ကျေနပ် မကျေနပ် ဆိုတာကို ရှင်စဉ်းစားမိရဲ့လား'

သူမက မဲ့ပြုံးပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

ထို့နောက် စကားဆက်လိုက်၏။

'ရှင်မစဉ်းစားမိပါဘူး၊ လုံးဝကို မစဉ်းစားမိပါဘူး'

သူမက ပြောရင်းမှ တရှိုက်မက်မက် ငိုကြွေးလိုက်ပြန်လေသည်။

ရှောင်ရီက....

'ညီမအတွက် အစ်ကိုစဉ်းစားထားပါတယ်'

ရှမ်းကျင်းက မဲ့ပြုံးပြုံးလိုက်ပြန်သည်။

'ဘာတွေစဉ်းစားမိတာလဲ ဆိုစမ်းပါဦး'

ရှောင်ရိုက....

'ညီမဘဝတစ်လျှောက် မပူမပင် မကြောင့်မကြ နေနိုင်အောင် အစ်ကို့ရဲ့....'

ရှမ်းကျင်း၏အော်သံက စူးရှစွာ ထွက်ပေါ်လာပြန်သည်။
'ရှင့်ကို ဒါတွေပြောနေတာမဟုတ်ဘူး'

ရှောင်ရို ကြောင်အမ်းအမ်းဖြစ်သွား၏။

ရှမ်းကျင်း၏ အသံက မာကျောစွာ ထွက်ပေါ်လာပြန်သည်။

'ကျွန်မပြောချင်တာက ရှင့်ကို ကျွန်မက ကျေနပ်သလား မကျေနပ်ဘူးလား ဆိုတာကို စဉ်းစားခိုင်းတာရှင့်၊ အို....ရှင်းရှင်းပဲ ပြောမယ်၊ ကျွန်မ ရှင့်ကို ချစ်မချစ်ဆိုတာကို စဉ်းစားခိုင်းတာရှင့် သိပြီလား'

ရှောင်ရိုတစ်ကိုယ်လုံး တုန်ခါသွားသည်။

ရှမ်းကျင်းက ဆက်လက်ပြောလိုက်ပြန်သည်။

'အခု ကျွန်မဟာ မိဘတွေရဲ့ စကားကို မငြင်းဆန်ရဲလို့ လက်ထပ်လိုက်မိတဲ့ဘဝမှာ ကျွန်မနှလုံးသားတွေ တစ်သက်လုံး ကွဲကြေရတော့မယ်ရှင့်'

သူမက ပြောရင်းမှ ရှိုက်ငိုသံများ ရောယှက်လာသည်။



'ကျွန်မတင်မကဘူး၊ ကျွန်မချစ်သူမှာလဲ တစ်သက်လုံး ကြေကွဲ ဝမ်းနည်းနေရတော့မယ် သိလား'

ရှောင်ရို၏ ယောကျ်ားပီသ၍ခိုင်ခံ့မာကျောသောစိတ်ဓာတ်များ ပြိုယိုင်လဲခဲ့ရချေပြီ။

သူက အံကို တင်းတင်း ကြိတ်လိုက်ဆဲမှာပင် မျက်ဝန်းထောင့်မှ မျက်ရည်များက စီးဆင်းကျလာသည်။

ထိုအချိန် ရှမ်းကျင်းက မျက်ရည်ကိုသုတ်ပစ်လိုက်သည်။

'ကျွန်မ ရှင့်ကို တစ်ခုပြောပါရစေ'

ရှောင်ရိုက....

'ပြောပါ၊ မင်းဖြစ်စေချင်တာ အကုန်လုံး ငါလုပ်ပေးပါ့မယ်'

ရှမ်းကျင်းက အားစက်သော မျက်လုံးဖြင့် သူ့အား ကြည့်လိုက်သည်။

'ရှင် တကယ်လုပ်ပေးနိုင်ပါ့မလား'

ရှောင်ရိုက အံကိုတင်းတင်းကြိတ်လိုက်သည်။

'မင်းပြောပါ၊ ငါလုပ်ပေးနိုင်တာမှန်သမျှ အကုန်လုံး လုပ်ပေးပါ့မယ်'

ရှမ်းကျင်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ကျွန်မ ရှင်နဲ့ဝေးရာကို သွားခွင့်ပြုပါ'

'ဘာ'

ရှောင်ရိက ထိတ်လန့်အံ့သြစွာ ထအော်လိုက်မိသည်။

သူ၏နှုတ်ခမ်းများ တဆတ်ဆတ် တုန်ယင်လာ၏။

'မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး'

ဟူ၍လည်း ပေါက်ပေါက်ကွဲကွဲ အော်ပစ်လိုက်ချင်သည်။

သို့သော် သူက ထိုဆန္ဒအား ရင်ထဲ၌သာ သိုသိပ်သိမ်းဆည်းထားလိုက်၏။

ဖြစ်ပေါ်လာသော ဆန္ဒအား အတင်းမျိုသိပ် သိမ်းဆည်းရခြင်း၏ ထွက်ပေါက်အဖြစ် နှုတ်ခမ်းကို တင်းတင်းကြိတ်လိုက်လေသည်။

သူ့နှုတ်ခမ်းပေါက်၍ သွေးများစိမ့်ထွက်လာ၏။

ရှောင်ရိက သူမအား စိုက်ကြည့်လိုက်သည်။

ထို့နောက် တုန်ခါနေသောအသံအား ထိန်းရင်းမှ သူမအား တင်လုံးချင်း ပြောချလိုက်လေသည်။



'ညီမလေး၊ မင်းလိုချင်တဲ့ဆန္ဒတွေကို အဲဒီငါနဲ့ဝေးရာကို သွားခွင့်ပြုပေးဖို့ ဆိုတာကလွဲပြီး ကျန်တာအားလုံး ပြောပါ'

သူက စကားဆက်ပြောလိုက်သည်။

'ငါ့ဘဝမှာ မင်းမရှိရင် ဘာမှ မပြည့်စုံနိုင်ပါဘူး၊ မင်း ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ငါ့အနားက အဝေးကို ထွက်မသွားပါနဲ့'

သူက ပြောရင်းမှ အသံများတိမ်ဝင်သွားသည်။

'ဘာ ဘာဖြစ်လို့လဲ သိလား၊ မင်းကို ငါရူးသွပ်လောက်အောင် ချစ်ခဲ့မိလို့ပဲ'

သူသည် စကားဆုံးသွားသည်နှင့် ရှမ်းကျင်း၏ မျက်နှာအား စိုက်ကြည့်လိုက်၏။

ရှမ်းကျင်း၏မျက်လုံးထဲမှခက်ထန်တင်းမာမှုများအနည်းငယ်လျော့ပါးသွားသည်။

သူမက ရှောင်ရိအား စိုက်ကြည့်လိုက်သည်။

'ကောင်းပြီလေ၊ ကျွန်မ ရှင့်အနားက ထွက်မသွားတော့ပါဘူး'

ရှောင်ရိက အံ့သြဝမ်းသာသွား၏။

'တကယ်ပြောနေတာလားဟင်....'

ရှမ်းကျင်းက လက်ကာပြလိုက်သည်။

'နေပါဦး၊ ကျွန်မ ရှင့်အနားက ထွက်မသွားဘူး ဆိုပေမယ့်လဲ အတူတူတော့ မအိပ်စက်နိုင်ပါဘူး'

ရှောင်ရိက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ၊ ဒါဆိုရင် မင်းက ခုတင်ပေါ်မှာအိပ်၊ ငါက အိမ်ရှေ့ ဧည့်ခန်း....'

ရှမ်းကျင်းက မာကျောသော လေသံဖြင့် ဟန့်တားလိုက်ပြန်သည်။

'ကျွန်မ ဒီမှာကို မနေနိုင်ဘူး'

ရှောင်ရိ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။

'ဒါနဲ့ မင်းပြောတော့ ငါ့အနားက ထွက်မသွားဘူးဆို'

ရှမ်းကျင်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ လုံတံရှောင်ရိရဲ့ တရားဝင်မယား ဖြစ်ခဲ့ရပြီဆိုတော့ ရှင့်အနားက ကျွန်မ ထွက်မသွားပါဘူး၊ ဒါပေမယ့်



ကျွန်မ ဒီခြံရဲ့ အိမ်လေးတစ်လုံးထဲမှာ တစ်ယောက်တည်း နေထိုင်ပါရစေ'

ရှောင်ရိ၏နှလုံးသားများ နာကျင်စွာ ခံစားလိုက်ရ၏။

'ကောင်းပါပြီ၊ မင်းသဘောအတိုင်းပါပဲ'

ထို့နောက် သူက မင်္ဂလာဦးညမှာပင် ရှမ်းကျင်းအား သူမနေထိုင်မည့် ခြံဝင်းထဲရှိ အိမ်ကလေးရှိရာသို့ လိုက်ပို့ပေးခဲ့၏။

ရှမ်းကျင်းက အိမ်ထဲ ဝင်ရောက်မိသည်နှင့် တံခါးအား ဆောင့်၍ ပိတ်လိုက်သည်။

'ဝုန်း'

သူမက သူ့အား နှုတ်ပင်မဆက်ပါချေ။

ရှမ်းကျင်း၏ တံခါးပိတ်သံက သူ၏နှလုံးသားအား ပြင်းထန်စွာ တစ်စုံတစ်ခုနှင့် ရိုက်လိုက်သကဲ့သို့ နာကျင်စေလိုက်သည်။

ရှောင်ရိရင်ထဲမှ ကျိတ်၍ရေရွတ်လိုက်၏။

'ညီမလေးရယ် မင်း ငါ့ခံစားချက်တွေကို နားမလည်နိုင်သေးပါဘူး၊ ဘာပဲဖြစ်ဖြစ် မင်း နားလည်လာမယ့်နေ့တွေကို စောင့်နေပါမယ်၊ အဲဒီအခါကျမှ ငါ့ရဲ့ဘဝတွေကို မင်းရင်ခွင်မှာ လုံခြုံနွေးထွေးစွာနဲ့ နားခိုပါတော့မယ်'

ရှောင်ရိ၏မျက်လုံးအိမ်ထဲ၌ မျက်ရည်များဖြင့် စိုစွတ်နေ၏။ သူက အတွေးစကိုဖြတ်၍ အပြင်သို့ မျှော်မှန်းကြည့်လိုက်သည်။

အိမ်အပြင်ဘက်၌ မှန်းတည့်နေရောင်က ပူပြင်းစွာ တောက်ပနေချေပြီ။

ထို့အတူ ရှောင်ရိ၏ အတိတ်ကြေးမုံပြင်မှ ကွဲအက်ကြေမွခဲ့ရသော နှလုံးသားအိမ်မှာလည်း ပူပြင်းလောင်မြိုက်နေဆဲပင်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

ရှောင်ရိ၏ ကြေကွဲ ဝမ်းနည်းနေသော မျက်နှာမှာ ရှုတ်ခြည်းပင် တင်းမာသွားလေသည်။

သူက ထိုင်ရာမှထလိုက်ကာ အခန်းတွင်းသို့ ဝင်သွားခဲ့လေတော့သည်။

သွေးပျက်ဖွယ်ရာတိုက်ပွဲ

မိုးကောင်းကင်ဘစ်ခုလုံး တိမ်လိပ်တိမ်တိုက်များ လွင့်စဉ်ပျောက်ကွယ်သွားလေပြီ။

မိုးကောင်းကင်ပြင်တစ်ခုလုံး သာသာယာယာရှိနေ၏။

မွန်းတည့်ချိန် နေရောင်မှာ ကမ္ဘာမြေအား နွေးထွေးစွာ လွှမ်းခြုံထားသည်။

လေတစ်ချက် ဝေ့ယမ်းတိုက်ခိုက်လိုက်သဖြင့် သစ်ပင်များပေါ်မှ သစ်ခက်သစ်လက်တို့၌ တင်ကျန်ရစ်ခဲ့သော မိုးရေစက်မှုန်များက ဖွားခနဲ ကျဆင်းလာလေသည်။

လမ်းမကြီးတစ်ခုလုံး လူခြေတိတ်ဆိတ်လွန်းလှ၏။

မိုးရွာပြီးစ အေးချမ်းနေသော်လည်း လုံးဝေ၏ ရင်ထဲ၌ အနည်းငယ်မျှ အေးချမ်းသာယာမှု မရှိပါချေ။

သူ၏ ဦးခေါင်းတစ်ခုလုံး အတွေးများဖြင့် ရှုပ်ယှက်ခတ်နေ၏။

'ဟင်....ပန်းချီကားနဲ့ ပတ်သက်ပြီးတော့ ဘွားဘွားဟာ အတော်ထိတ်လန့်နေပုံပဲ၊ သူက ဒီပန်းချီရဲ့ လျှို့ဝှက်ချက်ကို သိနေရမယ်'

သူက ယင်းသို့စဉ်းစားရင်းမှ ရုတ်တရက် မနေ့ညက အပြာရောင် ပန်းနှင့် အစိမ်းရောင် ပန်းပွင့်အင်္ကျီအား ဝတ်ဆင်ထားသော လူအား သတိရလိုက်ပြန်သည်။

'အင်း....သူက ထင်းရှောင်များ ဖြစ်နေမလား'

မဖြစ်နိုင်သေးပါချေ။

အကယ်၍ ထင်းရှောင်ဖြစ်ခဲ့ပါက တစ်ပက်ခြံအိမ်ကလေးမှ အတန်ငယ်ဝေးသော ရှောင်ရိုတို့ခြံဝင်းရှိ အခန်းထဲသို့ လျှပ်တစ်ပြက် ရောက်ရှိနိုင်ပါမည်နည်း။

သူက အင်္ကျီအိတ်ထဲရှိ လက်ချောင်းပြတ်ကလေး ထုပ်ထားသော လက်ကိုင်ပဝါလေးအား စမ်းကြည့်လိုက်သည်။



ဤလက်ချောင်းပြတ်ကလေးမှာ ထင်းရှောင်၏ လက်ချောင်းကလေးများ ဖြစ်နေမည်လော။

ဤအကြောင်းကို ထင်းရှောင်သာ အသိနိုင်ဆုံးဖြစ်၏။

လုံးဝေက ထင်းရှောင်နှင့်တွေ့မှ မေးမြန်းရန် ဆုံးဖြတ်လိုက်၏။

သို့သော် ထင်းရှောင်က ဖြေပါမည်လော။

လုံးဝေက အတွေးများ ရှုပ်ယှက်ခတ်ရင်း လမ်းလျှောက်လာသည်။

ရုတ်တရက် သူက ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကြည့်လိုက်သည်။

ထိုအခါ လုံးဝေက ပြုံးလိုက်မိသည်။

အကြောင်းမှာ သူက အတွေးများဖြင့် ခြေဦးတည့်ရာ လျှောက်နေမိရာ ထင်းရှောင်တို့ခြံကိုပင် ကျော်လွန်သွားသည်ကို တွေ့ရှိလိုက်ရ၍ဖြစ်သည်။

လုံးဝေက ထင်းရှောင်တို့ခြံအား နောက်ပြန် လှည့်ကြည့်လိုက်၏။

ထင်းရှောင်တို့ခြံဝင်းမှာ မှုန်ပျပျဖြင့် နောက်တွင် ကျန်ရစ်ခဲ့ချေပြီ။

လုံးဝေက ခြေလှမ်းအားနောက်ပြန်လှည့်ရန်ပြင်လိုက်သည်။

ထိုအချိန် သူနှင့်အတန်ဝေးသောနေရာမှ လူတစ်စု ခြေလှမ်းသုတ်သုတ်ဖြင့် လျှောက်လာနေကြသည်ကို တွေ့လိုက်ရ၏။

လုံးဝေက ထိုလူစုအား သူ၏ စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လိုက်၏။

သူသည် အလွန်ရင်ထိတ်သွား၏။

အကြောင်းမှာ ထိုလူစုကို ရှေ့ဆုံးမှ ဦးဆောင်လာသော လူမှာ ထောက်လှမ်းရေးမှူး ထိန်ဟုန်ပင်ဖြစ်၏။

လုံးဝေက အရေးကြီးသောကိစ္စ တစ်စုံတစ်ရာ ဖြစ်ပေါ်ပြီဟု နားလည်လိုက်၏။

သူကြည့်နေစဉ်မှာပင် ထိုလူစုက မနီးမဝေးသို့ ရောက်ရှိလာ၏။

'လုံးဝေ'

ဟု လှမ်းအော်လိုက်၏။



ထိန်ဟုန်မှာ လုံးဝေအား မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် ခြေလှမ်းအား ပိုမို၍ လျင်မြန်စွာ လျှောက်လိုက်၏။

လုံးဝေမှာ သူတို့အား ရပ်၍ စောင့်နေလိုက်၏။

ထိန်ဟုန်၏နောက်ဘက်၌ အဘိုးအိုတစ်ယောက်အား အသားအားသား ခြောက်ယောက် ခုနစ်ယောက်ခန့်က ခြံရံ၍ ပါရှိလာ၏။

* * *

မွန်းတည့်နေ....

မွန်းတည့်နေက ခြစ်ခြစ်တောက်ပူလောင်နေ၏။

လေပြင်းတစ်ချက် ဝေ့ယမ်းတိုက်ခတ်လိုက်သည်။

လုံးဝေမှာ နေမင်း၏ အပူရှိန်ကိုလည်း ဂရုမစိုက်နိုင်အားပါချေ။

လေပြင်းတစ်ချက် ဝေ့ယမ်း တိုက်ခတ်လိုက်သည်ကိုလည်း မခံစားနိုင်သေးပါချေ။

သူက ထိန်ဟုန်တို့လူစုအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ထိုအချိန် ထိန်ဟုန်က ခြေလှမ်းကျဲကျဲဖြင့် လုံးဝေ၏အနီးသို့ ရောက်ရှိလာ၏။

'မင်းကိုတွေ့လိုက်ရတာ သိပ်အဆင်ပြေသွားတာပဲကွာ၊ နို့မို့ဆို ငါ မင်းဆီလာတော့မလို့ကွ'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ'

ထိန်ဟုန်က....

'မင်းပြောတာ ဟုတ်တယ်ကွ'

လုံးဝေက ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဟ....မင်းကလဲ အရင်းမရှိအဖျားမရှိ ဘာဟုတ်တာလဲကွ'

ထိန်ဟုန်က....

'မင်းပြောတဲ့ လူထူးလူဆန်းဆိုတာလေ၊ အခု ထွက်ပေါ်နေပြန်ပြီကွ'

လုံးဝေ၏ မျက်လုံးအစုံ ဝင်းလက်တောက်ပလာ၏။



'ဘယ်မှာလဲကွ'

ထိန်ဟုန်က....

'အလောင်းသားတွေနေရာမှာကွ'

လုံးဝေ၏ မျက်ခုံးနှစ်ဖက် ကုပ်ဝင်သွား၏။

'အလောင်းထားတဲ့ ဂေဟာဆိုတာ ဘယ်မှာလဲ'

ထိန်ဟုန်က....

'အနောက်ဘက်စူးစူးမှာ'

လုံးဝေက....

'ဒါနဲ့ လူထူးလူဆန်းကို ဘယ်တုံးကတွေ့လိုက်တာလဲ'

ထိန်ဟုန်က....

'မနေ့ညက'

လုံးဝေက....

'ဘယ်သူကတွေ့တာလဲ'

ထိန်ဟုန်မှာ သူတို့နှင့် အတူပါရှိလာသော အဘိုးအိုအား ညွှန်ပြလိုက်၏။

'သူပေါ့၊ သူက အလောင်းထားတဲ့ဂေဟာကို စောင့်တဲ့လူပေါ့'

လုံးဝေက....

'သူ့နာမည်က....'

ထိန်ဟုန်က....

'အာဝှီးပါ'

လုံးဝေက အာဝှီးဘက်သို့ ကြည့်လိုက်သည်။

'ပြောစမ်းပါဦးဗျာ ဘယ့်လိုဖြစ်တာလဲ'

အာဝှီးက ရှင်းပြလိုက်သည်။

'မနေ့ညက ကျုပ်အိပ်ပျော်နေတုန်း ဝုန်းဆိုတဲ့အသံ ကြားလိုက်ရတယ်လေ၊ ကျုပ်က အလောင်းတွေ ထလာတယ်ထင်ပြီး လန့်သွားတယ်'

သူက ဆက်ပြောလိုက်၏။

'ကျုပ်လဲ ကြောက်ပေမယ့် သိချင်လွန်းလို့ ထကြည့်လိုက်တယ်လေ'

လုံးဝေက....



'နောက်တော့ကော ဘာတွေ့သလဲ'

အာဝှီးက....

'နောက်တော့ ခမောက်ဆောင်းထားတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်၊ သူက ခေါင်းတစ်လုံးယူလာတယ်'

လုံးဝေနှင့် ထိန်ဟုန်အပါအဝင် ကျန်လူအားလုံး အာဝှီးအား အာရုံစိုက်၍ ကြည့်နေကြသည်။

အာဝှီးက စကားဆက်လိုက်၏။

'သူယူလာတဲ့ခေါင်းထဲမှာ အလွန်လှပတဲ့ အမျိုးသမီးပန်းပုရုပ်တုတစ်ခုပါလာတယ်၊ အဲဒီရုပ်တုက စကားပြောနိုင်တာကို အံ့သြစရာ တွေ့ရတယ်ဗျ'

လုံးဝေက ကြားဖြတ်မေးလိုက်သည်။

'ဒါနဲ့ ခင်ဗျား သူ့မျက်နှာကို သေသေချာချာတွေ့မိလိုက်သလား၊ တွေ့မိရင် ကျုပ်ကို ပုံစံပြောပြစမ်းပါ'

အာဝှီး၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

သူက ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် တုန်ယင်သောလေသံဖြင့် ဆက်ပြောလိုက်၏။

'သူ...သူ့မျက်နှာမှာ အကွက်အကွက်တွေနဲ့ ပြည့်နေပါတယ်၊ နောက်ပြီး လက်နှစ်ဖက်မှာလဲ မီးကျောင်းအရေခွံတွေပဲ တွေ့ရပါတယ်၊ နောက်ပြီး....'

လုံးဝေက ကြားဖြတ်မေးလိုက်ပြန်သည်။

'သူက ခင်ဗျားကို ဘာလုပ်သေးလဲ'

အာဝုဏ်း၏ခန္ဓာကိုယ် တုန်တုန်ယင်ယင်ဖြစ်သွားသည်။

'သူက ကျုပ်ကို သတ်မလို့နဲ့တူပါတယ်၊ ကျုပ်လဲ ကြောက်လွန်းလို့ သတိမေ့သွားတယ်ဗျ'

သူက ယင်းသို့ ပြောနေရင်းမှ ကြောက်ရွံ့တုန်လှုပ်နေမိ၏။

ထိန်ဟုန်က ကြားဖြတ်ပြောလိုက်သည်။

'သူသတိရလာတော့ နေတောင်ထွက်နေပြီလေ'
လုံးဝေက စဉ်းစားလိုက်သည်။

အတန်ကြာတော့မှ....

'ဒါနဲ့ ခင်ဗျားသတိရလာတော့ လူထူးလူဆန်း ရှိသေးရဲ့လား'

အာဝုဏ်းက ခေါင်းခါယမ်းလိုက်၏။



'ကျုပ်သတိရလာတော့ သူမရှိတော့ပါဘူး'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့် ခေါင်းရောရှိသေးလား'

အာဝုဏ်းက....

'ခေါင်းကတော့ ထားပစ်ခဲ့ပါတယ်'

လုံးဝေက....

'ဒါဖြင့် ခင်ဗျားက ထိန်ဟုန်ဆီကို သွားပြီး အကြောင်းကြားတာပေါ့ ဟုတ်လား'

အာဝုဏ်းက....

'ဟုတ်ပါတယ်'

လုံးဝေက....

'အလောင်းဂေဟာနဲ့ ဒီနေရာက ဘယ်လောက်ဝေးသလဲ'

အာဝုဏ်းက....

'ခြေလှမ်းမြန်မြန်လျှောက်ရင်တော့ ရေနွေးတစ်အိုးကျက်ချိန်လောက်ဆိုရင် ရောက်ပါပြီ'

လုံးဝေက ထိန်ဟုန်အား လှမ်းကြည့်လိုက်သည်။

'ကဲ...ငါတို့ သွားကြည့်ကြရအောင်'

ထိန်ဟုန်က ခေါင်းညိတ်ပြလိုက်သည်။

ထို့နောက် သူတို့အားလုံး၏ခြေလှမ်းအား အနောက်စူးစူးရှိ အလောင်းဂေဟာသို့ တစ်ပြိုင်နက်တည်း လှည့်၍ ခြေလှမ်းသွက်သွက် လှမ်းလိုက်လေတော့သည်။

* * *

လုံးဝေနှင့် ထိန်ဟုန်အပါအဝင် လူအားလုံးတို့မှာ လမ်းခရီးတစ်လျှောက် မရပ်မနားဘဲ ခရီးဆက်လာကြသည်။

အတန်ကြာသောအခါ....

အာဝုဒ်းပိုင်ဆိုင်သော အလောင်းဂေဟာသို့ ရောက်ရှိလာကြ၏။

အလောင်းဂေဟာသို့ ရောက်သည်နှင့် တစ်ပြိုင်နက် လုံးဝေက စတင်ဝင်ရောက်လိုက်သည်။



သူ့နောက်မှ ထိန်ဟုန်တို့လူစုက လိုက်ပါလာသည်။

မှန်းတည့်ချိန်ဖြစ်သဖြင့် နေမင်းမှာ အစွမ်းကုန် ပူပြင်းနေဆဲပင်။

သို့သော် အလောင်းဂေဟာ တစ်ခုလုံးမှာ အေးစိမ့်၍ ကြောက်ရွံ့ဖွယ်ရာ ကောင်းလှပေသည်။

သူတို့အားလုံး အခန်းထဲသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် အနံ့အသက်တစ်ခုက သူတို့၏နှာခေါင်းထဲသို့ စတင်ဝင်ရောက်လာသည်။

အနံ့အသက်မှာ မွှေးလည်းမမွှေး၊ နံလည်းမနံပါ။

သို့ရာတွင် မည်သည့်အနံ့နှင့်မျှ မတူဘဲ အော်ဂလီဆန်ချင်စရာ အနံ့မျိုး ဖြစ်သည်။

လုံးဝေ၊ ထိန်ဟုန်နှင့် ကျန်လူအားလုံးတို့မှာ နှာခေါင်းရှုံ့၍ အသက်ရှူခက်နေကြ၏။

သို့သော် အာဝုဒ်းတစ်ယောက်မှာမူ ထိုအနံ့အသက်များအား ကျင့်သားရရှိနေပြီဖြစ်သဖြင့် မည်သည့်ခံစားမှုမှ မရှိပါချေ။

ထိန်ဟုန်က လုံးဝေအား ကြည့်လိုက်သည်။

‘ဒါက ဘာနံ့လဲဗျ’

လုံးဝေက ..

‘လူသေနံ့နေမှာပေါ့၊ ကျုပ်လဲ သိပ်မသိဘူး’

အာဝှီးက နှာခေါင်းတရှုံ့ရှုံ့လုပ်ရင်းမှ ..

‘ကျုပ်တော့ ဘာအနံ့မှမရပါလား’

ထိန်ဟုန်က ထအော်လိုက်သည်။

‘ဟာ...ကျုပ်သိပြီဗျို့၊ ဒါဟာ ခေါင်းခွံအနံ့ပဲ’

လုံးဝေက ခေါင်းအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

တချို့ခေါင်းများမှာ သစ်လွင်နေ၏။

တချို့ခေါင်းများမှာမူ ညှိနေရာ၌ ဟောင်းနွမ်း၍ အတန်ကြာနေသည့်ပုံ ရှိသည်။

ခေါင်းများကို တစ်လုံးချင်း ကြည့်နေသော လုံးဝေက ခေါင်းတစ်ခုဆီသို့အရောက် မျက်လုံးရပ်တန့်သွား၏။

သူက အာဝှီးအား ထိုခေါင်းအား ညွှန်ပြလိုက်၏။



‘ခင်ဗျားပြောတဲ့ လူထူးလူဆန်း ယူလာတဲ့ ခေါင်းဆိုတာ ဒီခေါင်းပဲမဟုတ်လား’

အာဝှီးက ခေါင်းညိတ်လိုက်၏။

‘ဟုတ်ပါတယ်’

လုံးဝေက ထိန်ဟုန်ဘက်သို့ လှည့်ကြည့်လိုက်၏။

‘ဟုတ်ပြီ ကျုပ်ပြောတာ ဒီခေါင်းပဲဗျ’

ထိန်ဟုန်က အာဏာသားဘက်သို့ လှည့်လိုက်သည်။

ထို့နောက် ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

အာဏာသားများ ခေါင်းရှိရာသို့ တိုးသွား၏။

သူတို့လက်ထဲ၌ ဓားကိုယ်စီ ကိုင်ဆောင်ထားလေသည်။

သူတို့၏မျက်လုံးအစုံက ခေါင်းအား စူးစိုက်၍ ကြည့်နေကြလေသည်။

* * *

**ခေါင်း၏အဖုံးမှာ လုံခြုံစွာ ပိတ်ထားခြင်း မရှိပါချေ။**

အနည်းငယ် ဟနေသဖြင့် အာဝှီး၏ မျက်လုံးအစုံမှာ အံ့သြပြူးကျယ်သွား၏။

'ဟာ....'

သူက အလန့်တကြား ထအော်လိုက်သည်။

ခြေလှမ်းလှမ်းနေကြသော အာဏာသားများ၏ ခြေလှမ်းတို့ ခနဲ ရပ်တန့်သွားသည်။

လုံးဝေ၊ ထိန်ဟုန်နှင့် အာဏာသားအားလုံးက အာဝှီးအား လှမ်းကြည့်လိုက်သည်။

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဘာဖြစ်လို့လဲ အာဝှီး'

အာဝှီးက မျက်လုံးကြီးပြူး၍ ခေါင်းအား လက်ညှိုးထိုးပြလိုက်သည်။

'ကျုပ် ထွက်သွားတုန်းက ဒီခေါင်းက ဒီလိုမဟုတ်ဘူးဗျ'

လုံးဝေက သူ့စကားကြောင့် တွေဝေသွား၏။

'ဒီလိုမဟုတ်ရင် ဘယ်လိုရှိနေလို့လဲ'



အာဝှီးက....

'အဖုံးသေသေချာချာပိတ်ထားတယ်၊ ဒီလိုဟာမနေဘူး'

လုံးဝေနှင့် ထိန်ဟုန်တို့မှာ အနည်းငယ် တွေဝေသွား၏။

အာဝှီးပြောသလိုဆိုပါက မည်သူက ဤခေါင်းအား လာရောက် ဖွင့်သွားပါသနည်း။

ခေါင်းထဲမှရုပ်တုက ရှိပါသေး၏လော။

အာဏာသား ရှစ်ယောက်တို့မှာ နဂိုကပင် အထိတ်ထိတ် အလန့်လန့်ဖြင့် လိုက်ပါလာခဲ့ခြင်းဖြစ်သည်။

အာဝှီးက ယခုကဲ့သို့ ပြောလိုက်သောအခါ သူတို့အားလုံး ကျောချမ်းသွားကြလေသည်။

ထိုအချိန်....

'ညောင်'

ကြောင်တစ်ကောင်၏ စူးရှပြီး ဆွဲဆွဲငင်ငင် အော်သံအား ကြားလိုက်ရ၏။

ယင်းအသံမှာ ခေါင်းထဲမှ ထွက်ပေါ်လာသော အသံပင်ဖြစ်သည်။

လုံးဝေက ရင်ထိတ်သွား၏။

ထိန်ဟုန်နှင့် အာဏာသားများ၏ မျက်နှာများမှာ ကွက်ခနဲ ပျက်သွားကြသည်။

'ညောင်'

ကြောင်အော်သံက ထပ်မံ ထွက်ပေါ်လာပြန်သည်။

ယင်း အော်သံနှင့်အတူ ခေါင်း၏ အဖုံးမှာ ရုတ်တရက် အပေါ်သို့ မြောက်တက်လာသည်။

ထို့နောက် လုံးဝေရှိရာသို့ ပစ်လွင့်လာလေသည်။

လုံးဝေမှာ အတွင်းအားကို လက်သီး၌စုစည်းလိုက်၏။

ထို့နောက် ပစ်လွင့်လာသော ခေါင်းအဖုံးအား လက်သီးဖြင့် ထိုးချလိုက်လေသည်။

'ယား'

'ဝုန်း'

ခေါင်း၏အဖုံးမှာ မြေပြင်ပေါ်သို့ လွင့်စဉ်ကျသွားသည်။

ထိုစဉ်မှာပင် အလွန်ကြီးမားသော ကြောင်နက်တစ်ကောင်က ခေါင်းထဲမှ ခုန်ထွက်လာသည်။



ယင်းနောက် ထိုကြောင်နက်ကြီးက တခြား ခေါင်းများပေါ်သို့ ခုန်၍ကူးကာ ထွက်ပြေးသွားလေသည်။

လုံးဝေမှာ ထိုကြောင်နက်ကြီးကို မြင်တွေ့လိုက်သည်နှင့် ညတုန်းက တွေ့ခဲ့သော ကြောင်နက်ကြီးအား သတိရမိလိုက်၏။

သူက ထိန်ဟုန်အား လှည့်ကြည့်လိုက်၏။

ထိန်ဟုန်ကလည်း သူ့အား လှည့်ကြည့်လိုက်လေသည်။

ထို့နောက် သူတို့နှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြ၏။

လုံးဝေက ...

'ဒီကြောင်နက်ကြီးကို မင်းသိတယ်မဟုတ်လား'

ထိန်ဟုန်က တစ်စုံတစ်ခုအား ပြောရန် ပါးစပ်ပြင်လိုက်၏။

ထိုအချိန်မှာပင် ရုတ်တရက် ခေါင်းထဲမှ ကျိုယန်း၏ ပုံတူရုပ်က ဝေါက်ခနဲ မတ်တတ်ရပ်လိုက်၏။

'အောင်မယ်လေးဗျ'

အာဏာသားများ၏ အထိတ်တလန့်အော်သံက အလောင်းဂေဟာလေးတစ်ခုလုံး ဆူညံစွာထွက်ပေါ်လာ၏။

သူတို့၏ခြေလှမ်းများ နောက်သို့ ဆုတ်သွားကြသည်။

မျက်နှာများမှာလည်း သွေးရောင်ပင် မရှိပါချေ။

အာဝုဓ်း၏ တစ်ကိုယ်လုံးမှာလည်း တဆတ်ဆတ် တုန်ခါနေသည်။

'ဟီး....ဟီး....ဟီ'

ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ရယ်မောသံတစ်ခုက ခေါင်းထဲမှ ထွက်ပေါ်လာပြန်သည်။

အာဝုဓ်းနှင့် အာဏာသားတို့မှာ ပိုမိုထိတ်လန့် တုန်လှုပ်သွားကြ၏။

သူတို့မှာ ကြောက်ရွံ့လွန်း၍လားမသိ။

ဒူးခေါင်းများ ညွတ်ကွေး၍ကျသွား၏။

လုံးဝေက ယင်းရုပ်တုအား မျက်တောင်မခတ် စိုက်ကြည့်နေသည်။

သူက အံကို တင်းတင်းကြိတ်ကာ လက်သီးနှစ်ဖက်အား ကျစ်ကျစ်ပါအောင် ဆုပ်ထားလေသည်။

ထိန်ဟုန်ကလည်း ယင်းရုပ်တုအား စိုက်ကြည့်လိုက်၏။



သူ၏ လက်နှစ်ဖက်မှာလည်း ခါးမှ သံကြိုးအား အသင့် ဆုပ်ကိုင်ထားသည်။

'ဟီး....ဟီး....ဟီး'

ရုတ်တရက် ရယ်မောသံ ထပ်မံထွက်ပေါ်လာပြန်သည်။

ယခုတစ်ကြိမ်မှ ယင်းရယ်မောသံ မည်သည့်နေရာမှ ထွက်ပေါ်လာသည်ကို သေချာစွာသိလိုက်မိ၏။

ရယ်မောသံမှာ ရုပ်တုမှ ထွက်ပေါ်နေခြင်း မဟုတ်ပါချေ။

ရုပ်တုရှိရာခေါင်းထဲမှ ထွက်ပေါ်နေခြင်း ဖြစ်သည်။

မည်သူက ခေါင်းထဲ၌ ပုန်းအောင်းနေပါသနည်း။

လုံးဝေက လှမ်းအော်လိုက်သည်။

'ဟေ့....ခေါင်းထဲက ဘယ်သူလဲ၊ ထွက်ခဲ့စမ်း'

'ဟီး....ဟီး....ဟီး'

တုန်လှုပ်ချောက်ချားဖွယ်ရာ ရယ်မောသံကြီးက ဆက်လက် ထွက်ပေါ်နေဆဲပင်။

ထိန်ဟုန်က အော်လိုက်ပြန်သည်။

'ဟေ့....ကြောင်တောင်တောင် လုပ်မနေနဲ့၊ ထွက်ခဲ့စမ်း'

'ဟီး....ဟီး....ဟီး'

ခေါင်းထဲမှ ရယ်မောသံကြီးကိုသာ ဆက်လက်ကြားနေရ၏။

မည်သူတစ်စုံတစ်ယောက်မှ ထွက်မလာပါချေ။

လုံးဝေကလည်း ရှေ့သို့ ခြေနှစ်လှမ်းတိုးလိုက်သည်။

ထိုအချိန် ခေါင်းထဲမှအသံက ထပ်မံ ထွက်ပေါ်လာပြန်သည်။

'ဟီး.. ဟီး ...ဟီး....လာလေ လာပါ၊ ဟီး....ဟီး....ဟီ....'

လုံးဝေက ရင်ထိတ်သွား၏။

ထိန်ဟုန်မှာလည်း ကျောချမ်းသွား၏။

သူက အံကိုတင်းတင်းကြိတ်၍ ရှေ့သို့ တစ်လှမ်းတိုးလိုက်ပြန်လေသည်။

'ဟေ့ ထွက်ခဲ့လို့ပြောနေတာ မကြားဘူးလား'

သူက အော်ဟစ်လိုက်သော်လည်း အသံမှာ အနည်းငယ်တုန်ခါနေလေသည်။



သူ၏စကားဆုံးသည်နှင့် တစ်ပြိုင်နက် ခေါင်းထဲမှ လူတစ်ယောက် မတ်တတ်ရပ်လိုက်လေသည်။

ထိုသူ၏အရပ်မှာ ရှပ်တုပခုံးမျှသာရှိသည်။

သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်နေ၏။

နှာခေါင်းမှာ ပြား၍ ပါးစပ်ဝိုင်း၏။

မျက်နှာကြီးမား၍ ခန္ဓာကိုယ်မှာ အလွန်ဝသည်။

သူ၏အသက်မှာ တစ်ဆယ့်လေး တစ်ဆယ့်ငါးနှစ်ခန့်သာရှိသေးသည်။

ပါးနှစ်ဖက်စလုံးမှာလည်း ဖောင်းနေသည်။

ထို ဖောင်းနေသော ပါးနှစ်ဖက်မှာ မိတ်ကပ်ဆေးဆိုးသားသဖြင့် နီရဲနေသည်။

ထို့ပြင် သူဝတ်ဆင်ထားသော အင်္ကျီမှာလည်း နီရဲနေ၏။

အင်္ကျီ၏ရင်ဘတ်ပေါ်၌ အနီရောင်ပန်းပွင့်ကြီး ထိုးထားလေသည်။

သူ၏ လက်ကောက်ဝတ်နှင့် ခြေထောက်မှာလည်း ခြူများတပ်ဆင်ထား၏။

ထို့ကြောင့် သူ၏ခန္ဓာကိုယ်အား လှုပ်ရှားလိုက်သောအခါ တခြိမ်းခြိမ်းမြည်နေလေသည်။

လုံးဝေက ထိုလူငယ်အား တစ်ကြိမ်တစ်ခါမျှ မမြင်တွေ့ခဲ့ဖူးပါချေ။

ထိန်ဟုန်ကလည်း မသိပါချေ။

ထို အနီရောင် ဝတ်ဆင်ထားသော လူငယ်မှာ လုံးဝေနှင့် ထိန်ဟုန်တို့အား မြင်တွေ့လိုက်သောအခါ သူ၏ပါးစပ်ဝိုင်းဝိုင်းကြီးအား ဖြဲ၍ ပြုံးပြလိုက်၏။

ထိန်ဟုန်က အဘယ်ကြောင့်မှန်းမသိ။ သူ့အား ကြည့်၍ ကျောချမ်းသွားလေသည်။

သူက စိတ်ကိုတင်းလိုက်၏။

'ဟေ့ကောင်၊ မင်းလူလား သရဲလား'

အနီရောင် ဝတ်ဆင်ထားသော လူကလည်း သူ့အား ပြုံးဖြဲပြုံးကြည့်ရင်းဖြင့်....

'ဟေ့ကောင်၊ မင်း လူလား သရဲလား'

ဟု ပြန်ပြောလိုက်၏။

ထိန်ဟုန်၏မျက်နှာ ကွက်ခနဲပျက်သွား၏။



သူက အနီရောင်ဝတ်ဆင်ထားသူအားစိုက်ကြည့်လိုက်သည်။

'ငါမေးတာကို ဖြေပါ'

အနီရောင် ဝတ်ဆင်ထားသူကလည်း....

'ငါမေးတာကို ဖြေပါ'

ဟု ပြန်လည်ပြောလိုက်သည်။

ထိန်ဟုန်က စိတ်မရှည်တော့ပါ။

သူက လေသံတင်းမာစွာဖြင့်....

'ကဲ မင်းငါမေးတာကိုမပြောရင် ဖမ်းချုပ်ရမှာပဲ'

သူက စကားဆုံးသည်နှင့်တစ်ပြိုင်နက် ရှေ့သို့ ခြေလှမ်းတိုးရန် ပြင်လိုက်၏။

အနီရောင်ဝတ်ဆင်ထားသူမှာ ပြုံးဖြဲဖြဲနှင့်လုပ်နေရာမှ သူ၏မျက်နှာက ထိတ်လန့်တုန်လှုပ်ဟန်ဖြင့် အသံကုန် အော်ဟစ်လိုက်၏။

'အောင်မယ်လေး လုပ်ကြပါဦးဗျ'

သူ၏အော်သံမှာ အလောင်းဂေဟာတစ်ခုလုံးအား ဟိန်းထွက်သွား၏။

ယင်းအသံကြောင့် အာဝုဓ်နှင့် အာဏာသားရှစ်ယောက်တို့၏ ရင်ထဲ၌ တုန်လှုပ်ချောက်ချားသွားကြ၏။

ထိန်ဟုန်မှာလည်း လှမ်းနေသောခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားမိသည်။

သူက ဒေါသဖြစ်လာ၏။

ထို့ကြောင့် အနီရောင်ဝတ်ဆင်ထားသောလူအား ဖမ်းရန် ခြေလှမ်းထပ်မံလှမ်းလိုက်ပြန်သည်။

အနီရောင်ဝတ်စုံဝတ်ဆင်ထားသူက လက်နှစ်ဖက်ကိုပါးစပ်၌ကာရံ၍ အသံကုန် ဟစ်အော်လိုက်ပြန်သည်။

'အမေရေ သရဲဖမ်းတဲ့လူကြီးဗျ'

သူက ယင်းသို့ အော်ဟစ်ပြောဆိုရင်းမှ နောက်သို့ ချာခနဲ လှည့်လိုက်လေသည်။

ထို့နောက် ကျွမ်းတစ်ပတ်ပစ်လိုက်ရာ တခြားခေါင်းတစ်ခုသို့ ရောက်ရှိသွားလေတော့သည်။

'မပြေးနဲ့'

ထိန်ဟုန်က ယင်းသို့ အော်ဟစ်ရင်းမှ အသင့်ကိုင်ဆောင်ထားသော သံကြိုးဖြင့် ထိုသူငယ်၏ ခြေထောက်အား ရစ်ပတ်လိုက်၏။



'အောင်မယ်လေး သေပါပြီဗျ'

အနီရောင် ဝတ်ဆင်ထားသောလူငယ်က ယင်းသို့ အော်ဟစ်ရင်း တခြားခေါင်းတစ်လုံးပေါ်သို့ ခုန်သွားပြန်၏။

လုံးဝေအပါအဝင် အာဏာသား ရှစ်ယောက်က အုံအားသင့်သွား၏။

ထိန်ဟုန်၏ သံကြိုးရစ်ပတ်မှုတိုင်း၌ ရာဇဝတ်သား အများအပြားမှာ ဖမ်းချုပ်ခံခဲ့ကြရသည်။

ယခု အနီရောင်ဝတ်ထားသော သူငယ်မှာမူ ထိန်ဟုန်၏ တိုက်ခိုက်မှုအား အလွယ်တကူ ရှောင်တိမ်းနိုင်ခဲ့လေသည် မဟုတ်ပါလား။

ထိန်ဟုန်က မဲ့ပြုံးပြုံးလိုက်၏။

'ဘယ်ဆိုးလို့တုံး'

သူက ယင်းသို့ပြောရင်းမှ သံကြိုးအား ဝှေ့ယမ်းလိုက်ပြန်သည်။

သူ၏သံကြိုးမှာ အရှိန်ပြင်းစွာဖြင့် ဝှေ့ယမ်း၍ မြွေတစ်ကောင် ပေါက်လိုက်သည့်အလား အနီရောင်ဝတ်ဆင်ထားသော သူငယ်အား တိုက်ခိုက်လိုက်ပြန်၏။

သူငယ်၏ မျက်နှာတစ်ခုလုံး ထိတ်လန့်တုန်လှုပ်နေသည်။

သို့သော် သူက ထိန်ဟုန်၏ တိုက်ခိုက်မှုအား အလွယ်တကူ ရှောင်တိမ်းသွားနိုင်ခဲ့ပြန်လေပြီ။

ထိန်ဟုန်က ပိုမိုဒေါသထွက်လာသည်။

သူသည် ဤဒေါင်းဖိုဒေါင်းမမြို့ကလေး၌ နာမည်ကျော် လူဆိုးထိန်းတစ်ဦး ဖြစ်သည်။

ထိုသို့သော နာမည်ကျော် လူဆိုးထိန်းတစ်ယောက် ဖြစ်နေလျက်မှ ဤမျှ မလောက်လေး မလောက်စား သူငယ်လေးအား မဖမ်းမိနိုင်ဘူး ဆိုပါလျှင် သူ၏သိက္ခာမှာ ကျဆင်းသွားရတော့မည်သာ ဖြစ်၏။

ထို့ပြင် ဤအဖွဲ့အား သူက ဦးဆောင်လာခြင်းဖြစ်၏။

သူ၏ အာဏာသားရှစ်ယောက်မှာ ထိတ်လန့်တုန်လှုပ်နေမှန်း သိထားသည်။

အကယ်၍ မိမိက ရှုံးနိမ့်သွားပါလျှင် ကျန်လူများတွင် လုံးဝေမှုလွှဲ၍ အားလုံး စိတ်ဓာတ်ကျဆင်းသွားမည်သာ ဖြစ်၏။

ထို့ကြောင့် သူက အသက်သာ အသေခံမည်။

မည်သည့်နည်းနှင့်မျှ နောက်ဆုတ် မနေနိုင်ပါချေ။



ထိန်ဟုန်က သံကြိုးအား ဝေ့ယမ်းလိုက်၏။

သူ၏ အထက်မြောက်ဆုံး သိုင်းကွက်ဖြင့် အနီရောင် ဝတ်ဆင်သော သူငယ်အား တိုက်ခိုက်လိုက်၏။

ထိုသူငယ်၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

'ခင်ဗျား ဒီလောက်တောင် စော်ကားလာရင် ကျုပ် သည်းမခံနိုင်တော့ဘူး'

သူ၏စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် လက်တစ်ချက် ဝေ့ယမ်းလိုက်ပြီး ထိန်ဟုန်၏သံကြိုးအား သူက ဆွဲထားလိုက်လေတော့သည်။

ထိန်ဟုန်က ထိတ်လန့်သွားလေသည်။

အနီရောင် ဝတ်ဆင်ထားသော သူငယ်မှာ သံကြိုးအား ဆွဲထားလိုက်မိသည်နှင့် တစ်ဆက်တည်းမှာပင် သူ၏ခြေထောက်က ထိန်ဟုန်၏ လက်မောင်းသို့ ခုနစ်ချက်တိတိဆင့်၍ ကန်ကျောက်လိုက်သည်။

အနီရောင်ဝတ်သူငယ်၏ ခြေထောက်ကန်ချက်မှာ ပြင်းထန်၍ အားမာန်ပြည့်ဝ၍ ထက်မြက်လှပေသည်။

ထိန်ဟုန်က မတတ်နိုင်တော့ပါချေ။

သူက သံကြိုးအား လွှတ်ပေးလိုက်ရသည်။

အနီရောင် ဝတ်ဆင်ထားသော သူငယ်သည် ထိုသံကြိုးအား ရရှိပြီးသည့်နောက် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ ခေါင်းတစ်လုံးပေါ်၌ ထိုင်ချလိုက်လေသည်။

သူက ရရှိထားသော သံကြိုးအား တစ်ချက် လှည့်လိုက်ပြီးနောက် ရယ်မောလိုက်လေသည်။

'ဟီး...ဟီး...ဟီး ခင်ဗျားက ဓားကိုမသုံးဘဲ ဘာကြောင့် သံကြိုးကို သုံးရတာလဲ'

ရုတ်တရက် ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

လုံးဝေက ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းဖြစ်၏။

* * *

လုံးဝေက ဓားဖြင့် ဝင်ရောက် တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှုမှာ လျင်မြန်၍ တိကျလှပေသည်။

အနီရောင်ဝတ်ဆင်ထားသော သူငယ်က လုံးဝမသိရှိသကဲ့သို့ ငြိမ်သက်စွာ ထိုင်နေ၏။



သို့သော် ဓားမှာ သူ၏ပခုံးသို့ရောက်ရန် တစ်လက်မခန့်သာ လိုတော့၏။

ရုတ်တရက် အနီရောင် ဝတ်ဆင်ထားသော သူငယ်၏ ခန္ဓာကိုယ်မှာ လေထဲ၌ ကျွမ်းသုံးပတ်ထိုးကာ ရှောင်တိမ်းသွားလေသည်။

ထို့ကြောင့် လုံးဝေ၏ဓားမှာ လေကိုသာ ခုတ်မိသွား၏။

'ကောင်းလိုက်တဲ့ ကိုယ်ဖော့ပညာ'

သူက ကျိတ်၍ ချီးကျူးလိုက်မိသည်။

အနီရောင် ဝတ်ဆင်ထားသောလူ၏ ခန္ဓာကိုယ်က တခြားခေါင်းတစ်ခုပေါ်သို့ ကျလာသည်။

သူက လုံးဝေအား ကြောင်အမ်းအမ်းဖြင့် ကြည့်လိုက်သည်။

'ခင်ဗျားက ဘယ်သူလဲ'

လုံးဝေက....

'လုံးဝေ'

အနီရောင် ဝတ်ဆင်ထားသော သူငယ်ကမျက်မှောင်ကြုတ်သွားလေသည်။

'လုံးဝေဆိုတာ ဘာလဲ'

လုံးဝေက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'လုံးဝေဆိုတာ လူတစ်ယောက်ရဲ့ နာမည်ပေါ့'

အနီရောင်ဝတ်ဆင်ထားသောလူက ပြုံးစိစိဖြင့်....

'ခင်ဗျားဓားပညာက တော်တော်ကောင်းတာပဲဗျ'

လုံးဝေက....

'မင်း ရူးကြောင်ကြောင်လုပ်မနေနဲ့၊ သံကြိုးကို ပြန်ပေးလိုက်စမ်း'

သူငယ်၏နှုတ်ခမ်း စူသွားသည်။

သူက လုံးဝေအား မကျေနပ်ဒေါသမျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။

'ခင်ဗျား ကောင်းကောင်းတောင်းမှ ပေးမယ်'

လုံးဝေက စိတ်တိုလာသည်။

'မင်းလို သူများပစ္စည်းယူထားတဲ့ လူကြီးမှန်းမသိတဲ့လူကို ဘာမှ ကောင်းကောင်းတောင်းစရာမလိုဘူး'

သူက ဆက်ပြောလိုက်သည်။



'မင်း ပေးမှာလား မပေးဘူးလား'

သူငယ်က လေသံမာမာဖြင့်....

'ခင်ဗျားစကားပြောတာ ရင့်သီးလို့ မပေးနိုင်ဘူး'

ထိုအချိန် ထိန်ဟုန်က အာဏာသားတစ်ယောက်ထံမှ ဓားတစ်လက်ယူကာ သူ့အား ချိန်ရွယ်လိုက်သည်။

'ဟေ့....သူငယ်၊ မင်းကောင်းကောင်းအဖမ်းခံပါ'

သူ၏စကားကြောင့် သူငယ်က ရယ်မောလိုက်သည်။

'ဟီး....ဟီး....ဟီး'

ထိန်ဟုန်၏မျက်နှာ ရှက်သွေး၍ နီရဲသွားသည်။

'မင်းစိတ်နဲ့မင်း အဖမ်းမခံရင် ငါတို့ကဖမ်းရမှာ'

သူငယ်က သူ့အား လက်ယပ်၍ ခေါ်လိုက်သည်။

'ဖမ်းမလို့ ဟုတ်လား၊ ကဲ....လာလေ လာဖမ်းစမ်းပါ၊ လာ'

ထိန်ဟုန်မှာ ဒေါသခြောင်းခြောင်းထွက်သွား၏။

သူက ဓားကို ဝေ့ယမ်းတိုက်ခိုက်လိုက်လေသည်။

သူငယ်က လက်ထဲမှ သံကြိုးဖြင့် ဓဝ့ယမ်းကာ ပြန်လည် တိုက်ခိုက်လိုက်သည်။

ယင်းသံကြိုးမှာ သူငယ်၏လက်ထဲသို့ ရောက်သောအခါ ပိုမိုထက်မြက်လာသည်မှာ သိသာပေသည်။

ထိန်ဟုန်၏ဓားမှာ သံကြိုးအား သုံးချက်ဆက်တိုက် ခုတ်မိလိုက်သဖြင့် မီးရောင်များပင် ပွင့်ထွက်သွား၏။

'ခြွမ်း....ခြွမ်း....ခြွမ်း'

သူငယ်က ပြုံးလိုက်သည်။

ထို့နောက် လက်တစ်ချက်လှုပ်ခါလိုက်ရာ သံကြိုးမှာ ထိန်ဟုန်၏လက်အား ရစ်ပတ်မိသွားလေသည်။

ထိန်ဟုန်က ခွန်အားကို ညှစ်ထုတ်၍....

'ယား'

ဓားကို နောက်ပြန်ဆွဲထုတ်လိုက်သည်။

သို့သော် သံကြိုးမှာ မြဲမြံစွာ ရစ်ပတ်ထားသဖြင့် မလှုပ်ပါချေ။

ထိန်ဟုန်၏ နဖူးမှ ချွေးများ ပြန်လာသည်။



ထိုအချိန် လူရိုပ်ကစ်ခုက သူတို့နှစ်ဦးရှိရာသို့ ခုန်ပျံဝင်ရောက်လာ၏။

ယင်းလူရိပ်မှာ ဓားဖြင့် သူငယ်၏လက်ကောက်ဝတ်သို့ ခုတ်ချလိုက်ရာ သူငယ်က ကပျာကယာ လွှတ်ပေးလိုက်ရလေသည်။

သူငယ်က မျက်လုံးကြောင်တောင်တော၍ဖြင့် ထိုလူရိပ်အား ကြည့်လိုက်သည်။

ယင်းလူရိပ်မှာ လုံးဝေပင်ဖြစ်၏။

သူငယ်က ပြုံးလိုက်သည်။

'ခင်ဗျား ဗိုတော်တယ်ဗျာ'

လုံးဝေက မဲ့ပြုံးပြုံးလိုက်သည်။

ထို့နောက် ဓားဖြင့် လျှပ်တစ်ပြက် သူငယ်၏ ခြေကျင်းဝတ်ရှိရာသို့ ခုတ်ချလိုက်လေသည်။

သူငယ်က နောက်သို့ ဆုတ်လိုက်ရ၏။

လုံးဝေက သူငယ်အား ဓားဖြင့် သုံးချက်တို့တိ တစ်ဆက်တည်း ခုတ်ချလိုက်သည်။

သူငယ်မှာလည်း ယင်းဓားသုံးချက်စလုံးအား လွတ်အောင် ရှောင်နိုင်ခဲ့လေသည်။

ရုတ်တရက် သူက တခြားခေါင်းတစ်ခုပေါ်သို့ ခုန်တက်လိုက်ရာ ခြေချော်၍ ခေါင်းပေါ်မှ လိမ့်ကျသွားလေသည်။

'ဝုန်း'

သူက မြေပြင်ပေါ်သို့ ဖင်ထိုင်ကျသွားခြင်း ဖြစ်သည်။

လုံးဝေက ကြောင်အမ်းအမ်းဖြစ်သွား၏။

အကြောင်းမှာ သိုင်းပညာ အဆင့်မနိမ့်သော ထိုသူငယ်မှာ ယခုကဲ့သို့ ခြေချော်လဲသွားခြင်းမှာ အံ့သြစရာ ကောင်းနေပေသည်။

လုံးဝေသာမက ထိန်ဟုန်နှင့် အာဏာသား ရှစ်ယောက်တို့ကလည်း အံ့သြသွားမိကြလေသည်။

ထိုအချိန် အနီရောင် ဝတ်ဆင်ထားသော သူငယ်က ထိုင်ရာမှ ထလိုက်ပြီး သူ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ပွတ်သပ်နေလေသည်။

ထို့နောက်....

'ဝါး....'

ဟု ကျယ်လောင်စွာဖြင့် ငိုချလိုက်လေသည်။

သူ၏ငိုသံမှာ ကလေးတစ်ယောက်၏ငိုသံနှင့် တူလှပေသည်။



လုံးဝေအပါအဝင် ကျန်လူအားလုံးမှာ ကြောင်အမ်းအမ်းဖြစ်၍ သူငယ်လေးအား ဝိုင်းကြည့်နေကြလေသည်။

သူငယ်သည် တစ်ခဏ ငိုကြွေးပြီးနောက် သူ၏လက်နှစ်ဖက်အား ကြည့်လိုက်သည်။

'ဟား....ဟား....ဟား ကျုပ်လက်မှာ သွေးမှမရှိဘဲ၊ ဒါဆိုရင် ကျုပ်ခေါင်း မကွဲသေးပါဘူးနော်'

ထိန်ဟုန်က ဒေါသထွက်လာသည်။

'အူကြောင်ကြောင်နဲ့ကောင် သေပေတော့'

ထိန်ဟုန်က သံကြိုးဖြင့် ထပ်မံတိုက်ခိုက်လိုက်ရာ သူငယ်က လေထဲ၌ ကျွမ်းတစ်ပတ်ပစ်ကာ သူ၏လက်နှစ်ဖက်ဖြင့် ထိန်ဟုန်၏ သံကြိုးအား လှမ်းဆွဲထားလိုက်သည်။

ထို့နောက် ယင်းသံကြိုးကို အားယူလွဲခိုကာ ခြေထောက်ဖြင့် ထိန်ဟုန်၏ မျက်နှာအား နှစ်ချက်ဆင့်၍ ကန်ချလိုက်လေသည်။

သူငယ်၏ လှုပ်ရှားပုံမှာ အလွန်လျင်မြန် ဖျတ်လတ်လှပေသည်။

သူတိုက်ခိုက်လိုက်သော တိုက်ကွက်မှာလည်း ဆန်းကြယ်လွန်းလှသဖြင့် လုံးဝေပင် အံ့အားသင့်သွားရလေသည်။

ထိန်ဟုန်မှာ ဒုတိယအကြိမ် သံကြိုးအား လွှတ်လိုက်ရလေသည်။

သို့သော် ကျန်လက်ထဲ၌ရှိသော ဓားဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်လေသည်။

ထိုအချိန် လုံးဝေကလည်း ဝင်ရောက်တိုက်ခိုက်လိုက်သည်။

သူငယ်ကလေးမှာ ထိန်ဟုန်၏ဓားမှ အသာအယာ ရှောင်တိမ်းနိုင်သော်လည်း လုံးဝေက ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာသဖြင့် ကြိုးစား၍ ရှောင်တိမ်းလိုက်ရလေသည်။

ထို့နောက် ထိန်ဟုန်နှင့် လုံးဝေတို့က ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လာသောအခါ သူငယ်မှာ ရှောင်တိမ်းရ ခက်လာသည်။

'ခင်ဗျားတို့ လူကြီးတွေဖြစ်ပြီး အရှက်မရှိတဲ့ လူတွေပဲ'

လုံးဝေနှင့် ထိန်ဟုန်တို့၏ တိုက်ခိုက်မှုများ ရုတ်တရက် ရပ်တန့်သွားသည်။

သူတို့နှစ်ဦးစလုံးမှာ အဖြူရောင် သိုင်းသမားများ ဖြစ်ကြသည်။

သူငယ်လေးက ဤကဲ့သို့ ပြောလိုက်သောအခါ ထိန်ဟုန်နှင့် လုံးဝေ့မှာ အနည်းငယ် ရှက်မိသွား၏။

သူတို့နှစ်ဦးအားကြည့်၍ သူငယ်က နှုတ်ခမ်းတစ်ချက် မဲ့သွားလေသည်။



'ခင်ဗျားတို့ နှစ်ယောက်ဆိုတော့ ကျွန်တော်တစ်ယောက်တည်း ဘယ်ညီမျှပါ့မလဲ'

လုံးဝေက သူ့အား စိုက်ကြည့်လိုက်သည်။

ထိန်ဟုန်က....

'ဒီတော့ မင်းက ဘာလုပ်ချင်သလဲ'

သူငယ်က....

'ကျုပ်က အကူအညီခေါ်ချင်တာပေါ့'

'မင်းကြိုက်သလောက် ခေါ်စမ်းပါ'

ထိန်ဟုန်နှင့် လုံးဝေတို့ထံမှ ပြိုင်တူပြောလိုက်သောအသံပင်ဖြစ်၏။

သူငယ်က အသံကျယ်လောင်စွာဖြင့် ကုန်းအော်လိုက်၏။

'အစ်ကိုကြီး ပေ့ရှမ်းရေ.... ဟောဒီလူကို ကူပြီး ဝိုင်းတိုက်ပေးစမ်းပါ'

သူက ယင်းသို့ပြောရင်းမှ သူ၏လက်ထဲမှ သံကြိုးအား ပစ်ချလိုက်ပြီးနောက် သူ့အနီးရှိ ခေါင်းတစ်လုံး၏ အဖုံးအား ဖွင့်လိုက်လေသည်။

ကျန်လက်တစ်ဖက်က ထိုခေါင်းအား လက်တစ်ဖက်ဖြင့် ပင့်၍မြှောက်ပြီး တွန်းချလိုက်သည်။

* * *

ထိန်ဟုန်မှာ သတ္တိခေသူတစ်ဦး မဟုတ်ပါချေ။

လူသေအလောင်းများကိုလည်း မကြာခဏ ထိတွေ့ကိုင်တွယ်ခဲ့ဖူးသည်။

သို့သော် ယခုမူ အဘယ်ကြောင့်မှန်းမသိ၊ ကြောက်ရွံ့နေမိလေသည်။

အာဏာသားများမှာလည်း နှာခေါင်း ပိတ်သူက ပိတ်ထား၏။

တချို့က အလိုက်တလန့် ရှောင်တိမ်းပြေးလွှား နေကြသည်။

သူတို့သည် ရှေ့သို့တိုး၍ အနီရောင်သူငယ်အား ဖမ်းရန် မစဉ်းစားမိကြဘဲ နောက်သို့သာဆုတ်၍ ရှောင်တိမ်းနေရလေသည်။



အချို့မှာမူ ခြေလက်များပင် မသယ်နိုင်ဘဲ အခန်းထောင့်တစ်နေရာရာ၌ ခွေခွေကလေး လဲကျနေလေသည်။

ခေါင်းထဲမှအလောင်းများက ကုန်ဆုံးသွားချေပြီ။

ထိုအလောင်းများ ကုန်ဆုံးသွားသည်နှင့် တစ်ပြိုင်နက်လုံးဝေက ထိုသူငယ်အား လျှပ်တစ်ပြက် ဝင်ရောက်တိုက်ခိုက်လိုက်၏။

သူငယ်၏ခန္ဓာကိုယ်မှာ နောက်သို့ ပက်လက်လှဲချသွားသည်။

သူငယ်မှာ ခြေလက်များကို ဘောလုံးတစ်လုံးကဲ့သို့ လိမ့်ကာ လုံးဝေ၏ဓားချက်မှ ရှောင်တိမ်းသွားလေသည်။

သူသည် ဘောလုံးတစ်လုံးကဲ့သို့ လှိမ့်သွားနေရာမှ နံရံထောင့်သို့ ရောက်သောအခါ ရပ်တန့်သွားသည်။

သူက မတ်တတ်ရပ်ကာ ပတ်ဝန်းကျင်သို့ မျက်လုံးဝေ့၍ ကြည့်လိုက်သည်။

သူ၏မျက်လုံးမှ ဝါးလုံးတစ်လုံး ထောင်ထားသည်ကို မြင်တွေ့လိုက်သောအခါ ဝင်းလက်တောက်ပသွား၏။

သူငယ်က ထိုဝါးလုံးအား ကောက်ကိုင်လိုက်၏။

သူ၏လက်ထဲသို့ ဝါးလုံးရောက်ရှိသွားသည်နှင့် သူ၏ဟန်မူရာမှာ ရုတ်တရက် ပြောင်းလဲသွား၏။

သူ့မျက်နှာ တစ်ခုလုံးမှာ အဆင့်မြင့် သိုင်းပညာရှင်တစ်ဦးကဲ့သို့ ပြောင်းလဲဘည်ကြည်သွားခြင်းပင် ဖြစ်သည်။

သူသည် ဝါးလုံးအား လက်နှစ်ဖက်ဖြင့်ကိုင်၍ ကြမ်းပေါ်သို့ ခွေခွေကလေး အနေအထားဖြင့် ရပ်တည်နေသည်။

ယင်းအနေအထားမှာ လုံ့တံသိုင်းပညာ၏အကျော်ကြားဆုံး ရေစက်ကျ သိုင်းဟန်ပင် ဖြစ်သည်။

ထိန်ဟုန်၏မျက်နှာ ကွက်ခနဲပျက်သွား၏။

ထို့အတူ လုံးဝေ၏ ခြေလှမ်းမှာလည်း ရပ်တန့်သွားလေသည်။

သူတို့နှစ်ယောက်စလုံး ထိုသူငယ်အား မျက်မှောင်ကြုတ်၍ ကြည့်နေကြသည်။

ထိုအချိန်မှာပင် ...

'ယား'

သူငယ်က မာန်သွင်း အော်ဟစ်ရင်းမှ လုံးဝေ၏ရင်ဝသို့ ဝါးလုံးဖြင့် ထိုးသွင်းလိုက်လေသည်။

ဤဝါးလုံးတိုက်ကွက်မှာ လုံ့တံထဲမှ အကျော်ကြားဆုံးသော မေးမြန်းခြင်း သိုင်းကွက်ပင် ဖြစ်သည်။

လုံးဝေက ဓားဖြင့် ဝါးလုံးအား ရိုက်ထုတ်လိုက်သည်။



'ယား'

သူငယ်သည် ထပ်မံ အော်ဟစ်ရင်း ဝါးလုံးအား မြားတစ်စင်းကဲ့သို့ အလျှားလိုက် ထိုးသွင်းလိုက်၏။

သူ၏တိုက်ခိုက်မှုမှာ ရိုးစင်းလှသော်လည်း အလွန်လျင်မြန်ဖျတ်လတ်၍ အားမာန်ပြည့်လှပေသည်။

လုံးဝေက လေထဲသို့ ကျွမ်းတစ်ပတ်ခုန်ဆင့်၍ပစ်ရင်း ရှောင်တိမ်းလိုက်၏။

သူငယ်သည် လုံးဝေက သူ့ဝါးလုံး တိုက်ကွက်မှ လွတ်ထွက်သွားသည်ကို တွေ့မြင်လိုက်သောအခါ တစ်ဆက်တည်းတစ်ဆယ့်ခြောက်ချက်တိတိ ဆက်တိုက် ထပ်မံတိုက်ခိုက်လိုက်ပြန်သည်။

လုံးဝေမှာ ပေါ့ပေါ့တန်တန် သဘောမထားဝံ့တော့ပါချေ။

သူ၏ဓားရိုးကို ဝေ့ယမ်းကာ တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်ရလေသည်။

သူက ပြုံးဖြီးဖြီးဖြင့်....

'ခင်ဗျားက ဘယ်ဆိုးလို့တုံးဗျ'

သူ၏စကား ဆုံးသွားသောအခါ နောက်ထပ် သုံးဆယ့်သုံးချက်တိတိ တိုက်ခိုက်လိုက်ပြန်သည်။

လုံးဝေမှာ ယင်းသူငယ်အား အလွန်အံ့အားသင့်သွား၏။

အကြောင်းမှာ ထိုသူငယ်သည် ကလေးသာသာ အရွယ် ကလေးပင် ရှိနေသေးသော်လည်း သူ၏တိုက်ခိုက်မှုမှာ လျင်မြန် လွန်းလှ၏။

သူ၏ အခြေခံအတွင်းအား သိုင်းပညာ နည်းနေသည်မှအစ အလွန်အဆင့်မြင့်သော လှံတံသိုင်းပညာရှင်တစ်ဦး ဖြစ်နေသည် ကို တွေ့မြင်လိုက်ရလေသည်။

ထို့ပြင် နောက်ထပ် သိုင်းကွက်သုံးဆယ့်နှစ်ချက် ထပ်မံ တိုက်ပြန်လေသည်။

ဤတစ်ကြိမ် လုံးဝေ၏မျက်လုံးမှာ ဝင်းလက်သွားသည်။

အကြောင်းမှာ ထိုသူငယ်၏သိုင်းကွက်ကြား၌ မမျှော်လင့်ဘဲ ဟာကွက်များ တွေ့ရှိလိုက်ရသောကြောင့် ဖြစ်သည်။

လုံးဝေက စဉ်းစားမနေတော့ပါ။

သူ၏ဓားအား ဝေးယမ်းရင်းမှ ထိုဟာကွက်ထဲသို့ထိုးဖောက် ဝင်ရောက်သွားသည်။

သို့သော် သူ၏ဓားက ထိုသူငယ်အနီးသို့ မရောက်မီမှာပင် သူငယ်လက်ထဲမှ ဝါးလုံးမှာ သူ၏လက်ချောင်းကြားသို့ ထိုး သွင်းလာသည်ကို တွေ့မြင်လိုက်ရသည်။



လုံးဝေမှာ အလွန်မျက်စိလျင်သော သိုင်းသမားတစ်ဦး ဖြစ် သည်။

သို့ရာတွင် ထိုလှံတံမှာ မည်သည့်နေရာမှ ထိုးသွင်းလာမှန်း မသိလိုက်ပါချေ။

လုံးဝေ ရင်ထိတ်သွား၏။

သူက ဘေးသို့ ကပျာကယာရှောင်တိမ်းလိုက်သည်။

'ဝှီး....'

ဝါးလုံးမှာ သူ၏ လည်ပင်းနံဘေးမှ ပွတ်၍ ထွက်သွားလေ သည်။

တစ်ဆက်တည်းမှာပင် သူ၏ လက်ထဲမှဓားဖြင့် ဝေ့ယမ်း လိုက်ရာ ဝါးလုံးမှာ နှစ်ပေခန့်မျှ ပြတ်သွားလေသည်။

သို့သော်ဝါးလုံး၏တိုက်ခိုက်မှုအားမှာလျော့မသွားပါချေ။

လုံးဝေ၏ရင်ဘတ်သို့ ဝါးလုံးက မြွေဟောက်တစ်ကောင် အလား ထပ်မံဟိုးပင်လာပြန်သည်။

သူ၏ ဓားဖြင့် ကမန်းကတန်း ရိုက်၍ ဖယ်ရှားလိုက်၏။

သူသည် ထိတ်လန့်၍ ဇောချွေးများပင် ကျလာ၏။

အကယ်၍ထိုသူငယ်၏အတွင်းအားမှာ ယခုထက်ပို၍မြင့်မား နေပါက လုံးဝေမှာ ဤသိုင်းကွက် တစ်ကွက်တည်းနှင့် လူ့

လောကအား အပြီးအပိုင် နှုတ်ဆက် စွန့်လွှတ် ခဲ့ရတော့မည် ဖြစ်၏။

ထိန်ပဟုန်မှာလည်း အနီးမှရပ်ကြည့်နေရင်းမှ သူငယ်၏ တိုက်ကွက်အား ကျောချမ်းသွားမိသည်။

လုံးဝေက ထပ်မံတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ရုတ်တရက် သူငယ်က လက်ကာပြလိုက်၏။

'ခင်ဗျားကို ဘာလို့ ကျုပ်ဝါးလုံးက မထိသေးတာလဲဗျ'

လုံးဝေက ပြုံးလိုက်မိသည်။

'မင်းက နည်းနည်းလိုသေးလို့ နေမှာပေါ့'

သူငယ်က နှုတ်ခမ်းစူလိုက်သည်။

'ခင်ဗျား လိမ်ပြောနေတာ'

လုံးဝေမှာ ကြောင်အမ်းအမ်း ဖြစ်သွား၏။

သူငယ်က မျက်တောင် တဖျပ်ဖျပ်ခတ်ရင်း....

'ကျွန်တော် သိပြီ၊ ခင်ဗျားက လူမဟုတ်ဘူး'

လုံးဝေ၏ မျက်လုံးများ ပြူးကျယ်သွား၏။



သူငယ်က စကားဆက်လိုက်ပြန်သည်။

'ကျွန်တော့် အဖေကပြောတယ်၊ ခုန သိုင်းကွက်ကို တိုက်ခိုက်ရင် ဘယ်သူမဆို ထိသွားမယ်လို့ပြောတယ်'

လုံးဝေက အံ့သြသွားသည်။

ထိုသူငယ် ပြောစကားအရဆိုလျှင် သူ့အား သိုင်းပညာ သင်ပေးသူမှာ ထိုသူငယ်၏ ဖခင်ပင် ဖြစ်ပေမည်။

ဤသို့ဆိုလျှင် သူငယ်၏ သိုင်းပညာထက် သူ့ဖခင်၏ သိုင်းပညာမှာ ပို၍ပင် ကြောက်ခမန်းလိလိ မြင့်မားမည်သာဖြစ်၏။

လုံးဝေက သူ့အားစိုက်ကြည့်လိုက်၏။

'မင်းအဖေက ဘယ်သူလဲ'

သူငယ်၏ မျက်လုံးပြူးကျယ်သွားသည်။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ဘာလဲ ခင်ဗျားက ကျွန်တော်တို့ အဖေကိုပါ ဒုက္ခပေးမလို့လား'

လုံးဝေ ခေါင်းခါယမ်းလိုက်၏။

‘မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းရဲ့ သိုင်းပညာ တော်သွန်းလို့ မင်းအဖေ ဘယ်သူလဲဆိုတာ အစ်ကိုက သိချင်လို့ မေးတာပါကွာ’

နူးညံ့ချိုသာသောစကားကြောင့် အနီရောင်ဝတ်သူငယ်၏ မျက်နှာတွင် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားသည်။

သူငယ်က လက်ထဲမှဓားအား လွှတ်ချလိုက်လေသည်။

ထို့နောက် သူ၏မျက်နှာအား လက်နှစ်ဖက်ဖြင့် အုပ်ကာ ထိုင်ချလိုက်လေသည်။

ပြီးနောက် သူက ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

ထိုအချိန် လုံးဝေက လက်တစ်ဖက်ဖြင့် ထိုသူငယ်၏ သွေးကြောများကို ပိတ်လိုက်လေသည်။

သူငယ်မှာ ရှောင်တိမ်းခြင်းမပြုဘဲ မလှုပ်မယှက်ထိုင်နေ၏။

လုံးဝေက သူငယ်အား ပွေ့ချီလိုက်သည်။

ထို့နောက် သူက သူငယ်အားစိုက်ကြည့်ရင်းမှ ခေါင်းခါယမ်းပြလိုက်လေသည်။

‘ဟင်....ကျုပ်ထင်တဲ့အတိုင်း ပါပဲလား’

ထိန်ဟုန်က မျက်မှောင်ကြုတ်သွား၏။



‘ခင်ဗျားက ဘာတွေ ထင်နေလို့လဲဗျ’

လုံးဝေက သူ့လက်ထဲ၌ ပွေ့ချီထားသော သူငယ်အား မေးငေါ့ပြလိုက်၏။

‘ဒီသူငယ်က စိတ်မနှံ့ဘဲ ရူးနေတာဗျ’

ထိတ်ဟုန်က မျက်ခုံးပင့်၍....

‘ဗျာ....ရူးနေတာ ဟုတ်လား’

ဟု အံ့သြစွာဖြင့် ပြန်မေးလိုက်သည်။

လုံးဝေက ခေါင်းညိတ်ပြရင်းမှ....

‘ဟုတ်တယ်’

ကိန်ဟုန်က....

‘ခင်ဗျား ဘာကြောင့် ပြောနိုင်တာလဲ’

လုံးဝေက....

‘သူရူးနေလို့ အခုလို ကြောင်တောင်တောင်ဖြစ်ပြီး ငိုနေတာပေါ့ဗျ’

သူက ခေါင်းခါယမ်းရင်း ဆက်ပြောလိုက်သည်။

'နို့မဟုတ်ရင် သူ့ရဲ့သိုင်းပညာအဆင့် ဒီလောက်မြင့်နေတာ ကျုပ်တို့ သူ့ကို လွယ်လွယ်နဲ့ ဘယ်သေးကြောပိတ်လို့ ရမှာလဲဗျ'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'အင်း....ဒီအရူးရဲ့ သိုင်းပညာအဆင့် ဒီလောက်မြင့်နေတာ အံ့သြစရာပဲဗျ'

သူက ဆက်ပြောလိုက်၏။

'သူဘယ်သူလဲဆိုတာ မသိတာက ခက်တယ်ဗျ'

ထိုအချိန် အခန်းထောင့်မှ အသံတစ်ခုထွက်ပေါ်လာသည်။

'သူ့နာမည်က ယို့ဝူးလို့ခေါ်တယ်ဗျ'

ယင်းအသံထွက်ပေါ်လာရာသို့ လုံးဝေ၊ ထိန်ဟုန်နှင့်အတူ အာဏာသားရှစ်ယောက်က လှည့်ကြည့်လိုက်ကြသည်။

ထိုအသံရှင်မှာ အလောင်းဂေဟာမှ သုဘရာဇာ အာဝှီးပင် ဖြစ်သည်။

အာဝှီး၏မျက်နှာမှာ ထိတ်လန့်တုန်လှုပ်ခြင်းမရှိတော့ပေ။

လုံးဝေက....

'သူ့နာမည်က ယို့ဝူးဆိုတော့ သူ့အဖေက....'



အာဝှီးကပင် ကြားဖြတ်၍ပြောလိုက်သည်။

'သူ့အဖေက ရှောင်ရိလေ'

ထိန်ဟုန်က....

'ခင်ဗျားက သူ့ကိုသိတယ် ဟုတ်လား'

အာဝှီးက ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ကဲ့'

ထိန်ဟုန်က....

'ဘယ်တုန်းကသိခဲ့တာလဲ'

အာဝှီးက....

'လွန်ခဲ့တဲ့ ၃နှစ်နှစ်လောက်ကတည်းကပါ'

လုံးဝေက....

'ခင်ဗျားက ဘယ်လိုလုပ်ပြီး သူနဲ့သိခဲ့တာလဲ'

အာဝှီးက....

'သူက ဒီကို မကြာခဏ လာပြီးလည်တတ်လို့ပါ'

လုံးဝေနှင့် ထိန်ဟုန်တို့ နှုတ်မှ ပြိုင်တူ အသံထွက်ပေါ်လာသည်။

'လာလည်တယ် ဟုတ်လား'

သူတို့ အံ့ဩမည်ဆိုလျှင်လည်း အံ့ဩစရာပါ။

အကြောင်းမှာ လူတစ်ယောက် လည်ပတ်ရန်အတွက် ဤမျှ လူသူကင်းဝေးကာ အလောင်းများသာ ထားတတ်သော နေရာသို့ ရွေးချယ် သွားလာခြင်းမှာ အံ့ဩစရာပင် မဟုတ်ပါလော။

အာဝုဂ်းက သူတို့နှစ်ဦးအား ကြောင်တောင်တောင်ဖြင့် ကြည့်လိုက်ပြီးမှ....

'ဟုတ်ကဲ့၊ သူက ဒီကိုလာလည်တာပါ'

ထိန်ဟုန်က....

'သူက ဒီနေရာကိုမှ ရွေးပြီး ဘာကြောင့်လာလည်ရတာလဲ'

အာဝုဂ်းက....

'ဒီလိုပါခင်ဗျာ၊ သူက တခြားလူတွေနဲ့ အပေါင်းအသင်း မလုပ်ရပါဘူး'



ထိန်ဟုန်က....

'ဘာဖြစ်လို့လဲကွ'

အာဝုဂ်းက....

'သူက ဦးနှောက် သိပ်မကောင်းလေတော့ တခြားလူတွေကလဲ သူ့ကို အပေါင်းအသင်းမလုပ်ကြပါဘူး'

သူက ဆက်ပြောလိုက်သည်။

'ဒါကြောင့် သူက ဒီကိုလာပြီး အလောင်းတွေနဲ့ အပေါင်းအသင်း လုပ်နေတာကိုး'

ထိန်ဟုန်နှင့် လုံးဝေတို့မှာ ယခုမှ ထိုသူငယ်ပြောသော သူ၏မိတ်ဆွေမှာ အလောင်းများ ဖြစ်သည်ဟု ဆိုခြင်းကို သဘောပေါက်နားလည်လိုက်လေသည်။

ထိန်ဟုန်က ထိုသူငယ်အား အကဲခတ်ကြည့်လိုက်သည်။

'မင်းက ဘာဖြစ်လို့ ခေါင်းထဲမှာ လာပုန်းနေရတာလဲ'

သူငယ်က မျက်လုံးလေးကြောင်တောင်တောင်ဖြင့်....

'ကျွန်တော် လာပုန်းနေတာ မဟုတ်ပါဘူး'

ထိန်ဟုန်က....

'လာပုန်းနေတာ မဟုတ်ရင် မင်းက ဘာလို့ ခေါင်းထဲဝင်နေရတာလဲ'

သူငယ်က....

'ကျွန်တော်က မမကျိယန်းနဲ့ လာကစားနေတာဗျ'

ထိန်ဟုန်၏မျက်လုံးများ ပြူးကျယ်သွား၏။

သူက လုံးဝေဘက်သို့ လှည့်ကြည့်လိုက်၏။

လုံးဝေ၏ မျက်နှာတွင် ထိတ်လန့်ခြင်း အမူအရာကို မြင်တွေ့လိုက်ရသည်။

သူက သူငယ်အား စိုက်ကြည့်လိုက်၏။

'မင်းက ကျိယန်းကို သိတယ် ဟုတ်လား'

ယို့ဝူးက သူ့အား မော့ကြည့်လိုက်သည်။

'သိတာပေါ့ဗျ၊ ခင်ဗျားက ခဏခဏ ကျုပ်ကို မေးမနေပါနဲ့ဗျ'

လုံးဝေက အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲကွ'



ယို့ဝူးက သူ့အား နှာခေါင်းရှုံ့ပြလိုက်သည်။

'ခင်ဗျားက သရဲပဲ'

လုံးဝေက ကြောင်အမ်းအမ်းဖြင့်....

'ဘာဖြစ်လို့လဲကွ'

ယို့ဝူးက ...

'ခင်ဗျားသာ သရဲမဟုတ်ရင် ကျုပ်ကို အခုလိုဖမ်းပြီး ခြေလက် လှုပ်ရှားလို့မရအောင် လုပ်ထားပါ့မလား'

လုံးဝေက သူ၏စကားကြောင့် ပြုံးလိုက်မိသည်။

ထို့နောက် ယို့ဝူးအား ပိတ်ထားသော သွေးကြောများကို ဖွင့်ပေးလိုက်လေသည်။

လုံးဝေ သွေးကြောဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ယို့ဝူးက ထိုင်ရာမှ ထလိုက်၏။

ယင်းနောက် ယို့ဝူးက ခြေလက်များကို ဆန့်ထုတ်လိုက်၏။

'အား....ခင်ဗျားက အတော်တော်တဲ့ လူပါလား'

ထိန်ဟုန်က သူသိချင်သော စကားအား ဆက်၍ မေးမြန်းလိုက်လေသည်။

'နေပါဦးကွ၊ မင်းက ဘာဖြစ်လို့ ခေါင်းထဲမှာလာပြီး သူများတွေကို ခြောက်လှန့်နေရတာလဲကွ'

ယို့ဝူးက ကြောင်အမ်းအမ်းဖြစ်သွား၏။

ထို့နောက် ပြုံးဖြီးဖြီးဖြင့်....

'ဒီမြင်လူတစ်ယောက်က သရဲလိုဝတ်ပြီး သူများတွေကို လိုက်ခြောက်တာ တွေ့ဖူးတယ်ဗျ၊ ဒါကြောင့်....'

သူက စကားဆက်လိုက်၏။

'ဒါကြောင့် ကျွန်တော်ကလဲ သဘောကျပြီး လိုက်ခြောက်နေမိတာပါ'

လုံးစေနှင့် ထိန်ဟုန်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

သူတို့၏မျက်လုံးများ ဝင်းလက် တောက်ပသွားကြသည်။

အကြောင်းမှာ ယို့ဝူးပြောပြသောစကားများကို ခြေရာခံ၍ ကြည့်ပါက တစ်စုံတစ်ယောက်သောလူက တခြားလူများအား ကြောက်၍ တုန်လှုပ်စေရန် လိုက်လံ ခြောက်လှန့်နေသည်ကို ယို့ဝူးက တွေ့မြင်ဖူးပေမည်။

ထို့ကြောင့်လည်း သူကပါ ဤသို့ လိုက်လံ ခြောက်လှန့်ခြင်းပင် ဖြစ်၏။



လုံးဝေနှင့် ထိန်ဟုန်တို့နှစ်ယောက်မှာ ထိန်ဟုန်ရှိရာသို့ ခြေတစ်လှမ်း ပြိုင်တူ လှမ်းလိုက်ကြ၏။

လုံးဝေက....

'ညီလေး အစ်ကိုတို့ကို ပြောပြပါဦး၊ ဘယ်သူက သရဲလို ခြောက်လှန့်နေတာလဲ'

ယို့ဝူးက တစ်စုံတစ်ရာ ပြန်ပြောရန် ပါးစပ်ပြင်လိုက်စဉ်....

'ဝုန်း'

အခန်း၏ အခန်းတံခါး ရုတ်တရက် ပွင့်သွား၏။

ထို့နောက် လူတစ်ယောက်က ခုန်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ယင်းလူမှာ လုံးဝေ ပြောလိုက်သော လူထူးလူဆန်းပင် ဖြစ်၏။

ယခုနှမှာမူ သူ့ဦးခေါင်းပေါ်၌ ခမောက်အစား အနီရောင် ပဝါတစ်ထည်ဖြင့် စည်းထား၏။

သူ၏ကိုယ်ပေါ်၌လည်း အနီရောင် အင်္ကျီတစ်ထည် ဝတ်ဆင်ထားသည်ကို တွေ့ရှိလိုက်ရ၏။

လုံးဝေနှင့် ယို့ဝူးတို့မှာ ရုတ်တရက် မထင်မှတ်သောနေရာ၌ လူထူးလူဆန်းအား တွေ့ရှိလိုက်ရသဖြင့် ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

ယို့ဝူးမှာမူ လူထူးလူဆန်းအား မြင်တွေ့လိုက်ရသောအခါ အားရပါးရ ပြုံးပြလိုက်သည်။

လုံးဝေနှင့် ထိန်ဟုန်တို့မှာ ကြောင်အမ်းအမ်းဖြင့် ကြည့်နေစဉ် လူထူးလူဆန်းက ယို့ဝူးရှေ့သို့ ရောက်ရှိလာလေသည်။

ထို့နောက် လက်ထဲမှ လက်ကိုင်ပဝါတစ်ထည်ဖြင့် ယို့ဝူး၏ မျက်နှာရှေ့သို့ ဝေ့ယမ်းလိုက်ရာ အဖြူရောင်မီးခိုးလုံးများ ထွက်ပေါ်လာသည်။

ယင်းအဖြူရောင်မီးခိုးလုံးများသည် ယို့ဝူးမျက်နှာတစ်ခုလုံးအား လွှမ်းခြုံသွား၏။

ယို့ဝူးမှာ ပြုံးပြနေရာမှ သတိမေ့ကာ မြေပေါ် ပက်လက်လန် လဲကျသွားလေတော့သည်။

လုံးဝေနှင့် ထိန်ဟုန်တို့ ရင်ထိတ်သွားကြ၏။

သူတို့နှစ်ယောက်က ယခုမှ အိပ်မက်မှ လန့်နိုးလာကြသူများပမာ လူထူးလူဆန်းအား တိုက်ခိုက်ရန် သတိဝင်လာကြသည်။

'ရပ်လိုက်'



လုံးဝေနှင့် ထိန်ဟုန်တို့က ပိုင်တူ အော်ဟစ်ဟန့်တားကာ လူထူးလူဆန်းနောက်မှ လိုက်ရန် ဟန်ပြင်လိုက်စဉ် မီးခိုးလုံး တစ်လုံးက ရုတ်တရက် ပေါ်ထွက်လာပြီးလျှင် လူထူးလူဆန်းမှာ မီးခိုးလုံးကြား၌ ပျောက်ကွယ်သွားလေတော့သည်။

အခါလေဝင်းဂေဟာတစ်ခုလုံးမှာ အဖြူရောင်မီးခိုးလုံးများဖြင့် ဖုံးလွှမ်းကွယ်ပျောက်သွားလေတော့သည်။

ထိတ်လန့်အော်ဟစ်သံများက အခေလာင်းဂေဟာတစ်ခုလုံး ဆူညံစွာ ပျံ့လွင့်လာ၏။

## ကျွဲယန်းပြန်လာပြီ

အလေးင်းဂေဟာတစ်ခုလုံး မီးခိုးလုံးများဖြင့် ဖုံးလွှမ်းသွား၏။

ယင်းမီးခိုးလုံးများကြားမှ လူတစ်ယောက်က ဖောက်ထွက်လာသည်ကို တွေ့လိုက်ရ၏။

ထိုလူမှာ လုံးဝေပင် ဖြစ်သည်။

သူက ခြေထောက်တစ်ဖက်အား မြေကြီးပေါ်သို့ ဆောင့်နင်းလိုက်၏။

သူ၏ခန္ဓာကိုယ်မှာ လေထဲသို့ မြောက်တက်သွားကာ ခေါင်မိုးပေါ်သို့ ရောက်ရှိသွား၏။



သူ၏ခန္ဓာကိုယ် ခေါင်မိုးပေါ်သို့ ရောက်သောအခါ စူးရှသော မျက်လုံးအစုံဖြင့် အဝေးသို့ လှမ်းကြည့်လိုက်သည်။

သူနှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ လူထူးလူဆန်းက ပြေးလွှားနေသည်ကို တွေ့ရှိလိုက်ရ၏။

လုံးဝေက အိမ်ခေါင်မိုးပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်၏။

ထို့နောက် လူထူးလူဆန်းနောက်သို့ ကိုယ်ဖော့ပညာကို အသုံးပြု၍ အားကုန်ပြေးလိုက်သွားလေတော့သည်။

လူထူးလူဆန်း၏ ကိုယ်ဖော့ပညာမှာ အလွန်အဆင့်မြင့်၏။

လုံးဝေကလည်း နောက်မှ အစွမ်းကုန် ပြေးလိုက်နေသည်။

* * *

လူထူးလူဆန်းက ရှေ့မှပြေးလွှားနေ၏။

သူက ရုတ်တရက် နောက်သို့လှည့်ကြည့်လိုက်သည်။

သူ့နောက်မှ လူတစ်ယောက် ပြေးလွှားလိုက်လာနေသည်ကို တွေ့လိုက်ရ၏။

လူထူးလူဆန်းက သူ၏ခြေလှမ်းကို ပိုမိုလျင်မြန်စွာ ပြေးလွှားလိုက်သည်။

နောက်မှလူရိပ်ကလည်း ပိုမိုလျင်မြန်စွာ ပြေးလွှား၍ လိုက်လာနေ၏။

လူထူးလူဆန်းက အံကိုတင်းတင်းကြိတ်လိုက်၏။

သူ၏ခြေလှမ်းအား ရွာ၏မြောက်ဘက်ရှိ တောင်ကုန်းများရှိရာသို့ ဦးတည်လိုက်သည်။

ရွာ၏မြောက်ဘက်ရှိ တောင်ကုန်းများရှိရာသို့ ရောက်ရှိလာလေပြီ။

လူထူးလူဆန်းက တောင်ကုန်းပေါ်သို့ ပြေး၍ တက်သွားလေသည်။

လုံးဝေက တောင်ကုန်းများရှိရာသို့ ရောက်ရှိလာသောအခါ လူထူးလူဆန်းမှာ တောင်ပေါ်သို့ ရောက်ရှိနေပြီဖြစ်၏။

လုံးဝေက ပြုံးလိုက်သည်။

'မင်း လွတ်အောင်ပြေးနိုင်ရင် ပြေးပေတော့'



ဟုလည်း ကြိတ်၍ ကြိမ်းဝါးလိုက်၏။

သူက လူထူးလူဆန်းနောက်သို့ မျက်ခြည်အပြတ်မခံဘဲ ထက်ကြပ်မကွာ လိုက်နေ၏။

လုံးဝေက တောင်ကုန်းပေါ်သို့ ရောက်ရှိသွားလေပြီ။

သို့သော် လူထူးလူဆန်းက တောင်ပေါ်၌ မရှိတော့ပါချေ။

လုံးဝေက တောင်အောက်သို့ငုံ့ကြည့်လိုက်သောအခါ လူထူးလူဆန်းက တောင်အောက်၌ ပြေးလွှားနေသည်ကို တွေ့ရှိလိုက်ရသည်။

လုံးဝေက တောင်အောက်သို့ ပြေးဆင်း၍ လိုက်သွား၏။

ခြေလှမ်းနှစ်ရာခန့် ပြေးပြီးသောအခါ ခြံဝင်းနှစ်ခုအား ဘွားခနဲ မြင်တွေ့လိုက်ရ၏။

အနောက်ဘက်ခြံဝင်းမှာ ထင်းရှောင်၏ခြံဝင်းဖြစ်၏။

လူထူးလူဆန်းက ဝင်းနံရံကိုကျော်လွှားကာ ခြံဝင်းထဲသို့ ပြေးဝင်သွား၏။

သူပြေးဝင်သွားပြီးသည်နှင့်တစ်ပြိုင်နက် အပြုရောင် မီးခိုးလုံး တစ်ခုက ထွက်ပေါ်လာလေသည်။

လုံးဝေကလည်း နောက်မှလိုက်၍ ခြံဝင်းကို ကျော်လွှားကာ ပြေးလိုက်သွားသည်။

ခြံဝင်းထဲသို့ ရောက်သောအခါ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရတော့ပါချေ။

သူက ဆက်လက်လျှောက်လာရာ အညိုရောင် မိကျောင်းများကို မြင်တွေ့လိုက်ရ၏။

ဤတစ်ကြိမ် သူက ထိတ်လန့်တုန်လှုပ်ခြင်း မရှိတော့ပါချေ။

သူ၏စိတ်ထဲ၌ တစ်စုံတစ်ခုကို သိရှိရန်သာ စိတ်အားထက်သန်နေလေသည်။

ထိုအရာမှာ မိကျောင်းတစ်ပိုင်း ကိုယ်တစ်ပိုင်းရှိသော လူထူးလူဆန်း မည်သူမည်ဝါ ဖြစ်သည်ကို သိရှိရန် ဖြစ်သည်။

* * *

လုံးဝေက ခြံဝင်းထဲ၌ သွက်လက်စွာ လျှောက်လှမ်းလာ၏။

သူ၏ခြေထောက်အစုံက အခန်းတစ်ခုရှေ့၌ ရပ်တန့်လိုက်သည်။

ဤအခန်းမှာ ယို့လန်း နေထိုင်ရာ နေရာပင်ဖြစ်၏။



အခန်းအပြင်ဘက်ရှိဥယျာဉ်ထဲ၌မိကျောင်းရုပ်တုများပြန့်ကြဲနေလေသည်။

လုံးဝေက ပတ်ဝန်းကျင်အား သတိကြီးစွာဖြင့် နား မျက်စိကို အစွမ်းကုန် ဖွင့်ထားရင်းမှ တစ်လှမ်းချင်း လျှောက်သွား၏။

မည်သူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပါချေ။

သူက အိမ်ခန်းထဲသို့ လှမ်းဝင်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် အသံတစ်ခုအား ကြားလိုက်ရလေသည်။

'ယို့ဝူး...ယို့ဝူး'

လုံးဝေက ထိုအသံအား ရုတ်ခြည်း မှတ်မိလိုက်လေသည်။

ယင်းအသံမှာ ရှောင်ရိ၏အသံပင် ဖြစ်၏။

လုံးဝေက ကပျာကယာ အိပ်ခန်းထဲမှ ပြန်ထွက်လိုက်၏။

ရှောင်ရိ၏အသံက ထပ်မံ ထွက်ပေါ်လာပြန်လေသည်။

'ယို့ဝူး...မင်းဘယ်သွားနေတာလဲ'

ထိုအော်သံနှင့်အတူ ရှောင်ရိက ခြံထဲသို့ လှမ်းဝင်လာနေသည်ကို တွေ့လိုက်ရသည်။

ရှောင်ရိက လုံးဝေအား တွေ့လိုက်သောအခါ ခြေလှမ်းရပ်တန့်သွား၏။

သူ၏လျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

'ဩော်...မင်းကိုး'

လုံးဝေက ပြုံးပြလိုက်သည်။

ရှောင်ရိက သူ့အား စေ့စေ့ကြည့်လိုက်၏။

'မင်းပြန်သွားပြီဆို၊ အခုထိ မသွားသေးပါလား'

လုံးဝေက ပြုံး၍ ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့၊ အကြောင်းတစ်ခုရှိလို့ ပြန်လာတာပါ'

ရှောင်ရိက မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ဆိုပါဦး၊ ဘာအကြောင်းထူးလဲ'

လုံးဝေက စကားဆက်လိုက်၏။

'ဦးလေးခေါ်သံ ကြားလိုက်သလားလို့'

ရှောင်ရိက....

'အင်း'



လုံးဝေက....

'ဘယ်သူ့ကို ခေါ်တာလဲ'

ရှောင်ရိက....

'ယို့ဝူး'

လုံးဝေက....

'ယို့ဝူးဆိုတာ ဘယ်သူလဲဗျ'

ရှောင်ရိက....

'ကျုပ်သား အငယ်ဆုံးလေ'

လုံးဝေက....

'သူ့ကို ဘာလို့ ယို့ဝူးဆိုတဲ့ နာမည်ကို ပေးထားရတာလဲ'

'ဗျာ'

ရှောင်ရိ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သူက သက်ပြင်းတစ်ချက် ချလိုက်ရင်းမှ....

'ရှင်းရှင်းပြောရရင် ကျုပ်သားက ရှုံးနေတယ်ဗျ၊ တစ်နေ့နေ့ပြန်ကောင်းလာအောင် ဒီနာမည်ကို ပေးထားတာပါ'

သူက ဆက်ပြောလိုက်သည်။

'သူက ရှူးနေပေမယ့် ကျုပ်စကားကိုတော့ နားထောင်ပါတယ်ဗျ၊ ဒါပေမယ့် ခုနက တွေ့လိုက်ပြီး အော်ခေါ်တာတောင် ပြန်မလာသေးဘူးကွယ့်'

လုံးဝေ၏ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွား၏။

'ဦးက ယို့ဝူးကို တွေ့လိုက်လို့လား'

ရှောင်ရိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုံးဝေက....

'ဦးတွေ့လိုက်တာ အနီရောင်ဝတ်ထားတဲ့ လူလား'

ရှောင်ရိက....

'ဟုတ်ပါတယ်ကွယ်၊ သူက ယို့ဝူးပါ၊ တခြားယောကျ်ားလေးဆိုရင် ဒီလိုအကျီမျိုး ဘယ်ဝတ်ပါ့မလဲ'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဘာလဲ၊ ဦးက ဒီလူ့ရဲ့မျက်နှာကို သေချာတွေ့မြင်မိလို့လား'

ရှောင်ရိက ခေါင်းခါယမ်းလိုက်သည်။



'ဟင်အင်း မတွေ့မိပါဘူး'

လုံးဝေက....

'ဒါဆို ဦးလေးမှားနေပြီဗျ'

ရှောင်ရိက ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘာလဲ၊ စောစောကလူက ယို့ဝူးမဟုတ်ဘူးလား'

လုံးဝေက ခေါင်းခါယမ်းပြလိုက်သည်။

'မဟုတ်ဘူးဗျ'

ရှောင်ရိက အံ့သြသွားဟန်ဖြင့်....

'မင်းက ဘယ်လိုလုပ်ပြောနိုင်တာလဲ'

လုံးဝေက....

'ကျွန်တော်က သူ့နောက်လိုက်ရင်း ဒီကိုပြန်ရောက်လာတာဗျ'

ရှောင်ရိက....

'မင်းက ဘယ်နေရာက ပြန့်လိုက်လာတာလဲ'

လုံးဝေက....

'အလေဝင်းဂေဟာက'

'ဘာ'

ရှောင်ရိက ထအော်လိုက်သည်။

သူက စကားဆက်၍ပြောလိုက်သည်။

'မင်းပြောတာနဲ့ ရုပ်ကုန်ပြီ၊ သူကဘယ်သူလဲ'

လုံးဝေက....

'သူက ကျွန်တော်ပြောတဲ့ လူထူးလူဆန်းပေါ့ဗျ'

ရှောင်ရိက မျက်မှောင်ကြုတ်သွားသည်။

လုံးဝေက စကားဆက်လိုက်၏။

'ခင်ဗျားရဲ့သား ယို့ဝူးလဲ ဟိုမှာရှိနေပါတယ်'

ရှောင်ရိက ဒေါသထွက်သွားသည်။

'ဒီကောင်က ဒီကို အချိန်ရှိတိုင်း သွားနေတာပဲ၊ အခု ပြန်မလာသေးဘူးလား'

လုံးဝေက....

'သူပြန်မလာနိုင်သေးပါဘူး'



ရှောင်ရိက....

'သူက ဘာဖြစ်နေလို့လဲ'

လုံးဝေက....

'သူဘာမှမဖြစ်ပါဘူး၊ မေ့နေလို့ မလာနိုင်သေးတာပါ'

ရှောင်ရိမျက်နှာ ကွက်ခနဲပျက်သွား၏။

သူက အသံတုန်ယင်စွာဖြင့်....

'မဖြစ်ဘူး၊ ငါလိုက်သွားမှ'

သူက စကားဆုံးသည်နှင့် တစ်ပြိုင်နက် ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားလေတော့သည်။

လုံးဝေက တိတ်ဆိတ်စွာ မတ်တတ်ရပ်ရင်း စဉ်းစားနေ၏။

သူသည် လူထူးလူဆန်းနောက်မှ ထက်ကြပ်မကွာ လိုက်လာခဲ့သည်။

လူထူးလူဆန်းက ခြံဝင်းထဲသို့ ဝင်ရောက်သွားသည်ကိုလည်း သူမျက်စိဖြင့် သေချာစွာ မြင်တွေ့ခဲ့ရ၏။

ယခုတွင်မူ လူထူးလူဆန်းက ဤခြံဝင်းထဲ၌ ရှိမနေပါချေ။

ဤသို့ဆိုလျှင် လူထူးလူဆန်းက မည်သို့ရောက်ရှိလာသွားပါသနည်း။

လုံးဝေက ထင်းရှောင်ခြံရှိရာသို့ လှမ်းကြည့်လိုက်၏။

ထိုလူထူးလူဆန်းက ထင်းရှောင်ခြံဘက်သို့ ဝင်ရောက်သွားလေပြီလော။

သူက ထင်းရှောင်ခြံဘက်သို့ ကူးလာရလေတော့သည်။

*  *  *

လုံးဝေက ခြံဝင်းပေါ်သို့ ခုန်တက်လိုက်သည်။

ထို့နောက် ခြံဝင်းထဲသို့ ခုန်ချလိုက်၏။

လုံးဝေသည် ခြံဝင်းနောက်ဘက်မှ ဝင်ရောက်လာခြင်း ဖြစ်ပေသည်။

ထို့ကြောင့် သူက ထင်းစံအိမ်ကလေးအား ပတ်လျှောက်၍ အိမ်ရှေ့သို့ လျှောက်လာ၏။

သူက အိမ်ရှေ့သို့ ရောက်သောအခါ စံအိမ်ထဲသို့ ဝင်ရန် ခြေလှမ်းပြင်လိုက်စဉ် သူ၏ စူးရှသော မျက်လုံးက ဥယျာဉ်



အလယ်ရှိ ထိုင်ခုံလေးပေါ်၌ မိန်းကလေးတစ်ဦးအား တွေ့မြင်သွားသည်။

ထိုမိန်းကလေးမှာ ပန်းခရမ်းရောင်ဝတ်စုံကို ဆင်တူ ဝတ်ဆင်ထားကာ အလွန်ချောမောလှပ၏။

လုံးဝေ အိမ်ထဲသို့ဝင်ရန် ခြေလှမ်းရပ်တန့်လိုက်၏။

ထို့နောက် သူမရှိရာသို့ ခြေထောက်ကိုဖွ၍ လျှောက်သွားလေသည်။

သူမက ပန်းခြံထဲ၌ တစ်ဦးတည်း ငြိမ်သက်စွာ ထိုင်နေ၏။

သူမ၏မျက်လုံးက တစ်စုံတစ်ခုကို စဉ်းစားနေပုံရသည်။

လုံးဝေက သူမထံသို့ ရောက်သောအခါ နောက်မှနေ၍ ပခုံးအား လက်နှစ်ဖက်ဖြင့် ဆတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

'ဟိတ်'

သူမက ထိတ်လန့်သွား၏။

ထို့နောက် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

လုံးဝေက ပြုံး၍ ရပ်နေသည်။

မိန်းကလေး၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

ထို့နောက် သူမ၏နှုတ်ခမ်းနှစ်ခု ဟသွားသည်။

လုံးဝေက ပြုံးနေရာမှ....

'ဘာကြည့်နေတာလဲ၊ မမှတ်မိတော့ဘူးလား'

မိန်းကလေးက အားပါးတရပြုံးလိုက်သည်။

ထိုအခါ သူမ၏မျက်နှာပေါ်၌ ပါးချိုင့်ကလေးနှစ်ခု ခွက်ဝင်သွား၏။

လုံးဝေက ထိုချိုင့်ဝင်သွားသော ပါးချိုင့်ကလေးနှစ်ခုအား ရင်ခုန်စွာဖြင့် စိုက်ကြည့်နေသည်။

ထိုအချိန် မိန်းကလေး၏ ဝမ်းသာအားရအသံက ထွက်ပေါ်လာ၏။

'အစ်ကို'

သူမက ယင်းသို့ခေါ်ရင်း လုံးဝေရှိရာသို့ ပြေးလာသည်။

လုံးဝေက အလိုက်သင့် ထွေးပွေ့ထားလိုက်သည်။

သူ့ရင်ထဲ၌ အလွန်ဝမ်းသာကြည်နူးသွားလေသည်။

သုံးနှစ်ကြာအောင် ခွဲခွာခဲ့ရသော ချစ်သူနှင့် ပြန်လည်တွေ့ဆုံရလေပြီ မဟုတ်ပါလော။



ထို့ပြင် သူ၏ချစ်သူကလည်း နွေးထွေးလှိုက်လှဲစွာ သူ့အား ကြိုဆိုခဲ့လေသည်။

မိန်းကလေးက သူ့အား လွတ်ထွက်သွားမည့်အလား တင်းကျပ်စွာ ပွေ့ဖက်ထားသည်။

အတန်ကြာမျှ မော့ကြည့်ရင်းမှ....

'အစ်ကို'

ဟု ခေါ်လိုက်သည်။

လုံးဝေက ငုံ့ကြည့်လိုက်သည်။

'ဘာလဲညီမ'

ရုတ်တရက် ကျိုယန်း၏မျက်နှာပေါ်၌ မျက်ရည်များစီးဆင်းကျလာသည်။

လုံးဝေက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

'ညီမ....ညီမ၊ ဟာ....ဘာလို့ငိုရတာလဲ'

ကျိုယန်းက ရှိုက်ငိုရင်း....

'အစ်ကိုက ညီမနဲ့ခွဲသွားတာ သုံးနှစ်တောင်ရှိပြီနော်'

လုံးဝေက ကြောင်အမ်းအမ်းဖြင့် ကြည့်နေသည်။

ကျိယန်းက စကားဆက်လိုက်သည်။

'အဲဒီသုံးနှစ်အတွင်းမှာ အစ်ကိုက ညီမဆီကို တစ်ခေါက်တောင် ပြန်မလာဘူးနော်၊ အစ်ကိုသိပ်နေနိုင်တာပဲ'

လုံးဝေက ပြုံးလိုက်သည်။

'ဪ....ဒါကြောင့် ညီမက ဝမ်းနည်းပြီးငိုတာလား'

ကျိယန်းက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး'

'ဟင်....'

လုံးဝေက အံ့သြသွားသဖြင့် လွှတ်ခနဲအသံထွက်သွားသည်။

သူက ကျိယန်းအား စိုးရိမ်စွာဖြင့် ငုံ့ကြည့်ရင်းမှ ကပျာကယာ ပြောလိုက်သည်။

'ဒါဖြင့် ညီမဘာဖြစ်လို့ငိုတာလဲ၊ အိမ်မှာ ဘာပြဿနာတွေဖြစ်....'

ကျိယန်းက မျက်ရည်များကြားမှ ပြုံး၍ လက်ကာပြလိုက်သည်။



'နေပါဦး၊ ဘာတွေလျှောက်ပြောနေတာလဲ'

သူက အသံထွက်အောင် ရယ်မောရင်းမှ....

'ခစ်....ခစ်....ခစ်၊ ညီမရယ်တာက ဝမ်းသာလို့ရှင့်'

'ဟိုက်'

လုံးဝေက မိမိနဖူးမိမိရိုက်ကာ လွှတ်ခနဲအော်လိုက်၏။

သူက ကျိယန်းအား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်သည်။

'ဒုက္ခပါပဲဗျာ၊ ဝမ်းသာရင်လဲ ငိုရသလား'

ကျိယန်းက ဘာမှမပြောပါချေ။

သို့သော် သူမက လုံးဝေအား မျက်စိအောက်မှ ပျောက်သွားတော့မည့်အလား စိုက်ကြည့်နေသည်။

တစ်ဖန် သူမ၏မျက်လုံးအိမ်ထဲမှ မျက်ရည်များက ကျဆင်းလာပြန်လေသည်။

လုံးဝေက ရင်ထဲ၌ ပျော်ရွှင်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့အား တစ်ပြိုင်နက် ခံစားလိုက်ရသည်။

မိမိချစ်သူအား သုံးနှစ်ကြာ ဝေးကွာပြီး ပြန်လည်တွေ့ဆုံချိန်၌ သူမ၏ ကြိုဆိုနှုတ်ဆက်သောအပြုံးမှာ နွေးထွေးလှိုက်လှဲ

ခြင်းကြောင့် ဝမ်းသာခဲ့ရသော်လည်း သူမ၏မျက်ဝန်းအိမ်ထဲမှ မျက်ရည်များက သူ့ရင်အား ထိခိုက် ကြေကွဲစေလေသည် မဟုတ်ပါလော။

သူက သူမ၏ပခုံးအား လက်မောင်းနှစ်ဖက်မှ ဖွဖွလေး ကိုင်ရင်း နှစ်သိမ့်စရာ စကားလုံးများ ရှာဖွေကြည့်နေ၏။

ကျီယန်းက လုံးဝေ၏ရင်ခွင်ထဲ၌ ရှိုက်ငိုနေဆဲပင်။

အတန်ကြာမှ လုံးဝေက သူမအား တိုးတိတ်ညင်သာစွာ ငုံ့၍ပြောလိုက်သည်။

'ညီမလေး ဟိုထိုင်ခုံမှာ ခဏထိုင်ကြရအောင်နော်'

သူက ပြောရင်း ကျီယန်းအား တွဲ၍ ထိုင်ခုံရှိရာသို့ လျှောက်သွား၏။

ကျီယန်းကလည်း သူ့လက်မောင်းအား တင်းကျပ်စွာဆုပ်ကိုင်ရင်း လိုက်ပါလာသည်။

သူတို့နှစ်ယောက်က ထိုင်ခုံရှိရာ၌ ထိုင်ချလိုက်သည်။ ကျီယန်း၏မျက်ရည်များက မခြောက်သေးပါ။

လုံးဝေက သူမ၏မျက်ရည်အား ယုယစွာသုတ်ပေးလိုက်၏။

'ညီမရယ် ငိုမနေပါနဲ့တော့၊ နောက်ဆိုရင် အစ်ကိုဟာ ဘယ်တော့မှ ညီမနားက အဝေးကို ထွက်မသွားတော့ပါဘူး'



သူက ကျီယန်းအား စိုက်ကြည့်ရင်းမှ စကားဆက်လိုက်သည်။

'ညီမရဲ့ အိမ်ထောင်မှု ထိန်းသိမ်းမှုအောက်မှာ နွေးထွေးကြင်နာမယ့် အချစ်တွေကို ဘဝတစ်သက်လုံး မျှဝေခံစားနိုင်ဖို့ အပြီးအပိုင် အစ်ကိုပြန်လာခဲ့တာပါကွာ'

ကျီယန်းက သူ၏မျက်နှာအား ဆတ်ခနဲ မော့ကြည့်လိုက်သည်။

သူမ၏အကြည့်ထဲ၌ ပျော်ရွှင်ကြည်နူးရိပ်များ ယှက်သန်းနေသည်။

သူမက ကြည်ကြည်နူးနူး ပြုံးပြလိုက်ကာ....

'တကယ်လားအစ်ကို'

လုံးဝေက....

'တကယ်ပေါ့'

ကျီယန်း၏ မျက်နှာလေးက လုံးဝေ၏ရင်ခွင်ထဲသို့ တိုးဝင်ခိုလှုံလိုက်လေသည်။

လုံးဝေကလည်း ယုယစွာသိုင်းဖက်ထားလိုက်၏။

အတန်ကြာတော့မှ လုံးဝေက သူမအား အသာအယာ တွန်းခွာလိုက်သည်။

'ညီမ ဘယ်တုံးက ပြန်ရောက်လာတာလဲဟင်'

ကျီယန်းက သူမ၏မျက်နှာလေးအား မော့၍....

'သိပ်မကြာသေးပါဘူး အစ်ကို'

လုံးဝေက ပြုံး၍....

'အစ်ကိုရောက်နေတာ သိသလား'

ကျီယန်းက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့၊ ဖေဖေ ပြောပြပါတယ်'

သူမက လုံးဝေမျက်နှာအား စေ့စေ့ကြည့်လိုက်သည်။

သူမ၏ လှပကျော့ညွှတ်နေသော မျက်တောင်အောက်မှ ရွှန်းလက်တောက်ပသော မျက်ဝန်းအစုံအား မြင်လိုက်ရသော အခါ လုံးဝေမှာ အသက်ရှူရန်ပင် သတိမေ့ခဲ့ရသည်။

သူမအသံ ထွက်ပေါ်လာသည်။

'ဟင်....မတွေ့ရတဲ့ သုံးနှစ်အတွင်းမှာ အစ်ကို့ အသားတွေ နည်းနည်းညိုသွားသလားလို့'

လုံးဝေက ရယ်မောလိုက်သည်။

'ညိုတာမဟုတ်ဘူး၊ မည်းတာထင်တယ်'



ကျီယန်းက ခေါင်းခါယမ်းလိုက်သည်။

'မမည်းပါဘူး၊ ညိုတာပါ'

လုံးဝေက ရယ်မောလိုက်ပြန်သည်။

'ကဲ.... ထားလိုက်ပါတော့လေ၊ ညိုသည်ဖြစ်စေ မည်းသည် ဖြစ်စေ အစ်ကိုက သိုင်းလောကမှာ လှုပ်ရှားသွားလာနေတာ ကိုးဗျ'

ကျီယန်းက ပြုံးလိုက်သည်။

'အစ်ကို သုံးနှစ်လောက် ညီမနဲ့ခွဲနေတာ သတိမရဘူးလား ဟင်'

လုံးဝေက ပြုံးလိုက်သည်။

'အာ....ဘယ့်နှယ့် ပြောလိုက်ပါလိမ့်၊ တကယ့်ကိုသတိရတာ ပေါ့ကွာ'

သူက ဆက်ပြောလိုက်သည်။

'ညီမကရော အစ်ကိုနဲ့မတွေ့တဲ့ သုံးနှစ်အတွင်းမှာ ပိုပြီး လှလာတယ် သိလား'

'သွား'

ကျီယန်းက ထအော်လိုက်သည်။

သူမက ရှက်ပြုံးပြုံးနေရင်းမှ....

'ဒါနဲ့ အစ်ကို သိုင်းလောကမှာ နာမည် တော်တော် ကျော်ကြားလာတယ်လို့ ဖေဖေက ပြောတယ်'

လုံးဝေက တစ်စုံတစ်ခုအား သတိရလာ၏။

'ဩော်...ညီမ ဒီမှာထိုင်နေတာ ကြာပြီလား'

ကျီယန်းက....

'ဟုတ်ကဲ့ ကြာပါပြီ'

လုံးဝေက....

'အနီရောင် ဝတ်ဆင်ထားတဲ့ လူငယ်တစ်ယောက် ခြံထဲဝင်လာတာ မတွေ့မိဘူးလားဟင်'

ကျီယန်း ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မတွေ့မိပါလားရှင်'

လုံးဝေက တွေဝေသွား၏။

'ညီမ ဒီခြံထဲမှာ ထိုင်နေတာ ဘယ်အချိန်လောက်ကလဲ'

ကျီယန်းက....



'မွန်းလွဲပြီးစ ကတည်းက ရောက်နေတာရှင့်၊ ညီမရောက်လာတော့ အစ်ကိုအပြင်ထွက်သွားခါစပဲ ရှိသေးတယ်လေ'

သူမက စကားဆက်လိုက်လေသည်။

'ညီမကို ဖေဖေက အစ်ကို အပြင်ထွက်သွားတယ်ပြောတယ်' တာနဲ့ အကျီတောင်မလဲဘဲ ဒီခြံထဲမှာ ထွက်စောင့်နေတာပျ'

သူမ၏စကားကြောင့် လုံးဝေမှာ တွေဝေသွားရပြန်သည်။

အနီရောင်ဝတ်ဆင်ထားသော လူထူးလူဆန်းအား ရှောင်ရိခြံထဲသို့ဝင်၍ မိမိက ရှာဖွေခဲ့ပြီးလေပြီ။

သို့ရာတွင် ရှောင်ရိခြံထဲ၌ မတွေ့ခဲ့ရပါချေ။

ဤသို့ဆိုလျှင် ထင်းရှောင်၏ ခြံထဲသို့သာရောက်ရန် လမ်းရှိသည်။

ယခုတစ်ဖန် ကျီယန်းက လူထူးလူဆန်းအား မတွေ့လိုက်ပါဟု ဆိုနေလေသည်။

ထိုသို့ဆိုလျှင် လူထူးထူးဆန်းက မည်သည့်နေရာသို့ ထွက်ခွာသွားပါသနည်း။

သူက ငြိမ်သက်စွာ စဉ်းစားနေ၏။

ကျီယန်းက သူ့အား စေ့စေ့ကြည့်လိုက်ရင်းမှ....

‘အစ်ကို ဘာတွေဖြစ်နေတာလဲရှင့်’

လုံးဝေက ယခုမှ ပြန်လည်သက်ဝင်လာသည်။

[illegible]ော်....အစ်ကိုက အနီရောင်ဝတ်ဆင်ထားတဲ့လူ နောက်ကို လုံးဝေက ကိုရောက်မှ ပျောက်သွားလို့ပါ’

‘ကျီယန်းက မျက်မှောင်ကြုတ်သွား၏။

‘ဘယ်သူများပါလိမ့်’

လုံးဝေက....

‘အစ်ကိုလဲ တိတိကျကျတော့ မသိဘူး၊ ဒါပေမယ့် ဒီလူက တော်သော်ကို ထူးဆန်းနေတယ် ညီမ’

လုံးဝေက သူမအား စိုက်ကြည့်လိုက်သည်။

‘ဟင်း.... ဇာတ်လမ်းအစကတော့ အစ်ကိုလာတဲ့ တောင်ကြားလမ်းက စခဲ့တာပါပဲ’

သူက လမ်းမှာတွေ့ဆုံခဲ့သူ လူထူးလူဆန်းအကြောင်း၊ ပန်းပုသူဇာအကြောင်း စသည်တို့အား အသေးစိတ် ပြောပြလိုက်ရလေသည်။

သူ၏ စကားဆုံးသောအခါ ကျီယန်း၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။



‘အစ်ကိုပြောသလို ဒီပန်းပုသူဇာဟာ ကျွန်မနဲ့တူတယ်ဆိုရင် ယို့လန်းရဲ့လက်ရာဖြစ်ရမယ်’

လုံးဝေက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ရှောင်ရိကလဲ ဒီအတိုင်းပြောပါတယ်’

သူက ကျီယန်းအား စိုက်ကြည့်လိုက်သည်။

ကျီယန်းက....

‘ရှင်က ဘာဖြစ်လို့ ဒီလိုကြည့်နေတာလဲရှင့်’

လုံးဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

‘ယို့လန်းထုထားတဲ့ ပန်းပုရုပ်ဟာ ညီမနဲ့ ချွတ်စွပ်တူနေလို့ပါကွာ’

ကျီယာန်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

သူမက လုံးဝေအား မော့ကြည့်လိုက်သည်။

‘အစ်ကိုက ကျွန်မကို မယုံသင်္ကာဖြစ်နေလို့လား’

လုံးဝေက ကပျာကယာ ဟန့်တားလိုက်ရ၏။

‘ဟာ....မဟုတ်ပါဘူးကွာ’

ကျီယန်းက နှုတ်ခမ်းစူ၍....

'ဒါဖြင့် အစ်ကိုက ဘာလို့ကြည့်ရတာလဲ'

လုံးဝေက...

'သူ့ ပန်းပုလက်ရာကို အံ့သြနေလို့ပါကွာ'

ကျိုယန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

'သူနဲ့ကျွန်မဟာ ငယ်ငယ်လေးတည်းက အတူကြီးပြင်းလာတာရှင့်၊ ဒီထက်တိကျတာပြောရရင် သူက ကျွန်မကို ချီပိုးထိန်းကျောင်းလာခဲ့တာလေ'

သူမက ဆက်ပြောလိုက်သည်။

'ကျွန်မက သူ့ ရှေ့မှာတင် ကြီးပြင်းလာတာဆိုတော့ ကျွန်မရဲ့ ရုပ်သွင်ကို စိတ်ကူးနဲ့ ထွင်းနိုင်တာနေမှာပေါ့ရှင်'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်မှာပါလေ'

သူက စကားဦး လွှဲလိုက်ပြန်သည်။

'ခါနဲ့ အစ်ကိုလာမယ်ဆိုတာ သေသေချာချာ ပြောထားလျက်နဲ့ ညီမ ဘယ်ကိုထွက်သွားတာလဲ'

ကျိုယန်းက အံ့အားသင့်သွား၏။



'ဟင်....အစ်ကိုလာမယ်ဆိုတာ ညီမမှမသိတာ'

လုံးဝေ မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

'အစ်ကို ကြိုတင်ပြီး စာသည့်ထားတယ်လေ'

ကျိုယန်းက ခေါင်းခါယမ်းလိုက်၏။

'ဟင့်အင်း... ဒီစာကို ညီမ မရပါဘူး'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

သူက ကြိုတင် စာပို့ခဲ့သည်မှာ သေချာ၏။

ယခုတွင်မူ ကျိုယန်းက ယင်းစာမှာ သူမထံ မရောက်လာပါဟု ဆိုလာလေသည်။

ဤသို့ဆိုလျှင် ထိုစာက မည်သည့်နေရာသို့ ရောက်သွားပါသနည်း။

'ဟင်း...စာပို့လဲလူက မှားပြီးပို့လိုက်တာနဲ့ တူပါတယ်'

သူက ရုတ်တရက် တစ်ဖက်ခြံအား သတိရသွားမိသည်။

'ဟိုဘက်ခြံနဲ့ ဒီဘက်ခြံက ကပ်နေလို့ မှားပြီး ပို့သွားတာများလား'

သူက ကျိယန်းအားကြည့်၍ စကားဆက်လိုက်၏။

'ဒါနဲ့ တစ်ဖက်ခြံက ယို့လန်းတို့အဖေနဲ့ ညီမတို့အဖေက သိပ်ခင်မင်တဲ့ မိတ်ဆွေတွေဆို...'

ကျိယန်းက....

'ဟုတ်ကဲ့....အလျှင်တုန်းကတော့ သူတို့ တစ်ယောက်နဲ့ တစ်ယောက် အတော်လေး ရင်းနှီးကြပါတယ်'

လုံးဝေက....

'နောက်တော့ကော....'

ကျိယန်းက...

'လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ဦးလေးရှောင်ရိဟာ ဘယ်သူ့ကိုမှ လက်ခံတွေ့ပြီး စကားမပြောတော့ဘူး အစ်ကို'

သူမက စကားဆက်လိုက်၏။

'အင်း....ဒါကြောင့်ထင်ပါရဲ့၊ ဖေဖေလဲ သူတို့ဆီ မသွားတော့ပါဘူး'

လုံးဝေက အတန်ကြာအောင် စဉ်းစားနေသည်။



'အဲဒီလို သူတို့တစ်ယောက်နဲ့တစ်ယောက် မတွေ့ကြတော့ဘူးဆိုတော့ ရှောင်ရိမိန်းမကရော ဘာမှအဆက်အသွယ် မလုပ်တော့ဘူးလား'

ကျိယန်း၏ မျက်ဝန်းထဲ၌ ဝမ်းနည်း ကြေကွဲရိပ်များ ပေါ်ပေါက် လာသည်။

'အဲဒီလို သူတို့တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဆုံတဲ့အချိန်မှာ ဒေါ်လေးရှမ်းကျင်း သေဆုံးသွားပါပြီ'

သူမက ဖြည်းလေးစွာဖြင့် ဆက်ပြောလိုက်သည်။

'ဒေါ်လေးရှမ်းကျင်းရှိရင် ဘယ်ဒီလိုနေမှာလဲ၊ သူက ညီမကို သိပ်ချစ်တာ'

'ဪ....'

လုံးဝေ၏နှုတ်မှ လွှတ်ခနဲ ထွက်သွား၏။

သူက အတန်ကြာ တိတ်ဆိတ်နေလေသည်။

'ညီမ....'

ရုတ်တရက် သူက ကျိယန်းအား ခေါ်လိုက်သည်။

ကျိယန်းက သူ့အား မော့ကြည့်လိုက်သည်။

'ဘာလဲ အစ်ကို'

လုံးဝေက ပြောသင့် မပြောသင့် စဉ်းစားနေ၏။

ကျီယန်းက သူ၏ မျက်နှာ အမူအရာအား နားလည်ဟန်ဖြင့်...

'အစ်ကို... ညီမတို့ အစ်ကိုတို့တွေဟာ မနက်ဖြန် သန်ဘက်ခါဆိုရင်ပဲ မိသားစုတွေ ဖြစ်တော့မယ်'

သူမက ဆက်ပြောလိုက်၏။

'ဒီတော့ အစ်ကို ပြောစရာရှိတာကို ပွင့်ပွင့်လင်းလင်း ပြောသင့်ပါတယ်'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အစ်ကို့ ရင်ထဲမှာ လူတစ်ယောက်ကို သံသယဝင်နေတယ်ထင်တယ်'

ကျီယန်းက...

'ဘယ်သူ့ကို သံသယဖြစ်နေလို့လဲ'

လုံးဝေက...



'ညီမတို့ဖေဖေကို'

'ရှင်...'

ကျီယန်း၏နှုတ်မှ လွှတ်ခနဲ ထွက်သွားသည်။

သူမက ဝိုင်းစက်သော မျက်လုံးများဖြင့် လုံးဝေအား ကြည့်လိုက်၏။

'အစ်ကိုက ဖေဖေ့ အပေါ်မှာ ဘာသံသယ ဖြစ်နေလို့လဲ'

လုံးဝေက...

'အစ်ကို တစ်နေ့ညက တွေ့ခဲ့ရတဲ့လူဟာ အပြာရောင်ပန်းနဲ့ အစိမ်းရောင် ပန်းထိုးထားတဲ့ အင်္ကျီကို ဝတ်ဆင်ထားတယ်၊ နောက်ပြီး ညီမတို့အိမ်ကို ရောက်တော့ ညီမဖေဖေဟာ တစ်ဖက်ခန်းမှာ ရှိနေတယ်လို့ ဘာဘပြောတယ်၊ ဒါနဲ့...'

သူက ခေတ္တနား၍ စကားဆက်လိုက်သည်။

'ဒါနဲ့ အစ်ကိုလဲ ညီမဖေဖေကို နှုတ်ဆက်ဖို့အနောက်ဘက်အဆောင်က စာဖတ်ခန်းဆီကို လိုက်သွားခဲ့တယ်လေ၊ အဲဒီအခန်းထဲမှာ ပထမ ညီမဖေဖေ ရှိမနေဘူး'

သူက စကားကို ခေတ္တရပ်နားလိုက်ပြီး ကျီယန်းအား ကြည့်လိုက်လေသည်။

ကျိယန်းက လုံးဇေဝ ပြောပြနေသည်ကို အားရှုံစူးစိုက်၍ နားထောင်နေ၏။

လုံးဝေက စကားဆက်လိုက်၏။

'နောက်တော့မှ ဘယ်ကနေ ဘယ်လို ရောက်လာမှန်း မသိပါဘူး၊ ကန့်လန့်ကာနားမှာ ပေါ်လာတယ်လေ'

သူဝတ်ထားတဲ့ အဝတ်အစားကလဲ တစ်ဖက်ခန်းမှာ တွေ့ခဲ့ရတဲ့ လူရဲ့ အဝတ်အစားနဲ့ တစ်ထပ်တည်း တူနေတာ တွေ့ရတယ်'

သူက စကားဆက်လိုက်၏။

'ဒီထက်ပိုပြီး အံ့ဩစရာကောင်းတာက ညီမအဖေရဲ့လက်မှာ ဒဏ်ရာတစ်ခုခုရပြီး အဝတ်နဲ့စည်းထားတာ တွေ့ရတယ်လေ'

ကျိယန်းက....

'အစ်ကိုက မေးမကြည့်ဘူးလား'

လုံးဝေက ပြုံးလိုက်သည်။

သူ၏အပြုံးမှာ မချိပြုံးပင်ဖြစ်၏။

'မေးကြည့်တာပေါ့ ညီမရယ်၊ သူက ခားသွေးရင်း ဒဏ်ရာရသွားတာပါလို့ ပြောတယ်လေ'



ကျိယန်း၏မျက်နှာ တွေဝေစဉ်းစားနေ၏။

အတန်ကြာတော့မှ သူမက....

'ဒီလိုဆို ဖေဖေနဲ့တွေ့ပြီး ပွင့်ပွင့်လင်းလင်း မေးကြည့်တာ အကောင်းဆုံးပဲလို့ ကျွန်မထင်တယ်'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

သူတို့နှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်လိုက်ကြ၏။

ထို့နောက် ထင်းရှောင် အခန်းရှိရာသို့ လျှောက်သွားလေတော့သည်။

### အနီရောင်အင်္ကျီနှင့်လူ

ပန်းခြံထဲ၌ လေက ဝါဟူးဟူးတိုက်ခတ်နေ၏။

လုံးဝေနှင့်ကျီယန်းတို့က ပန်းခြံအားဖြတ်လျှောက်၍ အိမ်ထဲသို့ ဝင်လိုက်သည်။

သူတို့နှစ်ယောက်က လက်ချင်းတွဲကာ စင်္ကြံလမ်းအတိုင်း လျှောက်သွားကြ၏။

ထင်းရှူးဝါသည် တစ်ဖက်ခန်းသို့ မရောက်မီမှာပင်....

'ဟား ...ဟား....ဟား'

ရယ်မောသံတစ်ခု ကျယ်လောင်စွာ ထွက်ပေါ်လာသည်ကို ကြားလိုက်ရ၏။



လုံးဝေနှင့် ကျီယန်းတို့က တစ်ယောက်မျက်နှာတစ်ယောက် ငြိုင်တူကြည့်လိုက်၏။

ထို့နောက် တစ်ဖက်ခန်းဆီသို့ ခြေလှမ်း သုတ်သုတ်ဖြင့် လျှောက်သွားကြ၏။

သူတို့နှစ်ယောက် သီးသန့်စာဖတ်ခန်းသို့ ရောက်သောအခါ တံခါးပိတ်မထားသည်ကို တွေ့ရှိလိုက်ရ၏။

သူတို့က အခန်းထဲသို့ လှမ်းဝင်လိုက်၏။

ရုတ်တရက် သူတို့၏မျက်လုံး ဝိုင်းစက်ပြူးကျယ် သွားလေသည်။

အခန်းထဲ၌ အနီရောင်အင်္ကျီ ဝတ်ဆင်ထားသော လူတစ်ယောက်က သူတို့အားကျောခိုင်း၍ ကျယ်လောင်စွာ အော်ဟစ်ရယ်မောနေသည်ကို တွေ့ရ၏။

ကျီယန်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

သူမက....

'ဖေဖေ'

ဟု အော်ရင်း အနီရောင်အင်္ကျီ ဝတ်ဆင်ထားသူထံသို့ ပြေးသွား သွားလေသည်။

အခန်းတစ်ခုလုံး အရက်နံ့များ ထောင်းထောင်းထနေ၏။

အိမ်ဆောင်ပရိဘောဂများ ပြိုလဲနေသည်။

'ဖေဖေ'

ကျီယန်းက အော်ဟစ်ခေါ်လိုက်သည်။

'ဦးလေး'

လုံးဝေကလည်း အော်ဟစ်၍ ခေါ်လိုက်၏။

သူတို့၏မျက်လုံးများက အခန်းတစ်ခုလုံးအား ရှာဖွေကြည့်နေလေသည်။

ကျီယန်း၏ ငိုသံ ရောယှက်နေသော အသံကလေးက ထွက်ပေါ်လာလေသည်။

'ဖေဖေ ဒုက္ခပါပဲ၊ဖေဖေ ဘယ်ရောက်သွားပြီလဲ အစ်ကိုရယ်၊ လုပ်ကြပါဦး'

သူမက ထပ်မံရှာဖွေ ကြည့်ပြန်သည်။

သို့သော် ထင်းရှောင်အား မတွေ့ရပါချေ။

ထိုအချိန် လုံးဝေက မှောက်လျက်လဲကျနေသော အနီရောင်ဝတ်ဆင်ထားသောလူဆီသို့ လျှောက်သွား၏။



ယင်းနောက် ထိုလူအား ပက်လက်လှန်ကြည့်လိုက်သည်။

'ဟာ....'

လုံးဝေက ထအော်လိုက်သည်။

ကျီယန်းက လုံးဝေအသံကြောင့် လှည့်ကြည့်လိုက်ရာ....

'ဟင်....'

ကြမ်းပြင်ပေါ်၌ လဲကျနေသူမှာ အနီရောင်ဝတ်ဆင်ထားသော လူထူးလူဆန်းမဟုတ်ပါချေ။

ထင်းရှောင်ပင် ဖြစ်နေ၏။

လုံးဝေနှင့် ကျီယန်းတို့နှစ်ယောက်က ကြောင်အမ်းအမ်းဖြင့် ထင်းရှောင်အား ကြည့်နေကြ၏။

အတန်ကြာမှ သူတို့နှစ်ယောက်မှာ သတိဝင်လာပြီး ထင်းရှောင်အား ပွေ့ထူလိုက်ပြီး ကုပ်ပျစ်ပေါ်သို့ တင်ပေးလိုက်သည်။

ထင်းရှောင်မှာ မည်သို့မျှ လှုပ်ရှားနိုင်ခြင်းမရှိဘဲ သူတို့ပြုသမျှ ခံနေရလေသည်။

လုံးဝေက စိုးရိမ်သွားမိသည်။

‘ဟင်…လူထူးလူဆန်းက သူ့အင်္ကျီနဲ့ လဲဝတ်ပေးချင်လို့ သူ့ကိုတိုက်ခိုက်သွားတာလား’

ဟု ကျိတ်၍တွေးရင်းမှ ထင်းရှောင်၏ တစ်ကိုယ်လုံးအား ရှာဖွေကြည့်နေလေသည်။

ထင်းရှောင်၏ တစ်ကိုယ်လုံး၌ ဒဏ်ရာဟူ၍ မတွေ့ရပါချေ။

ထို့ပြင် သွေးကြောများမှာလည်း ပုံမှန်အတိုင်း လည်ပတ်နေလေသည်။

ကျိုယန်းက စိုးရိမ်ကြီးစွာဖြင့် သူမ၏ဖခင်အား တတွတ်တွတ် ခေါ်နေ၏။

‘ဖေဖေ…ဖေဖေ’

သူမက မည်သို့ခေါ်စေကာမူ ထင်းရှောင်က တုပ်တုပ်မျှ မလှုပ်ပါချေ။

သူမက ပိုမိုစိုးရိမ်လာသဖြင့် လုံးဝေအား လှည့်ကြည့်လိုက်၏။

‘အစ်ကို ဖေဖေဘာဖြစ်သွားတာလဲ ဟင်’

လုံးဝေက ပင့်သက်တစ်ချက်ချလိုက်သည်။

‘သူဘာမှမဖြစ်ပါဘူးကွာ’



ကျိုယန်းက မျက်မှောင်ကြုတ်သွား၏။

‘ဒါဖြင့် ဖေဖေဘာဖြစ်လို့ ဒီလိုဖြစ်သွားရတာလဲ’

လုံးဝေက ပြန့်ကြဲနေသော အရက်ဘူးများအား တစ်ချက် ကြည့်လိုက်သည်။

‘သူက အရက်ကို အလွန်အကျွံသောက်ထားလို့ပါ’

ကျိုယန်းက အံ့သြသွားသည်။

‘ဖေဖေ ဘာဖြစ်လို့ ဒီလောက်တောင် အရက်တွေ သောက်ရတာလဲမသိဘူး’

သူမက ဆက်ပြောလိုက်သည်။

‘တစ်ခါမှ သူဒီလောက်အရက်မသောက်ဖူးပါဘူး’

လုံးဝေက သက်ပြင်းတစ်ချက်ချလိုက်သည်။

‘ဒီနေ့တော့ သူက သက်သက်အလွန်အကျွံမူးချင်လို့ တမင်သက်သက် သောက်တာနဲ့တူတယ်’

ကျိုယန်းက အံ့အားသင့်သွား၏။

‘ဘာဖြစ်လို့လဲဟင်’

လုံးဝေက ပခုံးတွန့်ပြလိုက်သည်။

'ဒါတော့ အစ်ကိုဘယ်သိမှာလဲ'

ကျီယန်းက အနည်းငယ်တွေဝေသွားသည်။

'ထားပါတော့လေ၊ အခု ဖေဖေ့အတွက် စိုးရိမ်စရာ ရှိသလားဟင်'

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'ကိစ္စမရှိပါဘူး၊ အရက်မူးပြေရင် ကောင်းသွားမှာပါ'

လုံးဝေက ထင်းရှောင်၏ခန္ဓာကိုယ်ပေါ်ရှိ အနီရောင်အင်္ကျီအား တစ်ချက်ကြည့်လိုက်သည်။

'ညီမ'

ကျီယန်းက....

'ဘာလဲအစ်ကို'

လုံးဝေက ထင်းရှောင်အား လက်ညှိုးထိုးပြလိုက်၏။

'ညီမဖေဖေဟာ ဒီလိုပဲ အင်္ကျီဝတ်လေ့ရှိသလား'

ကျီယန်းက ခေါင်းခါယမ်းလိုက်သည်။



'ဟင့်အင်း.... မဝတ်ပါဘူး၊ ဒါပေမယ့် တစ်နှစ်မှာ တစ်ခါတော့ ဝတ်တယ်အစ်ကို'

လုံးဝေ၏မျက်လုံး ဝင်းလက်သွားသည်။

'ဘာဖြစ်လို့လဲ'

ကျီယန်းက....

'ကျွန်မလဲ အံ့ဩလို့ ဖေဖေ့ကို မေးကြည့်မိဖူးပါတယ်'

လုံးဝေက....

'သူက ဘာပြောသလဲ'

ကျီယန်းက....

'ဖေဖေကပြောတော့ လူတစ်ယောက်ကို အမှတ်တရအနေနဲ့ ဝတ်တာပါလို့ ပြောပါတယ်'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'အဲဒီလူက ဘယ်သူလဲဟင်'

ကျီယန်းက....

'ဒါတော့ ဖေဖေက မပြောပါဘူး'

လုံးဝေက စဉ်းစားနေသည်။

သူတို့ နှစ်ယောက်မှာ အတန်ကြာသည့်အထိ တိတ်ဆိတ်သွား၏။

ရုတ်တရက် တိတ်ဆိတ်မှုအား ကျိုယန်းက စတင်ဖြိုခွင်းလိုက်သည်။

‘အစ်ကို လုံးဝေ’

[illegible]ဝေက သူမအား ကြည့်လိုက်သည်။

‘[illegible]’

[illegible]ယန်းက....

‘ရှင် ဘာတွေ စဉ်းစားနေလဲဆိုတာ ကျွန်မသိတယ်’

လုံးဝေက ပြုံးလိုက်သည်။

‘ကဲ....ဆိုပါဦး၊ အစ်ကို ဘာတွေ စဉ်းစားနေသလဲဆိုတာ’

ကျိုယန်းက....

‘ရှင်လိုက်ပြီး ခြေရာခံနေတဲ့လူဟာ ကျွန်မဖေဖေများ ဖြစ်နေလားလို့ သံသယဖြစ်နေတယ် မဟုတ်လား’

လုံးဝေက ပခုံးတွန့်လိုက်သည်။



ကျိုယန်းက ဆက်ပြောလိုက်၏။

‘အကြောင်းကတော့ တိုက်ဆိုင်လွန်းနေလို့ အစ်ကို သံသယဖြစ်မယ်ဆိုလဲ ဖြစ်လောက်ပါတယ်’

သူမက ခေတ္တ စကားရပ်နားလိုက်၏။

‘ဒါပေမယ့် ဖေဖေ့ရဲ့ မျက်နှာနဲ့ လက်မှာ ရှင်ပြောသလို မိကျောင်းကွက်တွေမှ မရှိတာရှင့်’

လုံးဝေက ပြုံးလိုက်သည်။

‘ဒါကတော့ လွယ်ပါတယ်လေ’

ကျိုယန်းက ...

‘ဘာလွယ်တာလဲ’

လုံးဝေက ...

‘မျက်နှာဖုံးတစ်ခုရယ် လက်အိတ်တစ်ခုရယ်ရှိရင် ဖြစ်နိုင်ပါတယ်’

ကျိုယန်းက မျက်မှောင်ကြုတ်သွား၏။

‘အစ်ကိုက ဘာကိုဆိုလိုတာလဲ’

လုံးဝေက....

'ဟင်...ညီမမေးတော့လဲ အစ်ကိုက ရှင်းရှင်းပဲ ပြောရတော့မှာပေါ့၊ အဲဒီ လူထူးလူဆန်းဆိုတာ မသမာသူတစ်ယောက်က မိကျောင်းရဲ့ အရေခွံကိုခွာပြီး မှမ်းမံထားတဲ့ မျက်နှာဖုံးနဲ့ လက်အိတ်ကို ချုပ်လုပ်ထားတာလို့ ပြောနိုင်ပါတယ်'

ကျီယန်းက တွေဝေသွားသည်။

'မိကျောင်းအရေခွံက ဘယ်ကရမှာလဲရှင့်'

လုံးဝေက ပြုံးပြလိုက်သည်။

'မသမာသူတစ်ယောက်ဟာ သူ့မှာအကြံအစည်တစ်ခုရှိလာပြီဆိုရင် မဖြစ်နိုင်တာကို ဖြစ်အောင် လုပ်တတ်ကြတာဟာ မဆန်းပါဘူး'

ကျီယန်း၏လေသံ အနည်းငယ် တင်းမာလာသည်။

'ဖေဖေဟာ ရှင်ထင်သလို မသမာတဲ့လူတစ်ယောက် မဟုတ်နိုင်ပါဘူး'

လုံးဝေက ပြုံးလိုက်သည်။

'အစ်ကိုကလဲ တိတိကျကျ ဖြစ်မယ်လို့ မပြောသေးပါဘူး၊ တခြားလူ ဖြစ်ချင်လဲ ဖြစ်နိုင်ပါတယ်'



ကျီယန်းမျက်နှာ တင်းမာမှု အနည်းငယ် လျော့ပါးသွား၏။

'ဟင်....ဘယ်သူဖြစ်နိုင်မလဲ မသိဘူးနော်'

လုံးဝေက တစ်စုံတစ်ခု သတိရလာသည်။

'ညီမ အစ်ကိုအခုမှ သတိရလာတယ်ကွ'

ကျီယန်းက....

'ဘာလဲအစ်ကို'

လုံးဝေက....

'အစ်ကို တစ်နေ့ညက အပြာရောင်ပန်းနဲ့ အစိမ်းရောင်ပန်းအကျီထိုးထားတဲ့လူကို တွေ့ရတယ်'

သူက ဆက်ပြောလိုက်သည်။

'အဲဒီလူက မယ်တော်အဝတ်အစားနဲ့ လူနား ကပ်သွားတဲ့အခါမှာ စူးဝါးတဲ့အော်သံ ကြားလိုက်ရတယ်လေ'

ကျီယန်းက စိတ်ဝင်စားစွာ နားထောင်နေ၏။

လုံးဝေက ဆက်ပြောလိုက်၏။

'ကနေ့ နေ့လယ် အစ်ကို အဲဒီအိမ်ကိုဖြတ်သွားတော့ လက်ချောင်းဆစ်ကလေးတစ်ခုကို သွေးကွက်ထဲမှာ တွေ့ခဲ့ရတယ်'

ကျိယန်း၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားသည်။

'လက်ချောင်းဆစ်ပြတ်ကလေး ဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ် ညီမ'

ကျိယန်းက....

'အဲဒီလက်ချောင်းပြတ်ကလေးရော'

လုံးဝေက အိတ်ထဲသို့ နှိုက်ယူလိုက်သည်။

သူ့လက် အပြင်သို့ ပြန်ထွက်လာသောအခါ လက်ထဲ၌ လက်ကိုင်ပဝါလေးတစ်ထည် ပါရှိလာ၏။

သူက လက်ကိုင်ပဝါလေးအား ဖြေပြလိုက်သည်။

ကျိယန်း၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

'ဟင်....ဟုတ်ပါရဲ့၊ ဘယ်သူ့လက်လဲမသိဘူးနော်'

လုံးဝေက ဘာမှပြန်မပြောပါချေ။

သူက ထင်းရှောင်၏လက်၌ စည်းထားသောအဝတ်များကို ဖြေကြည့်လိုက်သည်။



မှန်ပေသည်။

ထင်းရှောင်၏ လက်ချောင်းကလေး ပြတ်နေသည်ကို တွေ့လိုက်ရ၏။

ဝဲဘက် လက်သန်းကလေးပင် ဖြစ်၏။

လုံးဝေသည် လက်ကိုင်ပဝါထဲရှိ လက်ချောင်းပြတ်ကလေးအား နှိုက်ယူကာ ထင်းရှောင်၏ လက်သန်းပြတ်ကလေးနှင့် ဆက်စပ်ကြည့်လိုက်သည်။

'ဟင်...'

ကျိယန်း၏မျက်နှာ ကွက်ခနဲပျက်သွား၏။

အကြောင်းမှာ ယင်း လက်ချောင်းပြတ်ကလေးမှာ ထင်းရှောင် လက်သန်းပြတ်ကလေးဖြစ်နေကြောင်း တွေ့ရှိလိုက်ရ၍ ဖြစ်သည်။

လုံးဝေက သူမမျက်နှာလေးအား စေ့စေ့ကြည့်လိုက်၏။

* * *

ကျိုယန်း၏ မျက်နှာတစ်ခုလုံး ညိုးနွမ်းသွား၏။

သူမ၏ မျက်ဝန်းအိမ်မှ မျက်ရည်များက စီးဆင်းကျလာသည်။

သူမနှုတ်ခမ်းနှစ်လွှာက တဆတ်ဆတ် တုန်ယင်လာသည်။

သူမ၏ရင်ထဲ၌ ချက်ချင်း ဒေါသထွက်ခြင်း၊ နာကြည်းခြင်းများက တစ်လှည့်စီ ဖြစ်ပေါ်နေ၏။

'မဖြစ်နိုင်ဘူး....ကျွန်မမယုံဘူး'

သူမက ဗလုံးဗထွေးဖြင့် ထအော်လိုက်သည်။

လုံးဝေက သူမရင်တွင်းမှ ဝေဒနာအား နားလည်လိုက်၏။

သူမ သက်ပြင်းတစ်ချက်ကို လေးလံစွာချလိုက်သည်။

'ညီမရယ် စိတ်ကိုထိန်းပါ၊ အင်း....ဒီလိုဆိုရင် အစ်ကို တစ်ဖက်ခြမ်းမှာ တွေ့ခဲ့တဲ့လူဟာ....'

သူက ခေတ္တနား၍ ထင်းရှောင်အား ကြည့်လိုက်လေသည်။

ထို့နောက် စကားဆက်လိုက်၏။

'ညီမအဖေဖြစ်နေတာ သေချာပြီ'



ကျိုယန်းက သူ့အား ဆတ်ခနဲ မော့ကြည့်လိုက်သည်။

သူမ၏ မျက်ဝန်းနှင့် နှာတံထိပ်ကလေးမှာ ပတ္တမြားသွေးရောင် ထ၍ ရဲရဲနီနေသည်။

'မဖြစ်နိုင်ဘူး၊ ကျွန်မအဖေဟာ ဒီလိုလူစားမျိုးမဟုတ်ဘူး'

သူမက စကားဆုံးသည်နှင့် ရှိုက်ကြီးတငင် ငိုကြွေးလိုက်လေသည်။

လုံးဝေ၏ရင်ထဲ ဆို့နင့်စွာ ခံစားလိုက်ရသည်။

ကျိုယန်း၏ မျက်ရည်များက သူ့နှလုံးသားကို ပူပြင်းလောင်မြိုက်နေချေပြီ မဟုတ်ပါလော။

သုံးနှစ်တာကွဲကွာနေကြသော ချစ်သူနှစ်ယောက်၏ပြန်လည်ဆုံတွေ့မှုမှာ ကြေကွဲဝမ်းနည်းခြင်းများဖြင့် ပြည့်နှက်နေလေသည်။

မည်သို့ဆိုစေ....

သူမ ဘယ်ဘဂ ရောက်နေပါစေ....

လုံးဝေ သူမအား မြတ်နိုးတွယ်တာစွာချစ်နေမည်သာ ဖြစ်ပေသည်။

ကျိုယန်းက ငိုရှိုက်နေဆဲပင်။

လုံးဝေက အသံချိုလွင်စွာဖြင့် သူမ၏ပခုံးအား ဆုပ်ကိုင်ရင်း နှစ်သိမ့်လိုက်သည်။

'ညီမရယ် ငိုမနေပါနဲ့တော့၊ ညီမရဲ့ အဖေဟာ အလွန်ရိုးသားတဲ့ လူတစ်ယောက်ဆိုတာ အစ်ကို သိပါတယ်'

သူက အေးဆေးသောအသံဖြင့် ဆက်ပြောလိုက်၏။

'ဒီကိစ္စမှာ အကြောင်းတစ်ခုခုတော့ ရှိနေမယ်ဆိုတာ အစ်ကို ယုံပါတယ်'

ကျိုယန်းက မျက်ရည်ကျလျက်...

'ဖေဖေ နိုးလာရင် မေးကြည့်ရမှာပဲ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါတယ်၊ သူ့ကိုအခုတော့ ခဏထားခဲ့ပြီး ဟိုဘက်ကို သွားကြရအောင်'

ကျိုယန်းက ကြောင်အမ်းအမ်းဖြင့်....

'ဘာလုပ်မလို့လဲ အစ်ကို'

လုံးဝေက ...



'ယို့ဝူး ဘယ်လို အခြေအနေ ရှိသလဲဆိုတာ သွားမေးမှ ဖြစ်မယ် ထင်တယ်'

ကျိုယန်းက....

'သွားကြည့်ချင်လဲ ကြည့်လေ အစ်ကို၊ ကျွန်မလဲ လိုက်မယ်'

လုံးဝေ စာကြည့်ခန်းထဲမှထွက်ခွာရန် ခြေလှမ်းပြင်လိုက်စဉ် ကျိုယန်းက ကမန်းကတန်းဟန့်တားလိုက်၏။

'နေဦး အစ်ကို'

သူမက စာကြည့်ခန်းထဲမှ ပြေး၍ ထွက်သွားသည်။

တစ်ခဏ ကြာသောအခါ ဂွမ်းစောင်တစ်ထည် ကိုင်လျက် ပြန်လည် ရောက်ရှိလာ၏။

သူမက လက်ထဲရှိ ဂွမ်းစောင်နှင့် ထင်းရှောင်အား လုံခြုံစွာ ခြုံထားလိုက်၏။

လုံးဝေက သူမ၏ဖခင်အပေါ် စိုးရိမ်တတ်သောစိတ်ကလေးအားကြည့်ရင်း ကျိတ်၍ ဆုတောင်းလိုက်၏။

'ဟင်....တရားခံဟာ ထင်းရှောင်မဖြစ်ပါစေနဲ့လို့ အစ်ကို ဆုတောင်းပေးပါတယ်ကွာ'

ထို့နောက် လုံးဝေနှင့် ကျိုယန်းတို့က အခန်းထဲမှ အတူ ထွက်ခွာခဲ့ကြလေသည်။

## ကယ်သူနှင့် သတ်သူ

လုံးဝေနှင့် ကျီယန်းတို့နှစ်ယောက် ခြံရှေ့မှ မသွားကြပါ။ နောက်ဘက်မှ လှည့်၍ လျှောက်လာခဲ့ကြ၏။

သူတို့က နောက်ဘက် ခြံဝင်းတံခါးသို့ ရောက်သောအခါ တံခါးပိတ်ထားသည်ကို တွေ့ရှိလိုက်ရ၏။

လုံးဝေနှင့် ကျီယန်းတို့၏ ခြေထောက်များ တိခနဲ ရပ်တန့်သွား၏။

လုံးဝေက....

'ညီမ ဒီမှာ ခဏစောင့်နေဦး'.

သူက စကားဆုံးသည်နှင့် ခြံဝင်းတံခါးအား ကျော်လွှား၍ ခုန်ဝင်လိုက်သည်။



သူက အထဲမှ တံခါးမင်းတုပ်အား ဖွင့်ပေးလိုက်၏။

ကျီယန်းက ခြံဝင်းထဲသို့ ဝင်လာ၏။

လုံးဝေနှင့် ကျီယန်းတို့မှာ မြက်ပင်ရှည်ကြီးများ ကြားမှ လက်ချင်းတွဲ၍ အိမ်ကြီးဆီသို့ လျှောက်လာကြသည်။

ရုတ်တရက်က ကျီယန်းက စူးစူးဝါးဝါးထအော်လိုက်၏။

'အား ...'

လုံးဝေက ရင်ထိတ်သွား၏။

သူ၏စိတ်အာရုံက အိမ်ကြီးဆီသို့အာရုံစိုက်နေစဉ် ကျီယန်း၏ အော်သံက ရုတ်တရက် ထွက်ပေါ်လာသဖြင့် ကပျာကယာ လှည့်ကြည့်လိုက်သည်။

ကျီယန်းက မျက်စိမှိတ်၍ အော်နေခြင်း ဖြစ်သည်။

လုံးဝေက....

'ဘာဖြစ်လို့လဲ ညီမ'

ကျီယန်းက လက်ညှိုးဖြင့် တစ်နေရာအား ထိုးပြလိုက်သည်။

'ဟို....ဟိုမှာ....'

လုံးဝေက သူမညွှန်ပြရာသို့ ကပျာကယာ လှည့်ကြည့်လိုက်လေသည်။

'ဪ....'

သူက ပြုံးလိုက်သည်။

'အဲဒါ တကယ့်မိကျောင်းတွေ မဟုတ်ဘူး ညီမရဲ့'

'ဟင်'

ကျီယန်းက အံ့သြသွားသည်။

လုံးဝေက မိကျောင်းရုပ်တုတစ်ကောင်အား ကောက်ယူ၍ ကျီယန်းအား ပြလိုက်သည်။

'သစ်သားနဲ့ ဆေးအညိုရောင် ခြယ်ပြီး ထွင်းထုထားတဲ့ မိကျောင်းရုပ်တုတွေပါ ညီမရဲ့'

ကျီယန်းက ယခုမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဟင်....တကယ့်မိကျောင်းနဲ့ တူလိုက်တာနော်၊ ညီမဖြင့် လန့်သွားတာပဲ'

သူမက ရင်ဘတ်အား လက်ကလေးနှင့်ဖက်ဖြင့်ဖိ၍ ပြောဆိုနေသည်ကို လုံးဝေက ကြည့်၍ ပြုံးလိုက်မိသည်။



ထိုအချိန်တွင် အိမ်ဘက်ဆီမှ စကားသံများ ထွက်ပေါ်လာသည်။

ယင်းအသံမှာ ထိန်ဟုန်၏အသံပင် ဖြစ်သည်။

'ဒါ ထိန်ဟုန်ရဲ့အသံပဲ'

ထိန်ဟုန်၏အသံက ထပ်မံ ထွက်ပေါ်လာပြန်သည်။

'ကျန်တဲ့လူတွေက ယို့ဝူးကိုသယ်ပြီး ဧည့်ခန်းထဲ ခေါ်သွားပါ၊ စောင့်နေတဲ့ကောင်တွေက ဘယ်သူပဲဖြစ်ဖြစ် တွေ့ရင် ဖမ်းဆွဲထားလိုက်ပါ'

သူက ဆက်၍ပြောလိုက်သည်။

'ငါကိုယ်တိုင် စစ်ဆေးမေးမြန်းပြီးမှ လွှတ်မယ်'

လုံးဝေသည် ကျီယန်း၏ လက်ကိုဆွဲ၍ ခြေလှမ်းသုတ်သုတ်ဖြင့် အိမ်ခန်းဝဆီသို့ လျှောက်သွားသည်။

ထိန်ဟုန်က အိမ်ရှေ့၌ရပ်၍ သူ့အဖွဲ့သားများအား အမိန့်ပေးနေခြင်း ဖြစ်သည်။

သူက လုံးဝေနှင့် ကျီယန်းအား မြင်တွေ့သွားသည်။

'ဟာ....လုံးဝေတို့ပါလား'

ထိန်ဟုန်က နှုတ်ဆက်လိုက်သည်။

သူ၏မျက်လုံးအစုံက ကျိယန်းထံသို့ ရောက်သွားသည့် တစ်ဒင်္ဂ အချိန်၌ အံ့ဩသော အရိပ်အယောင်များ ပေါ်လွင်လာသည်။

လုံးဝေက သူအံ့ဩနေခြင်းကို နားလည်လိုက်သည်။

ကျိယန်းမှာ လူထူးလူဆန်း၏ ပန်းပုသူဇာနှင့် ရုပ်ချင်းတူနေသည် မဟုတ်ပါလော။

ထိန်ဟုန်က သူမအား စိုက်ကြည့်နေသဖြင့် ကျိယန်းက ရှက်အမ်းအမ်းဖြစ်ကာ လုံးဝေအား တွဲထားသောလက်ကို ရုန်းထွက်လိုက်၏။

လုံးဝေက ပြုံးလိုက်မိသည်။

'ဟေ့...ထိန်ဟုန်၊ ဒါက ငါနဲ့ လက်ထပ်မယ့် ကျိယန်းဆိုတာလေ'

ထိန်ဟုန်က ပြုံးဖြီးဖြီးဖြင့်....

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ကျုပ်ကစဉ်းစားနေတာဗျ'



လုံးဝေက မျက်မှောင်ကြုတ်၍....

'ဘာကို စဉ်းစားနေတာလဲ'

ထိန်ဟုန်က ပြုံးဖြီးဖြီးဖြင့် ဆက်ပြောလိုက်သည်။

'မင်း လူထူးလူဆန်းရဲ့ ပန်းပုသူဇာရုပ်ကိုတွေ့ပြီး ဘာကြောင့် ဒီလောက် အသည်းအသန် ဖြစ်နေလဲဆိုတာလေ၊ အခုမှရှင်းပြီဗျို့၊ ဟား....ဟား....ဟား'

သူက စကားဆုံးသည်နှင့် အားပါးတရ အော်ရယ်လိုက်၏။

ကျိယန်း၏မျက်နှာ ရှက်သွေးသဖြင့် နီရဲသွားသည်။

လုံးဝေက စကားလမ်းကြောင်း လွှဲလိုက်သည်။

'ဟေ့ ကောင်....အာပြဲကြီးနဲ့ ရယ်မနေနဲ့၊ အခြေအနေ ဘယ်လိုရှိသလဲ'

ထိန်ဟုန်၏မျက်နှာ လေးနက် တည်ကြည်သွားသည်။

'အခြေအနေ ဘယ်လိုလဲဆိုတာ မင်းကိုငါက မေးရမှာကွ'

လုံးဝေက....

'မေးလေ'

ထိန်ဟုန်က....

'ဘယ့်နှယ်လဲ၊ မင်းက ထွက်ပြေးတဲ့ လူထူးလူဆန်းနောက်ကို လိုက်သွားတယ် မဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိန်ဟုန်က....

'သူ့ကို မီလိုက်သလား'

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'မျက်ခြည်ပြတ်သွားတယ်ဗျ၊ ဟိုဘက်မှာကော အခြေအနေ ဘယ်လိုလဲ'

ထိန်ဟုန်၏မျက်နှာ ရှုံ့မဲ့သွားသည်။

'ယို့ဝူးက အခုထိ သတိမရသေးဘူးကွ'

လုံးဝေ မျက်မှောင်ကြုတ်သွား၏။

'သူ့ကိုပင်လွှတ်လိုက်တဲ့ အဖြူရောင်မီးခိုးထဲမှာ အဆိပ်ငွေ့များ ပါနေမလား'



ထိန်ဟုန်က....

'မပြောနိုင်ဘူးလေ၊ တချို့ အဆိပ်ငွေ့တွေက အဆိပ်လက္ခဏာမပြဘဲ ဘယ်နှစ်နာရီအတွင်းမှာ သေဆုံးနိုင်တယ် ဆိုတာ ကြားဖူးတာပဲ'

လုံးဝေက အတန်ကြာ စဉ်းစားနေ၏။

'ဟင်း....ယို့ဝူးဟာ ဒီအမှုကိစ္စတွေအတွက် တို့ကိုအများကြီး အထောက်အကူ ပေးနိုင်တယ်၊ သူ့ကို ဂရုစိုက်မှပဲ၊ အခုလဲ သူ့ကို လာနှုတ်ပိတ်သွားတာ ဖြစ်ရမယ်'

သူက ဆက်မေးလိုက်သည်။

'ယို့ဝူးကို အစောင့်ချထားရဲ့လား'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'အစောင့်ချထားတာပေါ့ကွာ၊ သူသေရင် တို့ကွင်းဆက်တွေ ပြတ်သွားမယ် မဟုတ်လား'

လုံးဝေက....

'ကောင်းတယ်၊ အခု သူဘယ်မှာလဲ'

ထိန်ဟုန်က....

'ဒီကို ပြန်ရောက်နေပါပြီ'

လုံးဝေက...

'ဒါဖြင့် သွားကြရအောင်'

သူတို့သုံးယောက်မှာ အိမ်ထဲသို့ လှမ်းဝင်လိုက်ကြလေသည်။

* * *

ညှော့ခန်း....

ညှော့ခန်း၏အလယ်တွင် ခေါင်းတစ်လုံးချထား၏။

ခေါင်းထဲ၌ ယို့လန်း၏အလောင်း လှဲလျောင်းနေသည်။

အခန်းထောင့်၌ ကွပ်ပျစ်တစ်လုံး ချထားသည်။

ယင်းကွပ်ပျစ်ပေါ်၌ ယို့ဝူးက လှဲလျောင်းနေ၏။

အခန်း၏ဝဲဘက်၌ လူတစ်ရပ်ခန့်ရှိသော ပန်းပုသူဇာတစ်ခု ရှိနေ၏။



ထိုပန်းပုသူဇာမှာ မယ်တော်၏ ရုပ်သွင်ဖြစ်သည်။

ထိုမယ်တော်ရုပ်တုရှေ့၌ အမွှေးတိုင်များထွန်းညှိထားသဖြင့် မွှေးကြိုင်သောရနံ့က အခန်းတစ်ခုလုံး လွင့်ပျံ့နေ၏။

ကျိုယန်းက မယ်တော်ရုပ်ရှေ့သို့ သွားရောက် ရုပ်တန့်ကာ သေချာစွာ ကြည့်လိုက်သည်။

သူမက အတန်ကြာကြည့်ရှုပြီးမှ မျက်မှောင်ကြုတ်လိုက်၏။

'ဟင်....ဒီရုပ်တုက ယို့လန်းအမေနဲ့ သိပ်တူတာပဲ၊ ပါးစပ်ပေါက်မှာ ပျက်စီးသွားတာ နှမြောစရာပဲ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ပထမတော့ ဒီလိုမပျက်စီးပါဘူး'

ကျိုယန်းက....

'နောက်တော့ ဘာလို့ပျက်စီးသွားတာလဲဟင်'

လုံးဝေက....

'နောက်တော့ ရုပ်တုပါးစပ်ထဲက မိကျောင်းတစ်ကောင် တိုးထွက်လာလို့ ပျက်စီးသွားတာပဲ'

ကျိုယန်း၏ခန္ဓာကိုယ် တုန်လှုပ်သွားသည်။

‘သစ်သားရုပ်ထဲက မိကျောင်းထွက်လာတာ အံ့သြစရာပါပဲနော်’

လုံးဝေက ခေါင်းညိတ်လိုက်သည်။

‘အင်း... အံ့သြစရာဆိုလဲ ဟုတ်မှာပေါ့’

ကျီယန်းက မျက်မှောင်ကြုတ်၍....

‘အစ်ကိုစဉ်းစားမိသလောက် ပြောစမ်းပါ’

လုံးဝေက....

‘ဆန္ဒမစောပါနဲ့ဦး၊ တစ်နေ့သိမှာပါ’

ကျီယန်းက အခန်းအား လှည့်ပတ်ကြည့်နေ၏။

သူမက ခေါင်းရှိရာသို့ ရောက်သောအခါ မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွား၏။

သူမက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

‘ဟင်....ဟိုမှာ ခေါင်းတစ်လုံးပါလား’

လုံးဝေက ပြုံးလိုက်သည်။

‘ညီမက အခုမှမြင်သလား’



ကျီယန်းက....

‘ဟုတ်တယ်၊ အဲဒါဘာလုပ်ဖို့လဲဟင်’

လုံးဝေက သူမအား စေ့စေ့ကြည့်လိုက်သည်။

‘ညီမလေးကိုပြောဖို့ အစ်ကိုတစ်ခုမေ့နေတာရှိတယ်’

ကျီယန်းက....

‘ဘာလဲအစ်ကို’

လုံးဝေက....

‘ယို့လန်းသေသွားပြီ’

‘ဟင်...’

သူမ၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

ထို့နောက် ခေါင်းရှိရာသို့ တစ်လှမ်းချင်း လှမ်းသွား၏။

သူမက ခေါင်းထဲသို့ ငုံ့ကြည့်လိုက်သည်။

ယို့လန်းက ခေါင်းထဲ၌ ငြိမ်သက်စွာ လှဲလျောင်းနေသည်ကို တွေ့ရှိလိုက်ရ၏။

ကျီယန်းရင်ထဲ၌ ဆို့နင့်လာ၏။

သူမနှင့် ယို့လန်းတို့မှာ ငယ်သူငယ်ချင်းများ ဖြစ်ခဲ့ကြသည် မဟုတ်ပါလော။

လုံးဝေက သူမမျက်နှာအား စိုက်ကြည့်နေ၏။

ကျိယန်းက ဝေ့ဝဲတက်လာသော မျက်ရည်စများအား မျက်တောင် ရှည်ကြီးများ တဖျပ်ဖျပ်ခတ်ရင်း ဖယ်ရှားနေသည်။

လုံးဝေက သူမရင်ထဲမှ ဝေဒနာအား ဖြူစင်စွာဖြင့် နားလည် စာနာလိုက်မိသည်။

သူက ကျိယန်းထံသို့ လျှောက်သွားသည်။

'ညီမ ငိုချလိုက်ပါ၊ သူငယ်ချင်းတစ်ယောက်ရဲ့ ဈာပန အတွက် ဖြူစင်တဲ့ငိုကြွေးခြင်းကို အစ်ကိုနားလည်စာနာပြီးသားပါ'

သူက ဆက်ပြောလိုက်သည်။

'ညီမနဲ့ ယို့လန်းအပေါ်မှာလဲ အစ်ကို သံသယ ကင်းပြီးသားပါ'

ကျိယန်းက လုံးဝေအား မော့ကြည့်လိုက်သည်။

လုံးဝေက ပြုံးပြလိုက်သည်။



ကျိယန်းရင်ထဲ၌ ကျေနပ်ဝမ်းသာသွားမိ၏။

မိမိ၏ခံစားချက်အား မျှဝေနားလည်မှုပေးနိုင်သော ချစ်သူတစ်ယောက်အား မိမိ၏ ဘဝကြင်ဖော်အဖြစ် ရယူလိုက်ပြီမဟုတ်ပါလား။

သူမက လုံးဝေအား စိုက်ကြည့်လိုက်ရင်းမှ သူ့မျက်နှာပေါ်သို့ မျက်ရည်များက ဝမ်းနည်းခြင်းနှင့် ဝမ်းသာခြင်းဆိုသော ခံစားချက်နှစ်ခုအား တစ်ပြိုင်နက် ခံစားလိုက်ရသဖြင့် စီးကျလာလေသည်။

လုံးဝေက သူမမျက်ရည်များကို ယုယကြင်နာစွာ သုတ်ပေးလိုက်သည်။

ကျိယန်းက....

'ကျေးဇူးတင်ပါတယ်အစ်ကို'

လုံးဝေက....

'အစ်ကိုတို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတဲ့ သူစိမ်းဆန်တဲ့ စကားတွေ မလိုပါဘူးကွာ'

သူက ပြောရင်း တစ်စုံတစ်ခုကို သတိရသွား၏။

လုံးဝေက ထိန်ဟုန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

‘ခင်ဗျားတို့ ဘာဖြစ်လို့ ဒီကိုရောက်လာကြတာလဲ’

ထိန်ဟုန်က ပခုံးတစ်ချက်တွန့်လိုက်သည်။

‘ရှောင်ရိက ကျုပ်တို့ကို အကူအညီတောင်းထားလို့ပါ’

လုံးဝေ မျက်မှောင်ကြုတ်သွား၏။

‘အခု သူကော’

ထိန်ဟုန်က....

‘သမားတော်ကြီး သွားပင့်နေတယ်’

လုံးဝေက အတန်ကြာစဉ်းစားနေ၏။

‘ကြာပြီလား’

ထိန်ဟုန်က....

‘အင်း...ရေနွေးတစ်အိုးကျက်တော့ ကြာနေပြီ’

လုံးဝေက ယို့ဝူးအနီး၌ထိုင်နေသော လက်အောက် ငယ်သား နှစ်ယောက်အား လှမ်းကြည့်လိုက်သည်။

ထိန်ဟုန်က...

‘မင်း ဘာလုပ်ချင်လို့လဲ’



လုံးဝေက...

‘အင်း...ငါ ဘာလုပ်ချင်လဲ ဆိုတော့ နောက်ထပ် လူနှစ်ယောက်လောက်လွှတ်ပြီး သမားတော်ကြီး ပင့်ခိုင်းချင်တယ်’

ထိန်ဟုန်က အံ့သြစွာဖြင့် ကြည့်လိုက်သည်။

‘ဟိုမှာ ရှောင်ရိကလဲ သွားပင့်....’

လုံးဝေက ကြားဖြတ်ပြောလိုက်သည်။

‘ရှောင်ရိက ဘယ်အထိ သွားပင့်နေသလဲမှ မသိတာဘဲ၊ တို့က စောစောစီးစီး ကြိုတင်ကာကွယ်ထားရင်လဲ့ မကောင်းဘူးလား’

ထိန်ဟုန်က...

‘အေး....ဟုတ်တယ်’

သူက တစ်ဆက်တည်းမှာပင် သူ့တပည့်အာဏာသားများဘက်သို့ လှည့်၍ အော်လိုက်သည်။

‘ဟေ့....မင်းတို့ထဲကနှစ်ယောက် မြို့ရဲ့အရှေ့ဘက်က သမားတော်ကြီး ‘လေ့’ ကို ပင့်ခဲ့စမ်း၊ ငါက ပင့်ခိုင်းတယ်လို့ပြောလိုက်’

အာဏာသား နှစ်ယောက်မှာ ထိန်ဟုန်အား ကပျာကယာ ဦးညွှတ်၍ ထွက်ခွာသွားလေတော့သည်။

* * *

ညှော်ခန်းမတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွားသည်။

လုံးဝေ၊ ထိန်ဟုန်နှင့်ကျွီယန်းတို့မှာ အတွေးကိုယ်စီဖြင့် ထိုင်နေကြသည်။

အတန်ကြာတော့မှ....

လုံးဝေက တိတ်ဆိတ်မှုကိုဖြိုခွင်းလိုက်သည်။

'ဟေ့....ထိန်ဟုန်၊ မင်းပင့်ခိုင်းလိုက်တဲ့ သမားတော်ကြီးက ဆေးပညာထူးချွန်....'

ထိန်ဟုန်က ကပျာကယာ လက်ကာပြရင်းမှ....

'စိတ်ချနေ၊ တို့နယ်မှာတော့ ဒီဆရာကြီးက ဆေးပညာအထူးချွန်ဆုံးပဲ၊ ဒီဒေါင်းဖိုဒေါင်းမနယ်က လူတွေက သူ့ကို နာမည်တောင် မခေါ်ကြဘူး'

သူက ဆက်ပြောလိုက်သည်။

'သက်ကယ်ဆရာလို့ ခေါ်ကြတယ်ကွ၊ ယို့ဝူးက တို့အတွက် ဒီလောက် အရေးကြီးနေတော့ ငါပေါ့ပေါ့ဆဆ ဘယ်လုပ်ပါ့မလဲကွာ'

လုံးဝေက....



'ရှောင်ရီ သွားပင့်တဲ့ သမားတော်က အလျင် ရောက်လာသည်ဖြစ်စေ၊ မင်းလူတွေသွားခေါ်တဲ့ သမားတော်က အလျင်ရောက်လာသည်ဖြစ်စေ အဓိက အချက်ကတော့ ယို့ဝူး ပြန်သတိရလာစေဖို့ပဲ'

ထိန်ဟုန်ကလည်း ခေါင်းညိတ်လိုက်သည်။

ထိုအချိန် လူသုံးယောက်က အခန်းထဲသို့ ဒရောသောပါး ဝင်ရောက်လာကြသည်။

လူနှစ်ယောက်မှာ ထိန်ဟုန်စေလွှတ်လိုက်သော လူများဖြစ်၍ ကျန်လူမှာ သမားတော်ကြီး 'လွေ့'ပင် ဖြစ်ရမည်ဟု လုံးဝေက ယူဆလိုက်၏။

သမားတော်ကြီး၏ပခုံးပေါ်၌ ကြီးမားသောလွယ်အိတ်ကြီးတစ်လုံး ပါရှိလာသည်။

သမားတော်ကြီး ဆိုသော်လည်း သူ၏အသက်မှာ သုံးဆယ့်ငါး သုံးဆယ့်ခြောက်ခန့်သာ ရှိသေးသည်။

လုံးဝေ၊ ထိန်ဟုန်နှင့် ကျွီယန်းတို့က ပြိုင်တူထ၍ ဦးညွှတ်လိုက်လေသည်။

လုံးဝေက....

'သမားတော်ကြီးခင်ဗျား၊ ဒီလူနာကို ကြည့်ပေးပါဦး'

သမားတော်ကြီးက စကားတစ်ခွန်းမှ မပြောပါချေ။

ယို့ဝူးရှိရာသို့ တန်းမတ်စွာလျှောက်သွားလေသည်။

ထို့နောက် ယို့ဝူး၏ တစ်ကိုယ်လုံးကို သေချာစွာ စစ်ဆေးကြည့်လိုက်၏။

သူ၏မျက်နှာ ရှုံ့မဲ့သွားသည်။

လုံးဝေအပါအဝင် လူအားလုံးစိုးရိမ်သွားကြသည်။

သမားတော်ကြီးက....

'အင်း....ဒီလူနာသတိမေ့တာ ဘယ်လောက် ကြာပြီလဲ'

လုံးဝေက....

'ရေငွေ့နှစ်အိုး ကျက်ခန့်လောက်တော့ ကြာသွားပါပြီ ခင်ဗျာ'

သမားတော်ကြီးက ဘာမှ မပြောတော့ပါ။

သူ့လွယ်အိတ်ထဲမှ အဖြူရောင် ဆေးဘူးကလေးနှင့် ခရမ်းရောင်ဆေးဘူးကလေးအား ထုတ်ယူလိုက်သည်။

ထို့နောက် ဆေးနှစ်ဘူးထဲရှိ ဆေးမှုန့်ကလေးများအား စက္ကူတစ်ရွက်ပေါ်၌ မှောက်ချ၍ ရောယှက်လိုက်သည်။



ပြီးနောက် ထိုဆေးမှုန့်နှစ်မျိုးအား ယို့ဝူး၏နှာခေါင်းထဲသို့ မှုတ်သွင်းလိုက်လေသည်။

တတိယအကြိမ်မြောက် မှုတ်လိုက်သောအခါ....

'ဟင်း....'

ယို့ဝူး၏ခန္ဓာကိုယ် တွန့်လိမ်လှုပ်ရှားလာသည်။

ထို့နောက် ပြန်လည်ငြိမ်သက်သွားလေသည်။

တစ်ခဏကြာသောအခါ ယို့ဝူး၏ညည်းညူသံက အဆက်မပြတ် ထွက်ပေါ်လာသည်။

'အား....အင်း....အင်း'

ရုတ်တရက် သူ၏နှာခေါင်းထဲမှ သွေးများစီးဆင်းကျလာသည်။

လူအားလုံး ထိတ်လန့်တုန်လှုပ်သွားကြ၏။

'ဟင်....'

'ဟာ....'

'အို....'

အကြောင်းမှာ ယို့ဝူး၏နှာခေါင်းမှ ကျလာသော သွေးများမှာ မည်းနက်နေသောကြောင့်ပင် ဖြစ်သည်။

သူတို့က ကြောက်ရွံ့တုန်လှုပ်စွာ ကြည့်နေကြ၏။

ယို့ဝူးတစ်ယောက် သတိပြန်လည်ရလာသည်ကို တွေ့မြင်လိုက်ရ၏။

ယို့ဝူးသည် မျက်လုံးဖွင့်လိုက်ပြီး လေပူတစ်ချက်မှုတ်၍ ထထိုင်လိုက်သည်။

ထိုအချိန် အဘွားအိုကလည်း ရောက်ရှိလာသည်။

သူမက ယို့ဝူးသတိရလာသည်ကို တွေ့သောအခါ အလွန်ဝမ်းသာသွား၏။

'သားလေး.... အောင်မယ်လေး၊ ကံကောင်းလို့ပေါ့နော်'

ယို့ဝူးက သူမအား ကြောင်စီစီဖြင့် ကြည့်နေ၏။

'ဆာယ်သူက ကံကောင်းတာလဲဗျ'

အဘွားအိုက သူ့အား ပြုံးပြလိုက်သည်။

'သခင်လေးကိုပေါ့'



ယို့ဝူးသည် မျက်လုံးပြူးကျယ်သွား၏။

သူက အဘွားအိုအား ကြားဖြတ်ပြောလိုက်သည်။

“ဒါနဲ့ ဘွားဘွားတို့က ဘာဖြစ်လို့ ဒီကိုရောက်လာရတာလဲ’

အဘွားအိုက....

'အခု မင်းအိမ် မင်းပြန်ရောက်နေပြီလေ'

ယို့ဝူးက မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်ပြီး ရယ်မောလိုက်၏။

'ဟုတ်သားပဲ၊ ကျွန်တော်က အခုလောင်းဂေဟာမှာ ရှိသေးတယ်လို့ ထင်နေတာ'

'ကဲ....ကျုပ်ကို သွားခွင့်ပြုပါဦး'

သမားတော်ကြီးက နှုတ်ဆက်လိုက်ခြင်းပင် ဖြစ်သည်။

လုံးဝေက ကပျာကယာဦးညွတ်ရင်းမှ အင်္ကျီအိတ်ထဲသို့ လက်နှိုက်၍ ငွေတုံးကလေးများအား ယူရန် ဟန်ပြင်လိုက်သည်။

သမားတော်ကြီး 'လွှေ' က လက်ကာပြလိုက်သည်။

'ဟာ....မလိုပါဘူး ကျုပ်က စေတနာ သမားတော်ပါ၊

ခင်ဗျားတို့ သိပ်ကံကောင်းတယ်ဗျ၊ နောက်ထပ် နည်းနည်းလေး အချိန်ကြာသွားရင် သူ့အသက်ဆုံးပြီလေ'

လုံးဝေအပါအဝင် လူအားလုံး ရင်ထိတ်သွားကြ၏။

ယို့ဝူးက မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်နေလေသည်။

လုံးဝေက....

'သူက ဘာဖြစ်သွားတာလဲခင်ဗျာ'

သမားတော်ကြီးက....

'အဆိပ်မိသွားတာလေ၊ ဒါပေမယ့် သူမိတဲ့အဆိပ်က အဆိပ်သင့်တဲ့ လက္ခဏာမရှိဘဲ သေဆုံးသွားမှသာ အဆိပ်မိမှန်းသိရတဲ့ အဆိပ်ငွေ့တစ်မျိုးဗျ'

သူက စကားဆုံးသည်နှင့် နှုတ်ဆက် ထွက်ခွာသွား၏။

ယို့ဝူးက လူများကို တစ်ယောက်ချင်း လိုက်ကြည့်နေသည်။

ရုတ်တရက် သူက ကျိုယန်းအား မြင်တွေ့သွား၏။

'ကျိုယန်း နင် ပြန်ရောက်နေပြီ ဟုတ်လား'

ကျိုယန်းက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်၊ နင် နေကောင်းရဲ့လား'

ယို့ဝူးက ခေါင်းညိတ်လိုက်သည်။

လုံးဝေနှင့် ကျန်လူများက သူတို့နှစ်ယောက်အား အံ့ဩစွာဖြင့် ကြည့်နေကြ၏။

အကြောင်းမှာ ယို့ဝူးနှင့် ကျိုယန်းတို့မှာ အသက်အရွယ်ချင်း ကွာခြားနေလေသည်။

သို့ရာတွင် စကားပြောဆိုကြရာ၌ သက်တူရွယ်တူများကဲ့သို့ ရင်းရင်းနှီးနှီး ပြောဆိုနေ၍ ဖြစ်သည်။

ကျိုယန်းက သူတို့၏မျက်နှာအား ကြည့်၍ သဘောပေါက် နားလည်လိုက်သည်။

သူမက ပြုံးလိုက်သည်။

'သူနဲ့ကျွန်မက တစ်နေ့တည်း မွေးလာကြတဲ့ သူငယ်ချင်းတွေလေ'

'ဩော်'

လုံးဝေက အသက်အရွယ် ကြီးရင့်သော်လည်း ဦးနှောက်မပြည့်ဝမှုကြောင့် လူစဉ်မမီဘဲ သူငယ်တစ်ယောက်အရွယ် ဖြစ်နေသော ယို့ဝူးအား ကြင်နာစွာဖြင့် ကြည့်လိုက်၏။

ထိုအချိန် ထိန်ဟုန်က ယို့ဝူးအနီးသို့ ချဉ်းကပ်သွား၏။

'ကဲ...သူငယ်၊ ကျုပ်စကားနည်းနည်း မေးပါရစေ၊ ပြောမြ ပါလား'

ယို့ဝူးက ခေါင်းခါယမ်းပြလိုက်သည်။

'ခင်ဗျားမမေးနဲ့၊ ကျုပ်ဘာမှ မပြောချင်ဘူး'

ထိန်ဟုန်က လုံးဝေအား လှမ်းကြည့်လိုက်သည်။

လုံးဝေက ပြုံး၍ ပခုံးတစ်ချက် တွန့်ပြလိုက်သည်။

သူက ကျိယန်းဘက်သို့လှည့်၍ မျက်စိမှိတ်ပြလိုက်၏။ ကျိယန်းက လုံးဝေသဘောကို နားလည်လိုက်သည်။

သူမက ယို့ဝူးအား ပြုံးပြလိုက်သည်။

'ဒါဖြင့် ယို့ဝူး နင်ပြောစရာရှိရင် ငါ့ကိုပြောပြပါလားဟာ'

ယို့ဝူးက ခေါင်းညိတ်လိုက်သည်။

'နင်နဲ့ငါ သူငယ်ချင်းတွေပဲ၊ ပြောပြမှာပေါ့'

ထိန်ဟုန်မျက်နှာ ဝင်းလက်သွားသည်။

လုံးဝေကလည်း ဝမ်းသာသွား၏။



ကျိယန်းက ပြုံးလိုက်သည်။

'ဒါဖြင့် ငါမေးမယ်'

ယို့ဝူးက လက်ကာပြလိုက်သည်။

'နေဦး၊ မမေးနဲ့ဦး'

ကျိယန်းက....

'ဘာဖြစ်လို့လဲဟ'

ယို့ဝူးက လုံးဝေနှင့် ထိန်ဟုန်တို့အား မေးငေါ့ပြလိုက်၏။

'သူတို့ကြားသွားမှာစိုးလို့'

လုံးဝေ၊ ထိန်ဟုန်နှင့် ကျိယန်းတို့သာမက ကျန်လူအားလုံးက ပြိုင်တူ ပြုံးလိုက်ကြလေသည်။

ထို့နောက် လုံးဝေနှင့် ထိန်ဟုန်တို့က အခန်းထဲမှ ထွက်သွားကြလေသည်။

အခန်းထဲ၌ ကျိယန်းနှင့် ယို့ဝူးတို့သာ ကျန်ရစ်ခဲ့လေသည်။

အဘွားအိုကလည်း နောက်ဘက် အခန်းထဲသို့ ဝင်ရောက်သွား၏။

ကျိယန်းက ယို့ဝူးအား ပြုံးပြလိုက်သည်။

'ကဲ....ဘယ်သူမှမရှိတော့ဘူး၊ နင်ပြောစရာရှိရင် ပြောပေတော့'

ယို့ဝူးက ခေါင်းညိတ်ပြလိုက်သည်။

'ငါ ထူးဆန်းတဲ့ကိစ္စတစ်ခု တွေ့ခဲ့ရတယ်ဗျ'

ကျီယန်းက စိတ်ဝင်စားသွားသည်။

'ဟုတ်လား ပြောစမ်းပါဦး၊ ဘယ်လိုထူးဆန်းနေတာလဲ'

ယို့ဝူးက အတန်ကြာ စဉ်းစားနေသည်။

ရုတ်တရက် သူ၏မျက်လုံးအစုံမှ မျက်ရည်များ စီးဆင်းကျလာလေသည်။

ကျီယန်းက အံ့အားသင့်သွား၏။

'ဟင်....နင်ဘာလို့ငိုနေတာလဲ ယို့ဝူးရယ်'

ယို့ဝူးက ရှိုက်ငိုနေဆဲပင်။

'ငါ ဘာမှ နားမလည်နိုင်တော့ပါဘူးဟာ'

ကျီယန်းက မျက်မှောင်ကြုတ်သွား၏။

'ဘာများ နားမလည်တာလဲ'



ယို့ဝူးက...

'ဒီလိုဗျ'

သူက ပါးစပ်ဟ၍ ပြောရန် ပြင်လိုက်စဉ်....

'ဝုန်း'

ရုတ်တရက် မယ်တော်ရုပ်တုသည် အစိတ်စိတ် အပိုင်းပိုင်း ကွဲထွက်သွား၏။

လူတစ်ယောက်က ထိုရုပ်တုထဲမှ ခုန်ထွက်လာသည်။

အနီရောင်အင်္ကျီ အညိုရောင်မိကျောင်းကွက်မျက်နှာ။

လက်နှစ်ဖက်မှာလည်း မိကျောင်းလက်ကဲ့သို့ ကြမ်းတမ်းနေသည်။

ထိုလူကား အလောင်းဂေဟာမှ ပျောက်ဆုံးသွားသော လူထူးလူဆန်းပင်ဖြစ်လေသည်။

သူ၏ယာဘက်လက်၌ ဓားတစ်လက်အသင့်ဆုပ်ကိုင်ထား၏။

သူသည် ယို့ဝူးထံသို့ ပြေးလွှားသွား၏။

တစ်ဆက်တည်း ယို့ဝူးအား လက်ထဲ၌ အသင့်ပါလာသော ဓားဖြင့် ခုတ်ချလိုက်၏။

ကျိုယန်းက ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရင်းမှ အနီးတွင်အသင့်တွေ့ရသော ကုလားထိုင်တစ်လုံးအား ယူ၍ ပစ်ပေါက်လိုက်သည်။

ထိုစဉ် လုံးဝေနှင့် ထိန်ဟုန်တို့က ကျိုယန်း၏အော်သံကြောင့် အခန်းထဲသို့ ပြေးဝင်လာသည်။

'ဝုန်း'

လူထူးလူဆန်း၏ ခန္ဓာကိုယ်က ပြတင်းပေါက်တံခါးအား ပစ်ဆောင့်၍ အပြင်သို့ ခုန်ထွက်သွားသည်။

လုံးဝေသည် ထိန်ဟုန်၏ပခုံးအား တစ်ချက်ပုတ်လိုက်၏။

'ခင်ဗျား ဒီမှာကြည့်ထား၊ ကျုပ် သူ့နောက်လိုက်သွားမယ်'

သူက စကားဆုံးသည်နှင့် တစ်ပြိုင်နက် သူ၏ခန္ဓာကိုယ်က လူထူးလူဆန်း ထွက်ပြေးသွားရာ ပြတင်းပေါက်အပြင်ဘက်သို့ ခုန်ထွက်သွားလေတော့သည်။

ယို့ဝူး၏ကျောပြင်မှဒဏ်ရာမှာ အလွန်ပြင်းထန်နေ၏။

ကျိုယန်းနှင့် ထိန်ဟုန်တို့က သူ့အား ပွေ့ချီလိုက်လေသည်။



သို့သော် ယို့ဝူး၏ဝိညာဉ်က ခန္ဓာကိုယ်၌ ကပ်ငြိတွယ်ခြင်း မရှိတော့ပါချေ။

ယို့ဝူး သေဆုံးသွားလေပြီ။

ကျိုယန်း၏ မျက်လုံးအစုံတွင် မျက်ရည်များ တသွင်သွင် ကျဆင်းလာသည်။

'ကံဆိုးလိုက်တာ သူငယ်ချင်းရယ်'

သူမက ဝမ်းနည်းကြေကွဲစွာ ငိုရှိုက်နေ၏။

ထိန်ဟုန်မှာမူ အံကိုတင်းတင်းကြိတ်၍ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

'မင်း ပြေးနိုင်ရင် ပြေးဦးပေါ့ကွာ၊ ဥပဒေရဲ့လက်တံရှည်က မင်းကို တစ်နေ့ဖမ်းဆုပ်ပြမယ်'

သူက ကြိမ်းဝါးရင်း ယို့ဝူး၏ကိုယ်ခန္ဓာအား ပွေ့ချီကာ ကွပ်ပျစ်ပေါ်သို့ တင်ပေးလိုက်၏။

ညှော်ခန်းထဲ၌ ခေါင်းတစ်လုံး လူသေနှစ်လောင်း ဖြစ်သွားလေပြီ။

ကျန်သော အသက်ရှင်လျက် ရှိသူများကလည်း လှုပ်ရှားခြင်း မရှိကြဘဲ ငြိမ်သက်စွာ ရပ်တည်နေကြလေသည်။

ယို့ဝူးအား သမားတော်ကြီးလွှက အသက်ကယ်ခဲ့၏။

ယခုတစ်ဖန် လူထူးလူဆန်းက သေတွင်းသို့ပို့ဆောင်ခဲ့လေပြီ။

*　　*　　*

လူထူးလူဆန်းက ရှေ့မှပြေးသွားနေ၏။

လုံးဝေက နောက်မှ ထက်ကြပ်မကွာလိုက်နေသည်။

လူထူးလူဆန်းက ရှမ်းကျောင်းနေထိုင်ရာအခန်းထဲသို့ ပြေးဝင်သွားလေသည်။

လုံးဝေကလည်း ထက်ကြပ်မကွာ လိုက်နေ၏။

သူသည် အိမ်ခန်းထဲသို့လှမ်းဝင်လိုက်သည်နှင့် လူထူးလူဆန်းမှာ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားလေသည်။

လုံးဝေက ဓားကို အသင့်ဆုပ်ကိုင်ရင်းမှ သတိကြီးစွာ ထားရင်း အခန်းတစ်ခုလုံးအား ရှာဖွေကြည့်လိုက်သည်။

လူသူ တစ်စုံတစ်ယောက်မှ မရှိပါချေ။

သူ၏ မျက်လုံးက ရုတ်တရက်အခန်းထောင့်ရှိ လိုက်ကာရှိရာသို့ ရောက်သွားလေသည်။



ထိုအချိန်လူတစ်ယောက်က သူ့နောက်သို့ ရောက်ရှိလာ၏။

လုံးဝေကဆတ်ခနဲလှည့်လိုက်ကာ တစ်ဆက်တည်း လက်ထဲမှ ဓားဖြင့် တိုက်ခိုက်လိုက်သည်။

'ဟာ... ဟာ ငါပါကွ'

ထိန်ဟုန်က ယင်းသို့အော်ဟစ်ရင်း နောက်သို့ ကမန်းကတန်း ဆုတ်လိုက်လေသည်။

သူက ဆက်ပြောလိုက်၏။

'လုံးဝေ...သူ့ကို မိသွားပြီလား'

လုံးဝေက စိတ်ပျက်စွာဖြင့်....

'သူက ဒီထဲရောက်လာပြီး ပျောက်သွားတယ်ဗျ'

ထိန်ဟုန်က မျက်မှောင်ကြုတ်သွား၏။

'မင်း သေချာရဲ့လား'

လုံးဝေက....

'သေချာပါတယ်'

ထိန်ဟုန်က မျက်မှောင်ကြုတ်သွားသည်။

'ဒါဖြင့် ဘယ်လိုလုပ် ပျောက်ဆုံးသွားတာလဲ'

လုံးဝေက....

'ပြတင်းပေါက်က ထွက်ပြေးသွားတာ ဖြစ်မှာပေါ့ဗျာ'

ထိုအချိန် တစ်ဖက်ခြံမှ စူးရှသောအသံတစ်ခု ထွက်ပေါ်လာသည်ကို ရင်ထိတ်ဖွယ်ရာ ကြားလိုက်ရ၏။

'အား....'

လုံးဝေနှင့် ထိန်ဟုန်တို့က အိမ်ခန်းထဲမှ ပြေးထွက်လာ၏။

ထို့နောက် ခြံဝင်းအား ကျော်လွှားကာ တစ်ဖက်ခြံဆီသို့ ခြေကုန်ပြေးသွားလေသည်။

စူးရှသောအသံ ထွက်ပေါ်လာသောနေရာမှာ ထင်းရှောင်၏ စာဖတ်ခန်းထဲမှ ထွက်ပေါ်လာခြင်းဖြစ်သည်။

လုံးဝေနှင့်ထိန်ဟုန်တို့ စာကြည့်ခန်းသို့ ရောက်သောအခါ အခန်းတံခါး ပိတ်ထားသည်ကို တွေ့လိုက်ရ၏။

လုံးဝေက ပခုံးဖြင့် ဆောင့်ဖွင့်လိုက်၏။

ထို့နောက် ဓားကို ဝေ့ယမ်းကာ အခန်းထဲသို့ ဝင်သွားလေသည်။



ထိန်ဟုန်ကလည်း သူ၏သံကြိုးအား ဝေ့ယမ်းကာ ပြေးဝင်သွား၏။

သူတို့ အခန်းထဲသို့ရောက်သောအခါ ထင်းတုအား တွေ့မြင်လိုက်ရ၏။

ထင်းတုက ဓားတစ်လက်ကိုင်ကာ မတ်တတ်ရပ်နေ၏။

သူ၏ ဦးခေါင်းက ငိုက်စိုက်ကျနေ၏။

သူ၏ဓားတစ်လျှောက် သွေးများက စီးဆင်းကျနေသည်ကို တွေ့လိုက်ရ၏။

သူ့ရှေ့တွင် အနီရောင်ဝတ်ဆင်ထားသော လူတစ်ယောက် လဲကျနေ၏။ နီရဲသောအင်္ကျီ၊ ညိုညစ်သော မီးချောင်းကွက်များဖြင့် ကြောက်ရွံ့ဝှန်လှုပ်ဖွယ်ရာ ကောင်းလှပေသည်။

ထိုလူမှာ လုံးဝေ ခြေရာခံလိုက်နေသော လူထူးလူဆန်းပင် ဖြစ်လေသည်။

လူထူးလူဆန်း၏ လက်ထဲ၌ ဓားတစ်လက် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။

ဓားမှာလည်း သွေးများစွန်းထင်းနေ၏။

သူ၏ရင်ဝတွင် သွေးများ ခြင်းခြင်းရဲနေသည်။

ထင်းရှောင်၏ နောက်ကျောမှလည်း သွေးများစီးဆင်းကျနေသည်။

လုံးဝေက သူ့နောက်ကျောအား ကြည့်လိုက်သောအခါ သူ၏ကျော၌ ဓားဒဏ်ရာတစ်ခုကို တွေ့ရှိလိုက်ရလေသည်။

လုံးဝေနှင့်ထိန်ဟုန်တို့ကအခြေအနေကိုနားလည်လိုက်သည်။

လူထူးလူဆန်းက ထင်းရှောင်အား ဝင်ရောက်တိုက်ခိုက်ရင်း ထင်းရှောင်၏ လက်ချက်ကြောင့် သေဆုံးသွားရခြင်း ဖြစ်မည်။

ထင်းရှောင်မှာလည်း လူထူးလူဆန်း၏ ဓားချက်ကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။

သို့သော် သေလောက်သော ဒဏ်ရာများ မဟုတ်ပါချေ။

'ဦးလေး....'

လုံးဝေက စိုးရိမ်တကြီး ခေါ်လိုက်သည်။

ထင်းရှောင်က သူ့အား မော့ကြည့်ရန်ကြိုးစား၍ အားယူလိုက်စဉ်...

'ဝုန်း....'

သူ၏ ကိုယ်ခန္ဓာက ကြမ်းပြင်သို့ လဲကျသွားလေသည်။



သူ၏ မျက်လုံးအစုံမှာ ပြူးကျယ်လျက်....။

သူ၏ မျက်နှာမှာလည်း အံ့ဩခြင်း၊ ခံပြင်းခြင်း စသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

လုံးဝေက ထင်းရှောင်၏သွေးကြောအား ပိတ်လိုက်သည်။

သွေးများက ဆက်လက်စီးဆင်းခြင်း မရှိတော့ဘဲ ရပ်တန့်သွားလေသည်။

ထိန်ဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....ဒီအမှုတော့ ပြီးဆုံးသွားပြီလို့ ထင်ပါတယ်'

လုံးဝေက သူ့အား အံ့အားသင့်စွာ ကြည့်လိုက်သည်။

'ဗျာ....မင်းက ဘာကိုဆိုလိုတာလဲ'

ထိန်ဟုန်က ပြုံးလိုက်သည်။

'ခင်ဗျားက အနီရောင်ဝတ်ဆင်တဲ့ လူထူးလူဆန်းကို ဒီအထိ လိုက်ခဲ့တယ်မဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိန်ဟုန်က ပြုံးလိုက်သည်။

'ခင်ဗျား ရှောင်ရိကို တွေ့တုန်းကလဲ အနီရောင် ဝတ်ဆင်ထားတဲ့လူဟာ ခြံစည်းရိုးကျော်ပြီး ထင်းရှောင်ဘက် ကူးသွားတယ်လို့ ပြောတယ်မဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

ထိန်ဟုန်က...

'ခင်ဗျားက ဒီဘက် ကူးလာတဲ့အခါမှာ ထင်းရှောင်ကို အနီရောင်အင်္ကျီ ဝတ်ဆင်ထားတာကို တွေ့ခဲ့ရတယ်မဟုတ်လား'

လုံးဝေက....

'ဟုတ်ပါတယ်၊ ကျုပ်နဲ့ကျိုယန်း အခန်းထဲရောက်တဲ့အခါမှာ သူက လူမှန်းသူမှန်းမသိအောင် မူးလဲနေပါပြီ'

ထိန်ဟုန်က ပြုံးလိုက်သည်။

'ဒါက တမင်သက်သက် ဟန်ဆောင်နေတာဗျ'

လုံးဝေက ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ဘူး၊ သူတကယ်မူးနေတာဗျ'



ထိန်ဟုန်က ပြုံးလိုက်သည်။

'ဒီလောက် အချိန်လေးအတွင်းမှာ ဒီလောက် အရက်များများ ဘယ်လိုလုပ် သောက်နိုင်မှာလဲ'

လုံးဝေက....

'အို.... တစ်ကရားလောက်တော့ သောက်နိုင်မယ် မဟုတ်လား'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ အရက်မူးချင်နေတဲ့ လူဟာ တစ်ကရားမသောက်ရင်လဲ မူးချင်ဟန်ဆောင်တတ်ပါတယ်'

လုံးဝေက ပါးစပ်ပိတ်ထားလိုက်သည်။

ထိန်ဟုန်က စကားဆက်လိုက်သည်။

'ယို့ဝူးဟာ ထင်းရှောင်ကို သိကျွမ်းနေမှာပါ'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'သူတို့အိမ်နီးချင်းတွေပဲ၊ သိမှာပေါ့'

ထိန်ဟုန်က ပြုံးလိုက်သည်။

'ယို့ဝူးဟာ ရှူးရှူးပေါ်ပေါ်နဲ့ အလောင်းဂေဟာ သွားလည်ရင်း ထင်းရှောင်က လူထူးလူဆန်းယောင် ဆောင်ထားတာ အမှတ်မထင် တွေ့သွားမှာပေါ့'

လုံးဝေက သက်ပြင်းချလိုက်သည်။

ထိန်ဟုန်က ဆက်ပြောလိုက်သည်။

'ကျုပ်တို့က ယို့ဝူးကိုမေးတဲ့အခါမှာ ထင်းရှောင်က သူ လူထူးလူဆန်း ဟန်ဆောင် ထားတာကို ဖွင့်ပြောမှာ စိုးလို့ ယို့ဝူးကို လုပ်ကြံသတ်ဖြတ်ပြီး နှုတ်ပိတ်လိုက်တာ ဖြစ်မှာပေါ့'

ထိန်ဟုန်၏ ဝေဖန်ပြောဆို ဆက်စပ်ကြည့်မှုမှာ ကျေနပ်ဖွယ်ရာ ကောင်းနေ၏။

သဘာဝလည်း ကျလှပေသည်။

ထို့ကြောင့် လုံးဝေက စိတ်ဝင်စားစွာ နားထောင်နေ၏။

ထိန်ဟုန်က စကားဆက်လိုက်ပြန်သည်။

'ခင်ဗျားကို ကြည့်ရတာ ကျုပ်ဖြေရှင်းချက်တွေကို သိပ်ပြီး ကျေနပ်ပုံမရဘူး'

လုံးဝေက ပခုံးတွန့်၍ ပြုံးလိုက်သည်။



'အမှန်အတိုင်းပြောရရင် ခင်ဗျားဖြေရှင်းတဲ့အချက်အလက်ထဲမှာ ဘာစိုးတစ်ခုလိုနေတယ်လို့ ကျွန်တော်ထင်တယ်'

ထိန်ဟုန်က ပြုံးလိုက်လေသည်။

'ခင်ဗျား ဘာတွေမရှင်းတာလဲ ပြောပါဦး'

လုံးဝေက ပြုံးလိုက်သည်။

'ခင်ဗျားပြောတော့ လူထူးလူဆန်းဟာ ထင်းရှောင်ပါလို့ ပြောတယ်မဟုတ်လား'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်'

လုံးဝေက ကြမ်းပြင်ပေါ်၌ လဲကျသေဆုံးနေသော လူထူးလူဆန်းအား ညွှန်ပြလိုက်သည်။

'အခု သေဆုံးနေတဲ့လူထူးလူဆန်းဟာ တခြားလူတစ်ယောက်ဖြစ်နေပါလား'

ထိန်ဟုန်က ရယ်မောလိုက်သည်။

'ခင်ဗျားက တော်တော်နှေးဝေးသေးတာကိုး၊ အခု သေဆုံးနေတဲ့လူက ထင်းရှောင်ရဲ့တပည့်ဖြစ်မှာပေါ့'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားပြောတာ ကျုပ်နားမရှင်းဘူး'

ထိန်ဟုန်က ရယ်မောလိုက်သည်။

'ခင်ဗျား သဘောပေါက်အောင် ပြောရမယ်ဆိုရင် တို့အလောင်းဂေဟာမှာ ထင်းရှောင်ဟာ လူထူးလူဆန်းယောင်ဆောင်ပြီး ပုန်းနေရာက သူ့အကြောင်းကို ဖော်မှာစိုးရိမ်လို့ အသိပ်မှုနဲ့ လုပ်တာကို ခင်ဗျား မှတ်မိနေတယ်မဟုတ်လား'

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'အင်း...ထားပါတော့'

ထိန်ဟုန်က စကားဆက်လိုက်သည်။

'ထင်းရှောင်က အိမ်ပြန်ရောက်လာတဲ့အခါမှာ ယို့ဝူးသေ မသေသိုတာသိချင်လို့ သူ့တပည့်ကိုလွှတ်ပြီး စုံစမ်းခိုင်းလိုက်တယ်'

သူက အနီးရှိ အနီရောင်ဝတ်ဆင်ထားသောလူအား ညွှန်ပြလိုက်လေသည်။

'သူဟာ ထင်းရှောင်ရဲ့တပည့်ပါပဲ'



လုံးဝေက ကိတ်ဆိတ်စွာ နားစွင့်နေ၏။

ထိန်ဟုန်က စကားဆက်လိုက်သည်။

'သူ့တပည့်ဟာ အလောင်းဂေဟာ ရောက်သွားတဲ့အချိန်မှာ ရှောင်ရိရောက်နေတာ တွေ့သွားလိမ့်မယ်၊ ရှောင်ရိက ယို့ဝူးအတွက် သမားတော်ကြီး သွားခေါ်နေတယ်'

သူက စကားဆက်လိုက်သည်။

'ကျုပ်တို့ကလဲ ယို့ဝူးအိမ်ပြန်ပို့ခိုင်းတာကို ကြားသိသွားတာနဲ့ ကျုပ်တို့ထက်ဦးအောင် ရှောင်ရိအိမ်ထဲလာပြီး ရုပ်တုထဲမှာပုန်းအောင်းနေတယ်'

သူက ခေတ္တနားပြီးမှ စကားဆက်လိုက်ပြန်သည်။

'အဲဒီနောက်မှာတော့ သူက ရုပ်တုထဲက ဖောက်ထွက်ပြီး ယို့ဝူးကိုသတ်လိုက်ပြီး ဒီကိုပြန်ပြေးလာတာဖြစ်ရမယ်'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဒါဖြင့် ခင်ဗျားဆိုလိုတာက ထင်းရှောင်ဟာ သူ့အကြံအောင်မြင်သွားလို့ သူ့တပည့်ကိုပါ နှုတ်ပိတ်လိုက်တဲ့သဘောဟုတ်လား'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ခင်ဗျားဉာဏ် မညံ့ပါဘူး၊ ဒီလိုပဲဖြစ်ရမယ်'

လုံးဝေက မျက်မှောင်ကြုတ်သွား၏။

'ဒီလိုဆို ထင်းရှောင်ရဲ့ကျောမှာဘာလို့ဒဏ်ရာရသွားတာလဲ'

ထိန်ဟုန်က ပြုံးလိုက်သည်။

'ဒါကတော့ သူ့တပည့်က သူ့ဆရာသူ့ကိုသတ်လိမ့်မယ်လို့ မထင်မိဘူး၊ ဒါကြောင့် ထင်းရှောင်ရဲ့ ဓားချက်ကို မိသွားတယ်၊ သူ့တပည့်ရဲ့သိုင်းပညာကလဲ အဆင့်မနိမ့်ဘူးဆိုတော့....'

သူက ဆက်ပြောလိုက်၏။

'သူ့တပည့်က သေဆုံးခါနီးမှာ ထင်းရှောင်ကို အလစ်ဖြန့်တိုက်ခိုက်လိုက်တာ ဖြစ်ရမယ်'

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ခင်ဗျားက သူ့အကြောင်းမှ မသိသေးတာဘဲ'

ထိန်ဟုန်က ကြောင်အမ်းအမ်းဖြစ်သွား၏။

'ဘာအကြောင်းလဲဗျ'



လုံးဝေက ပြုံး၍....

'ထင်းရှောင်ဟာ သူတိုက်ခိုက်တဲ့အခါမှာ ဓားတစ်ချက်နဲ့ပဲ အသေသတ်တဲ့အကျင့် ရှိတယ်လေ၊ ဒါကြောင့်လဲ ဓားတစ်ချက်ထင်းရှောင်လို့ နာမည်ကျော်ကြားခဲ့တာပေါ့'

ထိန်ဟုန်က ပခုံးတစ်ချက်တွန့်လိုက်၏။

'ဒါတော့ ကျုပ်လဲတွေးမိတာပေါ့ဗျ၊ ခင်ဗျားသတိပြုဖို့က အဲဒီအချိန်မှာ ထင်းရှောင်အရက်သောက်ထားတဲ့အတွက် ခါတိုင်းလောက် ဘယ်တိကျမှန်ကန်ပါ့မလဲ'

လုံးဝေက မျက်နှာမကြည်မလင်ဖြင့်....

'မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးတဲ့စကားဟာ တိကျမှန်ကန်နေပါလား'

* * *

လုံးဝေက ထင်းရှောင်အား ပွေ့ချီ၍ ဝါးကွပ်ပျစ်ပေါ်၌ တင်ထားလိုက်သည်။

'ကဲ...ဒီကိစ္စ ခင်ဗျားပြောတာ မှန်မမှန်ဆိုတာ သူ့သတိ ရတဲ့အထိ စောင့်ရဦးမှာပဲ'

ထိန်ဟုန်က ပြုံးလိုက်သည်။

'စိတ်ချပါ၊ ကျုပ်ပြောတာ မှန်ပါတယ်'

လုံးဝေက အနီရောင်ဝတ်ထားသော လူထူးလူဆန်းအား မျက်နှာဖုံးချွတ်လိုက်လေသည်။

'အင်း....ဘယ်သူလဲဆိုတာ ကြည့်ရဦးမယ်'

သူက မျက်နှာဖုံးချွတ်ပြီးနောက် ထိုလူ၏ ခန္ဓာကိုယ်အား ပက်လက်အနေအထားသို့ ဆွဲလှန်လိုက်ရာ....

'ဟာ...'

လုံးဝေ၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါသွားလေသည်။

အကြောင်းမှာ ထိုလူသည် သူနှင့်ပြိုင်ဘက်ဖြစ်သော စုမာလု ဖြစ်နေသောကြောင့်ပင်တည်း။

## ပဟေဠိဆန်သော အဖြေ

ထိန်ဟုန်က စုမာလု၏လက်နှစ်ဖက်ကို ချွတ်လိုက်သည်။

သူက မျက်နှာဖုံးနှင့် လက်အိတ်များကို သေသေချာချာ လေ့လာကြည့်နေ၏။

မိကျောင်းအရေခွံအား စုပ်ကာ လက်အိတ်နှင့် ခေါင်းစွပ် အင်္ကျီများကို သေသပ်စွာ ချုပ်လုပ်ထားသည်။

ယင်းသက်အိတ်အား သေချာစွာမကြည့်ပါဘဲ လက်ထဲ၌ စွပ်ထားလိုက်သောအခါ တကယ်ပင် မိကျောင်း၏အကွက်များ ရှိနေသည်ဟု ထင်မှတ်ရလေသည်။

မျက်နှာဖုံးများမှာလည်း မိကျောင်းတစ်ကောင်မျက်နှာနှင့် တူလှပေသည်။

သူက သက်ပြင်းချလိုက်သည်။

'ဟင်း....ဒီပစ္စည်းကိုချုပ်တဲ့လူဟာ အတော့်ကို အနုပညာ မြောက်တာပဲ'

လုံးဝေသည် စကားမပြောတော့ဘဲ စုမာလုကိုသာ မျက်တောင်မခတ် ကြည့်နေလေသည်။

ထိန်ဟုန်က....

'မင်း သူ့ကိုသိသလား'

လုံးဝေက....

'စုမာလုပါ'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ဒါကြောင့် ထင်းရှောင်ကိုတောင် ပြန်ခုတ်နိုင်တာကိုး'

လုံးဝေက စုမာလု၏အင်္ကျီများအား နှာခေါင်းဖြင့် နမ်းကြည့်လေသည်။

ထိန်ဟုန်က သူ့အား မျက်မှောင်ကြုတ်၍ကြည့်လိုက်သည်။

'ခင်ဗျား ဘာကိုအနံ့ခံနေတာလဲ'



လုံးဝေသည် စကားမပြောဘဲ စုမာလု၏ အင်္ကျီတစ်ခုလုံးအား နှာခေါင်းဖြင့် အနံ့ခံနေပြန်သည်။

အဟန်ကြာမှ သူက မတ်တတ်ထရပ်လိုက်သည်။

'စုမာလုက ယို့ဝူးကိုသတ်တဲ့ တရားခံမဟုတ်ဘူး'

ဟု သူက တိကျပြတ်သားစွာ ပြောလိုက်လေသည်။

ထိန်ဟုန်က အံ့အားသင့်သွားသည်။

'ခင်ဗျား ဘာဖြစ်လို့ ပြောနိုင်တာလဲ'

လုံးဝေက သူ့အား စေ့စေ့ကြည့်လိုက်ပြီး....

'ယို့ဝူးကိုသတ်တဲ့ လူသတ်သမားဟာ ဘယ်ကနေထွက်လာတာလဲ'

ထိန်ဟုန်က....

'ရုပ်တုထဲကလေ'

လုံးဝေက....

'အဲဒီရုပ်တုကို ဘာသားနဲ့ ထွင်းထုထားတာလဲဆိုတာ ခင်ဗျား သိတယ်မဟုတ်လား'

ထိန်ဟုန်က....

'သိသားပဲ၊ သစ်မွှေးနံ့လေ'

လုံးဝေက ပြုံးလိုက်သည်။

'သူ့အင်္ကျီကို နမ်းကြည့်စမ်းပါ၊ သစ်မွှေးနံ့ လုံးဝမပါဘူး'

ထိန်ဟုန်သည် အနည်းငယ် ကြောင်အမ်းအမ်းဖြစ်သွား၏။

လုံးဝေက ရယ်မောလိုက်သည်။

'ခင်ဗျားဆိုလိုတာက တင်းရှောင်မှာ တခြား အနီရောင် ဝတ်စုံတစ်စုံ ရှိနေတယ်လို့ ဆိုလိုတာလား'

လုံးဝေက...

'အိပ်ဟုတ်တာပေါ့'

ထိန်ဟုန်က....

'ခင်ဗျား စောစောက စုမာလုရဲ့အင်္ကျီ သွားနမ်းကြည့်တာ သစ်မွှေးနံ့ရှိသလား'

လုံးဝေက....

'ခင်ဗျားဘာသာ နမ်းကြည့်ပါလား'



ထိန်ဟုန်မှာ စုမာလု၏အင်္ကျီအား နမ်းကြည့်လိုက်သည်။ သူသည် ကြောင်အမ်းအမ်း ဖြစ်သွား၏။

'မှုတ်တယ်ဗျ၊ သူ့ကိုယ်ပေါ်မှာလဲ သစ်မွှေးနံ့မရှိဘူးဗျို့'

သူက သက်ပြင်းတစ်ချက် ချလိုက်သည်။

ထို့နောက် ခေါင်းအတွင်းတွင် ခါယမ်းရင်းမှ....

'ကျုပ်ခေါင်းတွေ ပူလာပြီဗျို့၊ မစဉ်းစားတတ်တော့ဘူးဗျာ'

'ဟား....ဟား....ဟား'

လုံးဝေက ရယ်မောလိုက်လေသည်။

မိကျောင်းအိုင်

လုံးဝေသည် အခန်းထောင့်၌ ကာရံထားသော လိုက်ကာအား ဖယ်ရှားလိုက်၏။

ထို့နောက် သူ၏ဓားဖြင့် ကြမ်းပြင်အား တဒေါက်ဒေါက် ခေါက်ကြည့်နေသည်။

ထိန်ဟုန်က သူ့အားကြည့်လိုက်သည်။

'ဟေ့လူ...ဘာတွေလျှောက်လုပ်နေတာလဲဗျ'

လုံးဝေက သူ့အား လက်ကာပြလိုက်သည်။

ထို့နောက် ကြမ်းပြင်ကျောက်ပြားအား ထပ်မံခေါက်ကြည့်နေပြန်သည်။



ထိန်ဟုန်က အိမ်ရှေ့မျက်နှာစာသို့ လှည့်၍ ခြံထဲသို့ ကြည့်နေသည်။

သူက ဤနေရာ၌ ဆက်လက်နေထိုင်ရန် ဆန္ဒမရှိပါချေ။

အကြောင်းမှာ သူတို့က လူသတ်တရားခံအား ရှာဖွေရဦးမည် မဟုတ်ပါလော။

သို့ရာတွင် လုံးဝေက အတန်တန်တားထားသဖြင့် ဆက်လက်နေထိုင်ရခြင်း ဖြစ်ပေသည်။

ရုတ်တရက် လုံးဝေ၏အသံ ထွက်ပေါ်လာသည်။

'ဟင်....ဒီနေရာ ဖြစ်နိုင်တယ်ဗျို့'

ထိန်ဟုန်က သူ့အား မျက်မှောင်ကြုတ်၍ ကြည့်လိုက်သည်။

'ခင်ဗျား ဘာတွေ....'

လုံးဝေက လက်ကာပြလိုက်သည်။

'ဒီနေရာမှာ မြေအောက်လမ်းတစ်ခု ရှိရမယ်'

'ဗျာ....'

ထိန်ဟုန်က အလွန်အံ့ဩသွားသဖြင့် နှုတ်မှလွှတ်ခနဲ အသံထွက်လာသည်။

သူက လုံးဝေအား သေချာစွာ စိုက်ကြည့်လိုက်သည်။
'မြေအောက်လမ်း ဟုတ်လား'

လုံးဝေက....

'ဟုတ်တယ်'

သူက ပြောရင်းမှ ကျောက်ပြား၏ လေးဘက်လေးတန်အား ကလော်ကြည့်လိုက်သည်။ ကျောက်ပြား အနည်းငယ် လှုပ်လာသောအခါ သူက လက်ဖြင့် ဆွဲမလိုက်ရာ....

မှန်ပေသည်။

ယင်းနေရာ၌ လူတစ်ယောက်ဝင်နိုင်သော အပေါက်ကလေးအား မြင်တွေ့လိုက်ရလေသည်။

လုံးဝေနှင့် ထိန်ဟုန်တို့က အောက်သို့ကြည့်လိုက်၏။

ကျောက်လှေကားထစ်များအား တွေ့မြင်လိုက်ရလေသည်။

ထိန်ဟုန်က အံ့ဩလွန်း၍ မျက်လုံးဝိုင်းကြီးဖြင့် ကြည့်လိုက်လေသည်။



လုံးဝေက သူ့ပခုံးအားပုတ်ကာ...

'ကဲ....တို့ဆင်းကြည့်ကြစို့'

သူတို့နှစ်ယောက်က လှေကားထစ်အတိုင်း ဆင်းသွားလေတော့သည်။

ကျောက်လှေကားထစ်မှာ အောက်သို့ ခပ်ခွေခွေကလေး ရှိနေသည်။

ထိုကျောက်လှေကားထစ်မှာ တစ်ဆယ့်ငါးခုခန့် ရှိ၏။

လုံးဝေနှင့် ထိန်ဟုန်တို့က ထိုလမ်းအတိုင်း ဆင်းသွားရာ ကျောက်လှေကားထစ် ဆုံးသွားသောအခါ ဥမင်လိုဏ်ခေါင်း တစ်ခုကို တွေ့မြင်လိုက်ရလေသည်။

* * *

ဥမင်လိုဏ်ခေါင်း....

ဥမင်လိုဏ်ခေါင်းတစ်လျှောက် မှောင်မည်းနေ၏။

ထိန်ဟုန်က မီးစကို မီးညှိလိုက်သည်။

ထိုအခါ ဥမင်လမ်းကြောင်းအား မီးစ၏ အလင်းရောင်အောက်၌ မြင်မတွေ့နေရသည်။

ဥမင်လိုဏ်ခေါင်းမှာ ကျယ်ဝန်းလှခြင်း မရှိပါချေ။

လူနှစ်ရပ်ခန့်မြင့်ပြီး လူနှစ်ယောက် ပခုံးချင်းယှဉ်၍လျှောက်နိုင်ပေသည်။

ဥမင်လိုဏ်ခေါင်း၏ လမ်းမှာ ကွေ့ပတ်၍ လျှောက်နေရသည်။

ရုတ်တရက် ချိုးကွေ့တစ်ခုသို့ ရောက်သောအခါ ဥမင်လိုဏ်ခေါင်းမှာ ဘေးသို့ ရုတ်တရက် ကျယ်ပြန့်သွားသည်။

လုံးဝေနှင့်ထိန်ဟုန်တို့မှာ ကျဉ်းမြောင်းသော လမ်းကလေးတစ်လျှောက် ပခုံးချင်းယှဉ်၍ လျှောက်နေရာမှ ရုတ်တရက် ခန်းမတစ်ခုကဲ့သို့ ကျယ်ပြန့်သွားသော ဥမင်လိုဏ်ခေါင်း လမ်းမကြီးအား ကြည့်၍ အံ့ဩသွားလေသည်။

ရုတ်တရက် သူတို့၏ နှာခေါင်းထဲသို့ ဆိုးဝါးသော အနံ့အသက်များ တိုးဝင်လာသည်။

ယင်းအနံ့အသက်များမှာ အလောင်းဂေဟာ၌ သူတို့ကြုံတွေ့ခဲ့ရသော အနံ့များထက် ဆယ်ဆမက ဆိုးဝါးလှ၏။

အဘယ်ကြောင့်မှန်း မသိ။



လုံးဝေနှင့်ထိန်ဟုန်တို့မှာ ကြက်သီးမွေးညင်းများ ထလာကြ၏။

'ဝုန်း'

'ဝုန်း...'

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် လုံးဝေနှင့်ထိန်ဟုန်တို့ ကျောချင်းကပ်လိုက်မိလေသည်။

ထိုအသံနှင့်အတူ ဆိုးဝါးသော အနံ့အသက်များက ပို၍ပိုမို စူးရှလာသည်။

လုံးဝေက လက်ထဲမှဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်မိ၏။

ထို့အတူ ထိန်ဟုန်ကလည်းလက်ထဲမှသံကြိုးအား အဆင်သင့်ဆုပ်ထား၏။

လုံးဝေက လေသံတိုးတိုးဖြင့်...

'မီးမှုတ်ထားလိုက်ပါ'

ထိန်ဟုန်က လုံးဝေ၏သဘောကို နားလည်သိရှိလိုက်၏။

မီးရောင်ကို ကိုင်ဆောင်ထားပါက ရန်သူက မိမိတို့အား တွေ့မြင်၍ လက်ဦးအောင် တိုက်ခိုက်မည်စိုးသဖြင့် ဖြစ်သည်။

ထို့ကြောင့် ထိန်ဟုန်က မီးစအားငြိမ်းလိုက်၏။

‘ဝုန်း....ဝုန်း’

အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

သူတို့နှစ်ဦးမှာ အမှောင်ထဲ၌ငြိမ်သက်စွာရပ်၍အခြေအနေကို စောင့်ကြည့်နေသည်။

သို့သော် မည်သည့်ထူးခြားမှုမှ မရှိပါချေ။

လုံးဝေနှင့် ထိန်ဟုန်တို့ သက်ပြင်းကိုယ်စီ ချလိုက်၏။

သူတို့နှစ်ယောက် ရှေ့ဆက်လျှောက်ရန် ပြင်လိုက်စဉ်....

‘ဝုန်း....’

‘ဗွမ်း....’

အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

လုံးဝေတို့မှာ ရင်ထိတ်သွားလေသည်။

သူတို့ကအသံထွက်ပေါ်လာသောနေရာအား အာရုံစူးစိုက်၍ ကြည့်လိုက်သည်။

မည်သည့်အရာမျှ မတွေ့ရပါချေ။



လုံးဝေက သက်ပြင်းချရင်းမှ....

‘အင်း....ဒီအသံက အတော့်ကို ထူးဆန်းနေတာပါလား’

ဟု တီးတိုး ရေရွတ်လိုက်သည်။

ထိန်ဟုန်ကလည်း....

‘အေးကွ’

ဟု တီးတိုးပြောလိုက်သည်။

လုံးဝေရင်ထဲ၌ ထိုအသံအား အလွန်သိချင်စိတ် ပြင်းပြလာ၏။

‘ဟော့....ထိန်ဟုန်၊ ကျုပ်တို့ အဲဒီအသံကို အလျင် စုံစမ်းကြည့်ရအောင်’

ထိန်ဟုန်က လေသံဖြင့်....

‘အေး....ဟုတ်တယ်’

ထိုအချိန်....

‘ငှန်း....’

‘ဗွမ်း....’

အသံက ထပ်မံထွက်ပေါ်လာပြန်သည်။

လုံးဝေတို့မှာ လိုအသံထွက်ပေါ်လာရာသို့ မှန်းဆ၍လျှောက်လာကြသည်။

သူကိုသည် ခြေလှမ်း ငါးလှမ်းခန့် လျှောက်မိသောအခါ သူတို့ ခြေလှမ်းလှမ်းနေသော နေရာမှာ အလွန်ချောမွတ်လာသည်ကို ခံစားလိုက်ရ၏။

ထိန်ဟုန်က ပြောလိုက်သည်။

'ဟေ့ကောင်၊ ဒီနေရာက ဘယ်လိုနေရာလဲ မသိဘူးကွာ၊ အရမ်းချောတာပဲ'

လုံးဝေက ရုတ်တရက်သူခြေနင်းသောနေရာမှာ မာကျောမှုမရှိဘဲ အနည်းငယ်ပျော့ပျောင်းနေသည်ဟု ခံစားလိုက်မိသည်။

'အေးကွ၊ နေဦး'

သူကဒူးထောင်ထိုင်ချရင်းမှ မြေပြင်အားလက်ဖြင့်စမ်းကြည့်လိုက်သည်။

ထိုအခါ သူ့လက်မှာ စိုစွတ်သော မြေပြင်အား စမ်းမိလိုက်လေသည်။

သူ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွားသည်။

'ခင်ဗျား....ဒီမြေကြီးကို စမ်းကြည့်စမ်း'



ထိန်ဟုန်ကပါ မုဒိုးတိုင် ထိုင်ချကာ မြေကြီးအားစမ်းကြည့်လိုက်သည်။

'ဟာ...မြေကြီးက ရေတွေစိုရွဲနေပါလား'

လုံးဝေက...

'အေး ထူးဆန်းတယ်ကွ၊ ဒီရေတွေက ဘယ်ကလာတာလဲ'

သူက ယင်းသို့ပြောရင်းမှ အတန်ကြာအောင် စဉ်းစားနေလေသည်။

ထိန်ဟုန်၏အသံက ထွက်ပေါ်လာပြန်သည်။

'ဟူး....ထိုင်လိုက်ကာမှ အနံ့ကဘိုပြင်းလာတယ်ကွာ'

လုံးဝေ၏မျက်လုံးတစ်ချက် ဝင်းလက်တောက်ပသွားသည်။

သူက မြေကြီးအား လက်ဖြင့်စမ်းကြည့်ရင်းမှ အမှောင်ထဲမှ အခန်းနံရံဘက်သို့ တရွေ့ရွေ့တိုးသွား၏။

ယိုအချိန်....

'ဂုန်း'

'ဗွမ်း'

ယင်းအသံနှင့်အတူ ရေစီးကြောင်းတစ်ခုက လုံးဝေ၏ လက်ချောင်းကလေးများဆီသို့ လာရောက်ထိမှန်သွားသည်။

လုံးဝေက အားရဝမ်းသာဖြင့် ထိန်ဟုန်အား အော်ခေါ်လိုက်၏။

‘ဟေ့ကောင် ထိန်ဟုန်’

ထိန်ဟုန်က လုံးဝေ၏အသံကြောင့် ရုတ်တရက် တုန်လှုပ်သွားသည်။

သူ၏လက်ထဲမှသံကြိုးအား တင်းတင်းဆုပ်ကိုင်ရင်းမှ....

‘ဘာဖြစ်လို့လဲဟေ့’

ဟု အထိတ်တလန့် ပြန်မေးလိုက်သည်။

လုံးဝေက ပြုံးလိုက်မိသည်။

‘မင်းကလဲ အထိတ်တလန့် ဘာတွေအော်နေတာလဲကွ’

ထိန်ဟုန်က ဒေါသထွက်သွား၏။

‘ဟင်... မင်းကစပြီး အထိတ်တလန့်အော်လို့ ငါက မင်းအတွက် စိုးရိမ်ပြီး အော်တာကွ၊ မင်းကပဲ ငါ့ကိုပြောရသေးတယ်’

သူ၏အသံမှာ အတော်ပင် ကျယ်လောင်သွားလေသည်။

လုံးဝေက ဟန့်တားလိုက်၏။



‘ဟေ့ကောင် ဒါ မင်းယောက္ခမအိမ်မဟုတ်ဘူးကွ၊ အသံ ပြဲမနေနဲ့၊ ဒီကိုလာ’

ထိန်ဟုန်က မတ်တတ်ရပ်၍ လုံးဝေရှိရာသို့ လျှောက်လာ၏။

‘မင်းဘယ်မှာလဲကွ’

လုံးဝေက သူထိုင်နေသောနေရာအား အသံပေးလိုက်၏။

‘ငါဒီမှာကွ’

ထိန်ဟုန်က သူ့အသံအားမှန်းဆ၍ ထိုင်ချလိုက်ရာ အမှောင်ထဲ၌ လုံးဝေအား စမ်းကြည့်လိုက်သည်။

လုံးဝေက....

‘ဟေ့ကောင် မင်းမီးစကို မီးညှိလိုက်စမ်း’

ထိန်ဟုန်က မီးစအား မီးညှိလိုက်၏။

ထိုအခါ ပတ်ဝန်းကျင်အား မီးစ၏အလင်းရောင်အောက်၌ ပီပြင်စွာ မြင်တွေ့လာရလေသည်။

သူတို့ရောက်နေသောနေရာတွင် မြေကြီးပြင်မှာ စိုစွတ်နေရုံမက ရွှံ့ဗွက်များပင် ရှိနေ၏။

ထိန်ဟုန်မှာ အံ့အားသင့်သွား၏။

'ဟင်...ဒီနေရာမှာ ဘယ်ကရေတွေရောက်လို့ ဖွက်ထနေတာပါလိမ့်'

လုံးဝေကလည်း မျက်မှောင်ကြုတ်၍....

'အေးကွ ဒီနေရာပတ်ဝန်းကျင်မှာလဲ ရေကန်မပြောနဲ့၊ ရေအိုင်တောင် မတွေ့ရဘူး'

'ဝုန်း'

'ဗွမ်း'

ရုတ်တရက် ထွက်ပေါ်လာသော ထိုအသံနှင့်အတူ ရေစီးကြောင်းငယ်လေးတစ်ခုက နံရံရှိရာမှ စိမ့်ထွက်လာသည်။

လုံးဝေနှင့် ထိန်ဟုန်တို့ အလွန် စိတ်ဝင်စားသွားကြ၏။

သူတို့က နံရံအား ကြည့်လိုက်သည်။

နံရံမှာ သံမဏိပြားဖြင့် အထူးစီမံထားသော နံရံဖြစ်၏။

လုံးဝေက အတန်ကြာစဉ်းစားရင်းမှ မတ်တတ်ရပ်လိုက်လေသည်။

'ဟင်း....အတော်ကို ထူးဆန်းနေတာပဲ၊ အသံက ဒီနံရံထဲက ထွက်ပေါ်နေတာကွ'



ထိန်ဟုန်ကလည်း မတ်တတ်ရပ်လိုက်လေသည်။

'အေးကွ'

လုံးဝေက ထိန်ဟုန်၏လက်ထဲမှ မီးစကိုယူ၍ နံရံအား သေချာစွာ ကြည့်လိုက်လေသည်။

သို့သော် ထူးခြားမှု တစ်စုံတစ်ရာ မရှိပါချေ။

ထိန်ဟုန်က နံရံအား စိုက်ကြည့်လိုက်၏။

'ဟင်....ဒီသံမဏိပြားတွေက အတော်ထူတာပဲကွ၊ အထဲမှာ ဘာတွေရှိနေလဲမသိဘူး'

'ဝုန်း'

'ဝုန်း'

'ဗွမ်း ...'

အသံများက ထပ်မံထွက်ပေါ်နေဆဲ။

သံမဏိပြားအောက်ခြေမှ ရေစီးကြောင်းငယ်လေးကလည်း စိမ့်ထွက်နေဆဲပင်။

လုံးဝေက သံမဏိပြားတစ်လျှောက် လိုက်လံ စမ်းကြည့်လိုက်သည်။

ရုတ်တရက်ချောမွတ်နေသောသံမဏိပြားမှ သုံးပေခန့်အရှယ် အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာသည်။

လုံးဝေက ထိုအပေါက်ကလေးအား လက်ဖြင့် နှိုက်ကြည့်လိုက်သည်။

ရုတ်တရက် သူ့ကျောပြင်တစ်ခုလုံး အေးစိမ့်သွားသည်။

အကြောင်းမှာ သံမဏိအပေါက်အောက်ဘက်နှင့် တစ်ဆက်တည်း သံမဏိပြားရှည်ကလေးပေါ်၌ ပျော့စိစိအရာတစ်ခုအား စမ်းကြည့်လိုက်မိ၍ဖြစ်သည်။

သူက မျက်စိစုံမှိတ်၍ ဖြစ်ချင်ရာဖြစ်ဟူသော သဘောဖြင့် ထိုအရာအား ဆွဲယူလိုက်သည်။

ထို့နောက် သူ့လက်ထဲတွင် ပါရှိလာသော အရာအား မီးရောင်အောက်တွင် ဖြန့်ကြည့်လိုက်သောအခါ....

'ဟင်....'

သူနှင့်ထိန်ဟုန်တို့နှုတ်မှ ပြိုင်တူလွှတ်ခနဲ ထွက်လာသည်။

ထိန်ဟုန်က ထစ်ထစ်ငေါ့ငေါ့ဖြင့်....

'ဒါ....ဒါ အသားတုံးတစ်တုံးပါလား'

'ထွီ....နံလိုက်တာ'



သူက ယင်းသို့ ပြောရင်း အော်ဂလီဆန်လာ၏။

မှန်ပေသည်။

လုံးဝေလက်ထဲ၌ အသားတုံးတစ်တုံး ရှိနေသည်။

ယင်းအသားတုံးမှာ သွေးသံရဲရဲ ရှိနေ၏။

သံမဏိပြားအပေါက်ကလေး ပွင့်သွားသဖြင့် ဆိုးဝါးသော အနံ့အသက်များကလည်း ပိုမိုဆိုးဝါးလာသည်။

လုံးဝေက စကားလုံးဝ မပြောပါချေ။

သူက ထိုအသားတုံးအား ယင်းသံမဏိပေါက်ကလေးထဲသို့ အရှိန်ဖြင့် ပစ်သွင်းလိုက်သည်။

'ဝှမ်း....'

'ဝုန်း....'

'ဝုန်း....'

ယင်းအသံများက တစ်ဆက်တည်း ထွက်ပေါ်လာသည်။

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဟင်း....ဒီထဲမှာ ရေအိုင်ရှိနေတာ သေချာပြီ၊ ခက်တာက ဝုန်းဆိုတဲ့ အသံတွေက ဘာလို့ ထွက်ပေါ်လာရတာလဲ'

သူက ဆက်၍စဉ်းစားနေသည်။

'လူတစ်ဦးတစ်ယောက် ရှိနေသလား'

သူကခေါင်းခါယမ်းလိုက်ပြန်သည်။

အကြောင်းမှာ ဤမျှ ညီညီစိုစိုပြီး အပုပ်နံ့များ ထွက်ပေါ်နေသောအိုင်၌ မည်သို့သော လူက အပန်းဖြေ ရေကူးနေပါမည်နည်း။

လုံးဝေမှာ ယင်းအသံ ထွက်ပေါ်လာခြင်းကို ပိုမို သိချင်လာသည်။

'မင်း....ဒီမီးတိုင်ခဏယူထားဦး'

သူက ယင်းသို့ပြောရင်း လက်ထဲမှ မီးတိုင်အား ထိန်ဟုန်ထံသို့ လှမ်းပေးလိုက်သည်။

ထို့နောက် သံမဏိအောက်နှုတ်ခမ်းနှင့် ဆက်၍ ခင်းထားသော သံမဏိပြားရှည်လေးအား လက်နှစ်ဖက်ဖြင့် အားစိုက်ကာ လိမ်ချိုးလိုက်သည်။

သို့သော် သံမဏိပြားကလေးမှာ အနည်းငယ် အောက်စိုက်သွားရုံသာရှိသည်။ လုံးဝကျိုးမသွားပါချေ။

သူက ထပ်မံ အားစိုက်၍ ချိုးလိုက်သည်။



သို့ရာတွင် သံမဏိပြားလေးမှာ အောက်သို့ ဝပ်သွားရုံသာ ရှိသည်။

လုံးဝေက နားလည်လိုက်၏။

သူမည်မျှချိုးစေကာမူ ဤသံမဏိပြားကလေးက ကျိုးပဲ့မည် မဟုတ်တော့ပါချေ။

သူက သံမဏိပြား အပေါက်ကလေးမှခေါင်းပြူ၍ အထဲသို့ ကြည့်လိုက်၏။

ရုတ်တရက် သူ့ခေါင်းက အပြင်သို့ ဆတ်ခနဲ ပြန်ထွက်လာသည်။

'ဘာဖြစ်တာလဲကွ'

ထိန်ဟုန်က သိချင်ဇောဖြင့် အလောတကြီး မေးလိုက်သည်။

လုံးဝေက မျက်နှာကြီးအား ရှုံ့မဲ့လိုက်သည်။

'အား....ပုပ်စော်နံလိုက်တာကွ၊ ဘာမှလဲ မမြင်ရဘူးကွ'

သူက ယင်းသို့ပြောရင်းမှ ထိန်ဟုန်လက်ထဲရှိ မီးတုတ်အား လှမ်းယူလိုက်သည်။

ထို့နောက် ယင်း သံမဏိအပေါက်ကလေးထဲမှ ထည့်၍ အထဲသို့ကြည့်လိုက်သည်။

မီးရောင်၏ အလင်းရောင်ကြောင့် မည်းမှောင်နေသော အခန်းထဲမှ အရာများကို တိကျစွာမြင်တွေ့လိုက်ရ၏။

'ဟင်....'

သူ၏ခန္ဓာကိုယ် တုန်တုန်ယင်ယင် ဖြစ်သွားလေသည်။

ထိန်ဟုန်က သူ့အား စိုးရိမ်တကြီး မေးလိုက်သည်။

'လုံးဝေ မင်း ဘာတွေ့လို့လဲ'

လုံးဝေ၏ဦးခေါင်း ပြန်ထွက်လာသည်။

သူက မီးတုတ်ကိုပါ ပြန်လည် ဆွဲထုတ်လိုက်သည်။

မီးတုတ်အောက်မှ သူ၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်ခြင်း၊ မယုံကြည်နိုင်ခြင်း၊ တွေဝေငေးမောခြင်းတို့အား စုပြုံ၍ တွေ့လိုက်ရသည်။

ထိန်ဟုန်က ပိုမိုသိချင်လာမိသည်။

သူက လုံးဝေ လက်ထဲမှ မီးတုတ်အား ဆွဲယူကာ သံမဏိ အမပေါက်ထဲသို့ဆည့်၍ အထဲသို့ ခေါင်းပြူကြည့်လိုက်လေသည်။

'ဟင်....မိကျောင်းအိုင်ကြီးပါလား'

သူ၏နှုတ်မှ အသံတုန်တုန်ယင်ယင်ဖြင့် လွှတ်ခနဲ ထွက်လာသည်။



မှုန်ပေသည်။

သံမဏိပြား ကာရံထားသော အခန်းထဲ၌ မိကျောင်းအကြီး၊ အသေး၊ အလတ် အကောင်ပေါင်းစုံ ရှိနေလေသည်။

မိကျောင်းကြီးများမှာ ပြန့်ကြဲနေသော အသားတုံးကြီးများအားပါးစပ်ဖြင့် ဖြဲကာ အလုအယက် စားသောက်နေကြလေသည်။

အသံများက ထပ်မံထွက်ပေါ်နေဆဲပင် ရှိသေး၏။

ထိန်ဟုန်မှာ သူ့လက်ထဲမှ မီးတုတ်အလင်းရောင်အောက်ရှိ မိကျောင်းကြီးများကို အံ့သြဖွယ်ကောင်းစွာ ကြည့်နေမိသည်။

မြေအောက်ခန်းထဲ၌ တွေ့ရှိရသော မိကျောင်းအိုင်ကြီးအား မည်သူက မအံ့သြဘဲ ရှိနိုင်ပါမည်နည်း။

လုံးဝေက သက်ပြင်းချလိုက်သည်။

'ဟူး....'

ယင်းအသံကြားမှ ထိန်ဟုန်၏ ဦးခေါင်းက သံမဏိပြားထဲမှ ပြန်လည် ထွက်ပေါ်လာ၏။

သူတို့နှစ်ယောက်က မျက်နှာချင်းဆိုင် ကြည့်လိုက်ကြ၏။

ထိန်ဟုန်က စတင်မေးလိုက်သည်။

'လုံးဝေ၊ ငါတို့ ထင်းရှောင်ရဲ့ စာကြည့်ခန်းထဲကစပြီး ဒီနေရာကို ဆင်းလာခဲ့တာနော်'

လုံးဝေက ခေါင်းညိတ်ပြလိုက်သည်။

ထိန်ဟုန်က....

'ဒါဆိုရင် ဒီမိကျောင်းအိုင်ဟာ ထင်းရှောင် မွေးထားတာများလား'

လုံးဝေက....

'ပြောဖို့ အချိန်စောပါသေးတယ်၊ အင်း....ငါတို့လိုက်နေတဲ့ အမှုကိစ္စဟာ အတော့်ကို ရှုပ်ထွေးလာပြီကွ'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ကဲ.... တို့ဆက်သွားကြည့်ကြရအောင်၊ ဘာတွေဆက်ပြီး တွေ့ရမလဲ မသိဘူး'

*　　*　　*



လုံးဝေနှင့် ထိန်ဟုန်တို့က ရှေ့ဆက်လျှောက်လာကြ၏။

ထိုအခါ လမ်းမှာ လူနှစ်ယောက်ယှဉ် သွားနိုင်ရုံသာ မြန်လည် ကျဉ်းမြောင်းသွားလေသည်။

မကြာမီ သူတို့သည် အပေါ်သို့တက်ရန် လှေကားထစ်တစ်ခုအား တွေ့ရှိလိုက်ရလေသည်။

ထိန်ဟုန်က မီးတုတ်အားမြှောက်၍ အပေါ်သို့တက်ရန် ဟန်ပြင်လိုက်စဉ်....

လုံးဝေ၏ မျက်လုံးများက လှေကားထစ်ဘေးရှိ အရာတစ်ခုအား မြင်တွေ့လိုက်ရ၏။

'ဟင်....'

သူ၏နှုတ်မှ လွတ်ခနဲ အသံထွက်သွားသည်။

သူ၏အသံကြောင့် ထိန်ဟုန်၏ လှမ်းနေသော ခြေလှမ်း ရပ်တန့်သွား၏။

'ဘာလဲဟေ့ လုံးဝေ'

လုံးဝေက....

'ဒီမှာကြည့်စမ်း'

ထိန်ဟုန်က လုံးဝေညွှန်ပြရာသို့ ကြည့်လိုက်စဉ် သူ၏မျက်လုံး ဝိုင်းစက်ပြူးကျယ်သွားလေသည်။

သူတို့တက်ရန် ခြေလှမ်းပြင်နေသော လှေကားထစ်ဘေး၌ အခန်းငယ်လေးတစ်ခု ရှိနေ၏။

ထိန်ဟုန်နှင့် လုံးဝေတို့က ယင်းအခန်းလေးထဲသို့ ဝင်ကြည့်လိုက်သည်။

ယင်းအခန်းလေးထဲ၌ ကွပ်ပျစ်ငယ်လေးတစ်လုံးအား တွေ့ရှိလိုက်ရသည်။

ထို့နောက် အခန်းတစ်ခုလုံးအား ဝေ့ကြည့်လိုက်ရာ ရုတ်တရက် မိကျောင်းတစ်ကောင်အား မြင်တွေ့လိုက်ရသည်။

မိကျောင်းမှာ မတ်တတ်ရပ် အနေအထားပင် ဖြစ်သည်။

'ဟင်....'

သူက စဉ်းစားမနေတော့ဘဲ လက်ထဲမှ ဓားဖြင့် ယင်းမိကျောင်းအား လျင်မြန်စွာ ခုတ်ချလိုက်သည်။

'ဖွတ်'

မိကျောင်းမှာ နောက်သို့ အါနည်းငယ်ဆုတ်သွားပြီး ရှေ့သို့ အရှိန်ဖြင့် ပြန်တိုးလာပြန်သည်။



ထိန်ဟုန်က လက်ထဲမှမီးတုတ်အား မြှောက်၍ သေချာစွာ ကြည့်လိုက်သည်။

'ဟော့ ကောင်....လုံးဝေ၊ မိကျောင်းက အရှင်မဟုတ်ဘူးကွ'

'ဟော....'

လုံးဝေက ယင်းသို့ပြောရင်း မိကျောင်းနားသို့ ထပ်မံတိုးကပ်၍ ကြည့်လိုက်၏။

ထိုအခါ ချိတ်ဖြင့်ချိတ်ဆွဲထားသော မိကျောင်းရုပ်လုံးအား မြင်တွေ့လိုက်ရသည်။

လုံးဝေနှင့် ထိန်ဟုန်တို့၏မျက်နှာ ဝင်းလက်တောက်ပသွားသည်။

'ဒါလူထူးလူဆန်းဝတ်တဲ့ မိကျောင်းအရေခွံပဲ'

သူတို့နှစ်ယောက် ပြိုင်တူပြောလိုက်ခြင်း ဖြစ်သည်။

ယင်းမိချောင်းအရေခွံ ချိတ်ဆွဲထားသော နောက်ကွယ်၌ လိုက်ကာတစ်ခု ရှိနေသည်။

လုံးဝေ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

ထိန်ဟုန်ကလည်း သူ့အား ဆက်ခနဲကြည့်လိုက်၏။

မီးရောင် အောက်၌ မြင်နေရသော လိုက်ကာပေါ်၌ မိကျောင်းတစ်ပိုင်း လူတစ်ပိုင်း မိန်းကလေးတစ်ယောက်အား ပွေ့ချီ၍ မီးတောက်မီးလျှံများ ကြား၌ ရပ်တည်နေပုံဖြစ်သည်။

လုံးဝေက ယင်းလိုက်ကာရှိရာသို့ လျှောက်သွားသည်။

ထိန်ဟုန်ကလည်း နောက်မှ လိုက်ပါလာ၏။

လုံးဝေက ကန့်လန့်ကာအား ဆွဲဖယ်၍ အတွင်းသို့ ကြည့်လိုက်ပြန်သည်။

ယင်းကန့်လန့်ကာ နောက်ကွယ်၌ ကွပ်ပျစ်တစ်လုံးအား ထပ်မံတွေ့လိုက်ရသည်။

ကွပ်ပျစ်ဘေး၌ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ရှိနေ၏။

စားပွဲပေါ်၌ စာအုပ်တစ်အုပ် ရှိနေသည်။

ထို့ပြင် မင်အိုးနှင့် စုတ်တံများကိုလည်း တွေ့မြင်ရလေသည်။

လုံးဝေက စာအုပ်အား လှမ်းကြည့်လိုက်သည်။

ပထမစာမျက်နှာ၌ မည်သည့်စာမှ ရေးခြစ်ထားခြင်း မရှိပါချေ။



ဒုတိယစာမျက်နှာသို့ လှန်လိုက်သည်။

ယင်း ဒုတိယ စာမျက်နှာ၌ ယောကျ်ားတစ်ယောက်၏ လက်ရေးဖြင့် ရေးခြစ်ထားသော စာပိုဒ်ကလေးအား တွေ့မြင်လိုက်ရသည်။

လုံးဝေနှင့် ထိန်ဟုန်တို့က ပြိုင်တူ ဖတ်ကြည့်လိုက်ကြ၏။

'သူမနဲ့ ငါ လက်ထပ်တဲ့နေ့ပါ၊ မီးတောက်မီးလျှံကြားထဲက မိန်းမတစ်ယောက်ကို ငါ ခွဲစွဲလမ်းလမ်းချစ်ခဲ့မိပြီ၊ ငါ့နှလုံးသားတွေ သူမကြောင့် ပူပြင်းလောင်မြိုက်နေရပြီ။

ဒါပေမယ့် ငါသူ့ကို လုံးဝလက်လွှတ် အဆုံးရှုံးမခံနိုင်ဘူး၊ သူမ စွဲချက်တင်ခံရတဲ့ လုံ့တံကိုလဲ ဘယ်တော့မှ မကိုင်တော့ဘူး'

လုံးဝေစိတ်ထဲ၌ ပန်းချီကားနှင့် ပတ်သက်၍ အနည်းငယ်နားလည်လာသယောင် ရှိလာ၏။

သူက ဒုတိယစာမျက်နှာအား လှန်ကြည့်လိုက်၏။

'ငါ့မျက်နှာဟာ ကြမ်းတမ်းသလောက် ငါ့နှလုံးသားဟာ နူးညံ့ပျော့ပျောင်းပြီး ခံနိုင်ရည်မရှိမှန်း သိရှိလိုက်ရပြီ။

ငါသိပ်ညံ့တယ်၊ လောကကြီးဟာ ကြမ်းတမ်းခက်ထန် ယုတ်မာတဲ့လူနဲ့မှ တန်မယ်၊ ဒီလိုဖြစ်အောင် ငါကြိုးစားရဦးမယ်'

တတိယစာမျက်နှာ....

'သူမနဲ့ငါဟာ အကြင်လင်မယား ဆိုတဲ့ နာမည်ခံပဲ ရှိတယ်၊ တကယ့်လက်တွေ့မှာ သူများရင်ခွင်ထဲက မိန်းကလေးကို ငါစွဲလမ်းတပ်မက် နေမိလို့ ငါ့နှလုံးသားတွေ ကွဲအက်ကြေမွခဲ့ရပါပြီ၊ မင်းတို့ငါ့ကိုရက်စက်လိုက်ကြတာ'

စတုတ္ထစာမျက်နှာ....

'သူမ ဒီနေ့ မီးဖွားတဲ့နေ့ပဲ၊ သားယောကျ်ားလေးမွေးတယ်၊ ဒီသွေးဟာ ငါ့ရဲ့သွေးမဟုတ်မှန်း သိပါလျက်က သူမကိုအလွန်ချစ်တဲ့စိတ်နဲ့ ငါ...ငါ့ရှုံးသွပ်စွာခွင့်လွှတ်လိုက်ပါပြီ'

ပဉ္စမစာမျက်နှာ....

'ကနေ့ လူယုတ်မာ လက်ထပ်တဲ့နေ့၊ ငါ့ရင်ထဲမှာသူ့ကို တစ်နေ့တခြား ရွံမုန်းလာတယ်၊ သူဟာ မိန်းကလေးတွေကို သာယာမှုမှာယစ်မူးဖို့ အပျော်ချစ်နေတဲ့ လူတစ်ယောက်ဖြစ်ရမယ်'



ဆဋ္ဌမစာမျက်နှာ....

'ဒီနေ့ ငါ့အပျော်ဆုံးနေ့ပဲ၊ ငါ့ရင်ထဲက နှစ်ရှည်လများ မျှော်လင့်တောင့်တခဲ့ရတဲ့ နွေးထွေးတဲ့ သူမရဲ့ရင်ခွင်မှာ စတင်ခိုလှုံခဲ့ရပါပြီ၊ သူဟာ အမှားကို နှုတ်ကဖွင့်ဟ ဝန်မခံပေမယ့် ငါ့ရင်ထဲက ခံစားချက်တွေကို နားလည်သိရှိသွားပြီ ထင်ပါရဲ့၊ ငါ့ကို အစ်ကိုရှောင်လို့ခေါ်လိုက်တဲ့ သူမရဲ့အသံဟာ ငါ့နှလုံးသားတွေအရည်ပျော်ခဲ့ရပါပြီ'

သတ္တမစာမျက်နှာ....

'ငါ့မိန်းမ ကိုယ်ဝန်ရှိတယ်၊ ငါ့ရင်ထဲမှာ သားယောကျ်ားလေး လိုချင်တဲ့ဆန္ဒက ပြင်းထန်လာတယ်၊ အကယ်၍ မိန်းကလေးမွေးလာရင် သတ်ပစ်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဟိုလူယုတ်မာတောင်ယောကျ်ားလေးမွေးတာပဲ၊ ငါ မိန်းမလေးမမွေးစေရဘူး'

အဋ္ဌမစာမျက်နှာ....

'ငါ့မိန်းမမီးဖွားပြီ၊ တိုက်တိုက်ဆိုင်ဆိုင် ဟိုဘက်ခြံက လူယုတ်မာရဲ့မိန်းမလဲ မီးဖွားတယ်လို့ ကြားတယ်၊ ငါ့ရင်ထဲမှာ မကျေနပ်လိုက်တာနော်၊ ဒါပေမယ့် ငါက သားလေးမွေးတယ်၊ သင်းက သမီးမွေးတယ်'

နဝမစာမျက်နှာ....

'ငါ့မိန်းမဟာ ကနေ့ လူ့လောကကို ကျောခိုင်းစွန့်ခွာသွားပြီ၊ သူ့ကို မြေမြှုပ်နေတဲ့ငါ့လက်တွေဟာ ငါ့ရဲ့နှလုံးသားကို မြေမြှုပ်သင်္ဂြိုဟ်နေရသလိုပါပဲ၊ ငါ့ကို သူ့ယောကျ်ားတစ်ယောက်အဖြစ် ယုယကြင်နာတာမှ မကြာသေးဘူး၊ ငါ့အနားက အပြီးအပိုင်ထွက်ခွာသွားပါပြီ၊ ငါ့ဘဝမွန်းတည့်ချိန်မှာ နေဝင်ခဲ့ရပြီ၊ ငါ့နှလုံးသားတွေလဲ ပူပြင်းလောင်မြိုက်ရသွန်းလို့ ဆေးမြည့်လောင်ကျွမ်းသွားပါပြီ၊ တစ်သက်မှာ တစ်ခါသာ စွဲလမ်းမိတဲ့ ချစ်သူသေဆုံးသွားချိန်မှာ ငါ....ငါဘယ်လို ဖြေသိမ့်ရမှာလဲကွာ'

ဒသမစာမျက်နှာ....

'ငါ ဒီနေ့ အိမ်ဖော်တွေအကုန်လုံးထုတ်ပစ်လိုက်ပြီ၊ ငါ့ရဲ့ အကြံအစည်ကို အခွင့်ကြုံလာတဲ့ နေ့ကျရင် အကောင်အထည်ဖော်လိုက်တော့မယ်။

ငါကို သေမလောက်ကြောက်ပြီး နှုတ်လုံလွန်းတဲ့ အဘွားကြီးတစ်ယောက်ပဲထားလိုက်ပြီ၊ ငါ မီးကျောင်းမွေးမယ်၊ မီကျောင်းလိုကျင့်ကြံတော့မယ်၊ နောက်ပြီး မီကျောင်းတစ်ပိုင်း လူတစ်ပိုင်းဟာ ဝိညာဉ်မဲ့နေတဲ့ မိန်းမတစ်ယောက်ကို ပွေ့ဖက်ထားရင်း မီးတောက်



မီးလျှံကြားမှာ ချပ်နေတဲ့ပုံကိုဆွဲမယ်၊ ဟုတ်တယ်၊ ငါဟာ လူတစ်ယောက်ဖြစ်ပေမယ့် မီကျောင်းတစ်ကောင်ရဲ့ နှလုံးသားကို အတုယူပြီး ရက်စက်ရတော့မယ်၊ ဒီနေရာမှာ ငါ့ရင်ခွင်ထဲမှာ အမြဲတမ်းသတိရနေတဲ့ ရှမ်းကျင်းဟာ ငါ့ရင်ခွင်ထဲမှာ ရှိနေရမယ်၊ ဒါပေမယ့် သူမဟာ ငါ့ရင်ခွင်ထဲမှာ ရှိနေခြင်းဟာ ငါ့အတွက် မီးတောက်မီးလျှံကြားမှာ ရပ်နေခြင်းပါပဲ'

လုံးဝေနှင့်ထိန်ဟုန်တို့မှာ ယင်းစာအုပ်ကိုဖတ်နေရင်းမှ သူတို့နှစ်ယောက်၏ ရဖိထဲ၌ ကြေကွဲဆို့နင့်လာသည်။

သူတို့က နောက်စာမျက်နှာအား လှန်ကြည့်လိုက်သည်။

သို့သော် ဘာမှ ရေးခြစ်ထားခြင်း မရှိတော့ပါချေ။

လုံးဝေနှင့် ထိန်ဟုန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

သူတို့၏မျက်လုံးများမှာ ယောကျ်ားလေးများဖြစ်ကြသော်လည်း အလွန် ကြေကွဲဆို့နင့်ဖွယ်ရာ လူတစ်ယောက်၏ နှလုံးသား တစ်ခုအား သိရှိခွင့်ရလိုက်သောအခါ သနားကရုဏာသက်နေမိကြသည်မဟုတ်ပါလော။

သူတို့က စကားမပြောကြပါချေ။

တိတ်ဆိတ်စွာဖြင့် အခန်းထဲမှ ပြန်ထွက်လာကာ လှေကားထစ်မှ လှမ်းတက်လာသည်။

ထိုအခါ အပြုရောင်လိုက်ကာတစ်ခုကာရံထားသော အခန်းတစ်ခုထဲသို့ ရောက်ရှိလာသည်။

လိုက်ကာပေါ်၌ မည်သည့်ပန်းချီကားမှ ရေးဆွဲထားခြင်း မရှိပါချေ။

ယခုမှ သူတို့ဖြစ်ပေါ်လာသော ကိစ္စအရပ်ရပ်အား အကြမ်းအားဖြင့် နားလည်သဘောပေါက်လိုက်ပြီး ဖြစ်သည်။

ဤအခန်းမှာ ရှောင်ရိ၏ဇနီး ရှမ်းကျင်းနေထိုင်သော အခန်းဖြစ်သည်။

ဤအခန်း၌ လျှို့ဝှက်မြေအောက်ခန်းရှိနေ၏။

ယင်းမြေအောက်လမ်းမှာ ထင်းရှောင်၏ သီးသန့်စာဖတ်ခန်းသို့ တိုက်ရိုက်ရောက်နိုင်သည်။

ဤသို့ဆိုလျှင် ထင်းရှောင်နှင့် ရှောင်ရိ၏ဇနီး ရှမ်းကျင်းတို့မှာ လုံးဝေရင့်ထဲ၌ ဆက်၍မတွေးဝံ့တော့ချေ။

သူက လူနှစ်ယောက်၏ အက်ကွဲကြေမွနေသော နှလုံးသားကိုသာ မြင်ယောင်နေမိသည်။

သူသည် မျက်ဝန်းကို ဖိမှိတ်ရင်းမှ ခေါင်းခါယမ်းလိုက်၏။

'ဖြစ်မှဖြစ်ရလေခြင်းဗျာ'

* * *



လုံးဝေသည် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်ချလိုက်၏။

သူက မျက်မှောင်ကြုတ်၍ အလေးအနက်စဉ်းစားနေ၏။

ရှောင်ရိက လူထူးလူဆန်းအဖြစ် ဟန်ဆောင်သည်မှာ မှန်ကန်နေလေပြီ။

သူက သူ၏နှလုံးသား နာကျင်စူးရှစွာဖြင့် သည်းခံမွေးခဲ့ရသော သူ၏ဇနီးနှင့် ထင်းရှောင်တို့သွေးမှ ဖြစ်ပေါ်လာသော ယို့လန်းအား သတ်ပစ်လိုက်သည်မှာ သေချာနေပေပြီ။

သို့ရာတွင် ယို့ဝူးအား မည်သူက သတ်လိုက်ပါသနည်း။

ထင်းရှောင်၏လက်ညှိုးအား မည်သူ ဖြတ်လိုက်ပါသနည်း။

နောက်ဆုံး သူက အကြံတစ်ခုရလာကာ ယင်းအကြံအတိုင်း အကောင်အထည်ဖော်ရန် ဆုံးဖြတ်လိုက်လေတော့သည်။

ထိန်ဟုန်က သူ၏ပခုံးအား ပုတ်လိုက်သည်။

'ခင်ဗျား ဘာတွေတွေးနေတာလဲ'

လုံးဝေက သူ့အား မော့ကြည့်လိုက်သည်။

'ဒီအမှုပေါ်အောင် လူသတ်တရားခံ ဘယ်သူလဲဆိုတာ ဖော်ထုတ်နိုင်ဖို့ ကျုပ်မှာ အကြံတစ်ခု ရှိလာပြီဗျ'

ထိန်ဟုန်က....

'အေး... လုပ်ပါဦးဗျ၊ အခုက အရေးကြီးတာက ဘုရားခံကို ဖော်ထုတ်ဝန်ခံမှ ကျုပ်တို့ကလဲ အရေးဟုလို့ရမှာဗျ'

လုံးဝေက ပြုံးလိုက်သည်။

သူ၏အပြုံးမှာ မချိပြုံး ဖြစ်သည်။

'ဟင်... လူသတ်တရားခံကို ဖမ်းရပေမယ့် ရင်ထဲမှာတော့ သူ့ရဲ့ဘဝကို သနားတယ်ဗျာ၊ ဒါပေမယ့် ဥပဒေက ဥပဒေပဲ၊ ကျုပ်ကို ခင်ဗျားက ကူညီမှဖြစ်မယ်ဗျ'

ထိန်ဟုန်က လုံးဝေပခုံးနှစ်ဖက်ကို အားရပါးရ ဖက်လိုက်၏။

'ဒီအမှုကိုဖော်ထုတ်ပြီး လူသတ်တရားခံ ရှာဖွေဖို့ဟာ ကျုပ်ရဲ့ တာဝန်ပါ၊ မင်းက အခုလို ကူညီပေးမယ်ဆိုတာကို ကျုပ်တို့က လှိုက်လှိုက်လှဲလှဲ ပါဝင်ရမှာပေါ့'

* * *

ရှောင်ရိသည် အနည်းငယ် ပိုမိုအိုမင်းသွားသည်ဟု ထင်ရလေသည်။

ရက်အနည်းငယ်အတွင်း သားနှစ်ယောက်စလုံး သေဆုံးသွားရသည့်အတွက် သူ့အဖို့ စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့ရ၏။



မည်သို့ဆိုစေ နှစ်ရှည်လများ အတူနေထိုင်ခဲ့သော သံယောဇဉ်က ရှိနေသည် မဟုတ်ပါလော။

သူသည် သားနှစ်ယောက်၏ အလောင်းအား မြေမြှုပ်ပြီးသည့်နောက် အိမ်ထဲသို့ ပြန်ဝင်လာကာ အခန်းထဲ၌ တစ်ယောက်တည်း ထိုင်နေသည်။

ညဉ့်နက်လာပြီဖြစ်သည်။

အပြင်ဘက်၌ မိုးစတင် ရွာသွန်းလာသည်။

မိုးက စတင်ရွာလာချိန်မှစ၍ သည်းထန်လွန်းလှသည်။

မိုးသည်းထဲမှ တစ်ချက် လင်းလက်လာသော လျှပ်စီး၏ အလင်းရောင်နှင့် မိုးခြိမ်းသံများက ပတ်ဝန်းကျင် တစ်ခုလုံး လွှမ်းမိုးထားလေသည်။

စိတ်ချောက်ချားတတ်သူများအတွက် ကြောက်ရွံ့ထိတ်လန့်စရာ ညပင် ဖြစ်၏။

ရှောင်ရိသည် အရက်အား တစ်ခွက်ပြီးတစ်ခွက် ငုံသောက်နေ၏။

ထိုစဉ်မှာပင် စူးရှသော အသံတစ်ခု ကြားလိုက်ရသည်။

ရှောင်ရိက မျက်မှောင်ကြုတ်သွား၏။

'ဟော့....ဘယ်သူလဲ'

သူ၏အသံ ဆုံးသွားသောအခါ အရိပ်တစ်ခုက အခန်းထဲသို့ ဝင်လာသည်။

ထိုအရိပ်မှာ ခမောက်ကြီးတစ်ခုဆောင်းကာ တစ်ကိုယ်လုံး မိကျောင်းအကွက်များ ထနေသောကြောင့် မိကျောင်းတစ်ကောင် မတ်တတ်ရပ်၍ လမ်းလျှောက်လာသည်နှင့် တူလှပေသည်။

ရှောင်ရိက ဆတ်ခနဲ မတ်တတ်ရပ်လိုက်၏။

ထိုသူက သူ့ထံသို့ တစ်လှမ်းချင်း ဖြည်းညင်းစွာ လျှောက်လာသည်။

'မင်းဘယ်သူလဲ'

သူက ထပ်မံမေးလိုက်သည်။

ထိုလူက ခေါင်းမော့လိုက်ပြီး ခမောက်ကို ချွတ်လိုက်သည်။

မီးရောင်အောက်၌ထိုလူ၏မျက်နှာမှာ မိကျောင်းမျက်နှာနှင့် တစ်ထပ်တည်း ဖြစ်နေသည်။

ရှောင်ရိက ထိုလူအား စိုက်ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်၏။



'ဟော့....မင်းဘယ်သူလဲ၊ မျက်နှာဖုံးချွတ်လိုက်စမ်း၊ ကျုပ်ကို လာလှိမ့်လို့ မရဘူးကွ'

သူက စကားဆုံးသည်နှင့် လက်ဝါးဖြင့် ထိုလူအား တိုက်ခိုက်လိုက်၏။

ထိုလူကလည်း မခေပါချေ။

ရှောင်ရိ၏ တိုက်ခိုက်မှုမှ အသာအယာ ရှောင်တိမ်းလိုက်သည်။

ရှောင်ရိက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက ဘယ်ဆိုးလို့တုံး၊ ဒါပေမယ့် မင်းသေရမှာပါ'

သူက ယင်းသို့ပြောရင်းမှ ရုတ်တရက် သိုင်းကွက်ပြောင်းကာ တိုက်ခိုက်လိုက်သည်။

ထိုလူက ရှောင်တိမ်းရင်း လက်တစ်ချက် ဝှေ့ယမ်းလိုက်ရာ မီးခိုးလုံးများ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် အခန်းတစ်ခုလုံး လွှင့်ပျံ့သွားသည်။

'ဘယ်ရမလဲကွာ'

ရှောင်ရိက ယင်းသို့ အော်ဟစ်ရင်း မီးခိုးလုံးများကြားသို့ တိုးဝင်သွားလေသည်။

ထိုလူသည် ပြတင်းပေါက်မှ ခုန်ထွက်သွား၏။

ရှောင်ရိကလည်း ထက်ကြပ်မကွာ လိုက်သွားလေသည်။

* * *

ထိုလူက ရှေ့မှ ပြေးနေ၏။

ရှောင်ရိက နောက်မှ ထက်ကြပ်မကွာ လိုက်သွားလေသည်။

မကြာပါချေ။

ထိုလူက ရှမ်းကျင်းနေထိုင်သော အခန်းလေးထဲသို့ ပြေးဝင်သွားသည်။

ရှောင်ရိကလည်း အခန်းထဲသို့လိုက်၍ ပြေးဝင်သွား၏။

သူ့ရှေ့၌ ရုတ်တရက် လိုက်ကာတစ်ခုက တားဆီးနေသည်။

သူ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေသည်။

မျက်လုံးအစုံမှာလည်း နီရဲလာသည်။



သူက လိုက်ကာဆီသို့ လျှောက်သွားသည်။

ထို့နောက် အသံကျယ်လောင်စွာဖြင့် ကုန်းအော်လိုက်၏။

'ထွက်ခဲ့'

ယင်းလိုက်ကာမှာ ကဖြည်းဖြည်းချင်းခေါက်တင်သွားသည်။ လိုက်ကာနောက်တွင် လူဆယ်ဦးပခုံးချင်းယှဉ်၍ရပ်နေကြသည်။

အလယ်တည့်တည့်၌ ရပ်နေသူမှာ မှုခင်းထောက်လှမ်းရေးမှူး ထိန်ဟုန်ပင် ဖြစ်နေသည်။

ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်နေသူများမှာ သူ၏ အာဏာသားများဖြစ်၍ ဓားအသင့် ဆုပ်ကိုင်ထားကြလေသည်။

ထိန်ဟုန်၏ အနီးတွင် ကျောက်ပြားတစ်ချပ် လပ်နေ၏။

သူက မြေအောက်တွင်း တစ်ခုပေါ်၌ ရပ်တည်နေခြင်း ဖြစ်သည်။

ရှောင်ရိက မဲ့ပြုံး ပြုံးလိုက်၏။

ထိန်ဟုန်ကလည်း ပြန်ပြုံးပြလိုက်သည်။

ရှောင်ရိက ထိန်ဟုန်အား စိုက်ကြည့်လိုက်သည်။

'မင်းက မြေအောက်လမ်းကို တွေ့ရှိသွားပြီပေါ့ ဟုတ်လား'

ထိန်ဟုန်က....

'မြေအောက်လမ်းတင် မကပါဘူး'

သူက အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်သည်။

သူ လက်ပြန်ထုတ်လိုက်သောအခါ စာအုပ်လေးတစ်ခု ပါလာလေသည်။

ထိုစာအုပ်လေးအား တွေ့ရှိလိုက်သောအခါ ရှောင်ရိ၏ မျက်လုံး ဒေါသဖြင့် ရဲရဲနီလာသည်။

ထိန်ဟုန်က ပြုံးလိုက်သည်။

'ဒီစာအုပ်လေးကိုတွေ့ရင် ဦးလေး သဘောပေါက်မှာပါနော်'

ရှောင်ရိက မဲ့ပြုံးပြုံးလိုက်သည်။

'မင်းက ဘယ်ဆိုးလို့လဲ၊ သိပ်တော်တယ်ပေါ့၊ ဟုတ်လား'

ထိန်ဟုန်က ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်က မတော်ပါဘူး'

သူက သူ့လူတစ်ယောက်အား မျက်စိ မှိတ်ပြ လိုက်သည်။ သူ့နောက်ရှိ ကန့်လန့်ကာ အဖြူစအား အာဏာသား တစ်ယောက်က ဖွင့်လိုက်သည်။



မိကျောင်းမျက်နှာဖုံးသားရေဖြင့် ချုပ်ထားသောမိကျောင်းလူပင်ဖြစ်သည်။

သူက မျက်နှာဖုံးနှင့် လက်အိတ်များ ချွတ်လိုက်သောအခါ ယောကျ်ားပီသ၍ ချောမော ခန့်ညားသော မျက်နှာတစ်ခု ပေါ်ထွက်လာလေသည်။

ထိုလူမှာ လုံးဝေပင် ဖြစ်သည်။

ရှောင်ရိက မဲ့ပြုံးပြုံး လိုက်သည်။

'မင်းကိုး....'

လုံးဝေက ဦးညွှတ်လိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်တော်ပါ ဦးလေး'

ရှောင်ရိက ကုလားထိုင်တစ်လုံးပေါ်သို့ အေးဆေးစွာထိုင်ချလိုက်လေသည်။

အတန်ကြာမှ သူ၏ဦးခေါင်းအား ဖြည်းလေးစွာ မော့လိုက်လေသည်။

ထိန်ဟုန်က ချောင်းတစ်ချက် ဟန့်လိုက်သည်။

'ဥပဒေအရ ကျုပ်တို့က ခင်ဗျားကိုဖမ်းရမှာပဲ'

ရှောင်ရိက သူ့အား စေ့စေ့ကြည့်လိုက်သည်။

'မင်းကိုက ငါ့ကို ဘာအမှုနဲ့ဖမ်းတာလဲ'

'လူသတ်မှု'

ထိန်ဟုန်က ပြောလိုက်ခြင်း ဖြစ်သည်။

ရှောင်ရိက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က ဘယ်သူ့ကို သတ်လို့လဲ'

ထိန်ဟုန်က သူ့အား စိုက်ကြည့်နေ၏။

ရှောင်ရိက အားရပါးရ ရယ်မောလိုက်သည်။

'ကျုပ်သားနှစ်ယောက် အသတ်ခံရပြီး မင်းတို့ အာဏာပိုင်တွေက လူသတ်တရားခံကို အပိုင်ဖမ်းမပေးနိုင်ဘဲနဲ့ ကျုပ်ကို လူသတ်တရားခံလို့ ပြောဦးမလို့လား'

လုံးဝေက ကြားဖြတ်ပြောလိုက်သည်။

'ဦးကို ကျွန်တော် တစ်ခု မေးခွင့်ပြုပါ'

ရှောင်ရိက လုံးဝေအား မျက်လုံးစွေကြည့်လိုက်သည်။

လုံးဝေက ပြုံးပြလိုက်သည်။

'ဒီစာအုပ်ထဲက လက်ရေးဟာ ဦးလေးလက်ရေးပါဆိုရင် ဦးလေးငြင်းမလား'



ရှောင်ရိက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'မငြင်းပါဘူး၊ ဘဝရဲ့ မှန်းကျပ်ပိတ်လှောင်နေတဲ့အချိန်မှာ ထွက်ပေါက်တစ်ခုအဖြစ် ရေးသားထားတာပါ'

သူက ဆက်ပြောလိုက်၏။

'ငါ့ဘဝ ဘကယ့်လက်တွေ့မှာ မိကျောင်းမွေးတာကလွဲပြီး ဘာမှ အပြစ်မကျူးလွန်ခဲ့ပါဘူး'

လုံးဝေက ခေါင်းတစ်ချက် ညိတ်လိုက်သည်။

'ကောင်းပါပြီခင်ဗျာ၊ ဒါဆိုရင် ကျွန်တော် တစ်ခုထပ်မေးပါရစေ'

ရှောင်ရိကပြုံး၍....

'မေးလေ ရပါတယ်'

လုံးဝေက ပြုံးလိုက်သည်။

'ဦးလေး ယို့လန်းနဲ့ ယို့ဝူးဟာ ဦးရဲ့သားအရင်း ဖြစ်ပါသလားခင်ဗျာ'

ရှောင်ရိ၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သူ၏မျက်နှာပေါ်တွင် ဒေါသရောင်များ ထွက်ပေါ်လာသည်။

တိုအချိန် အသံတစ်ခု ထွက်ပေါ်လာသည်။

'ယို့လန်းနဲ့ ယို့ဝူးဟာ ကျုပ်သားအရင်းတွေပါ'

လုံးဝေအပါအဝင် လူအားလုံး လှည့်ကြည့်လိုက်သောအခါ ထင်းရှောင်က အခန်းဝ၌ရပ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူက ခေါင်းငုံ့ထားလိုက်ပြီး ကြေကွဲသောလေသံဖြင့်....

'ဒါ....ဒါပေမယ့် သူတို့လေးတွေ သိမသွားကြပါဘူး ခင်ဗျာ'

ရှောင်ရီ၏ ဓားသွားတစ်လက်ကဲ့သို့ စူးရှသော မျက်လုံးများက ထင်းရှောင်အား စိုက်ကြည့်လိုက်သည်။

'ဟေ့....လူယုတ်မာ၊ မင်း အခုထိ ငါ့ကို အရှက်ခွဲလိုက်ခဲ့နေတုန်းပဲလား'

ထင်းရှောင်က ခေါင်းငုံ့နေဆဲပင်....။

ရှောင်ရီက ဒေါသတကြီး အော်ဟစ်လိုက်ပြန်သည်။

'ဟေ့....လူယုတ်မာ၊ မင်းဟာ ငါ့ဘဝတစ်လျှောက်မှာ ဒုက္ခအမျိုးမျိုး ပေးနေတဲ့ကောင်ပဲ၊ အရှက်မရှိတဲ့ကောင်'



သူက မည်မျှ ပြင်းထန်ရင့်သီးသော စကားများကို ပြောနေစေကာမူ ထင်းရှောင်က ခေါင်းငုံ့ထားဆဲပါပင်။

ရှောင်ရီက....

'ဟေ့ကောင်....မင်း ငါ့ကို စကားပြန်ပြောပါဦး၊ ငါ မပြောချင်ပါဘူးကွာ၊ ဒါပေမယ့် ဖွင့်ပြောချိန် ရောက်လာလို့ ဖွင့်ပြောရတော့မှာပဲ၊ ငါ့ကို ပေးချင်တဲ့အပြစ်ပေးပါ၊ ငါဖွင့်ပြောပါတော့မယ်၊ ဟား....ဟား....ဟား'

သူက ခံပြင်းစွာ အားရပါးရ ရယ်မောလိုက်သည်။

သူ၏ရယ်မောသံမှာ ရှိုက်ငိုသံထက်ပင် ကြေကွဲစရာ ကောင်းလှပေသည်။

သူက ခေါင်းတညိတ်ညိတ်ဖြင့်....

'ကျုပ် ဖွင့်ပြောပြပါတော့မယ်၊ ထင်းရှောင်ဆိုတဲ့ လူယုတ်မာနဲ့ ကျုပ် စာရင်းရှင်းဖို့ အချိန်ရောက်နေပြီလေ'

ထိုအချိန်ထိ ထင်းရှောင်မှာ မည်သည့်တုံ့ပြန်မှုမှ မရှိပါချေ။ ရှောင်ရီက အားပါးတရ ရယ်မောလိုက်ပြန်သည်။

ထို့နောက် ထင်းရှောင်အား လက်ညှိုးထိုးလိုက်၏။

'ဟေ့ကောင် ထင်းရှောင်၊ မင်း....မင်း ဘာမှပြန်မပြောတော့ဘူးလား၊ ဟား....ဟား....ဟား မင်း ဘာပြန်ပြောရမှာလဲကွာ'

သူက ယင်းသို့ပြောရင်း ထိန်ဟုန်တို့ဘက်သို့ လှည့်လိုက်သည်။

'ကျုပ်နဲ့ ဒီလူယုတ်မာ ထင်းရှောင်၊ ကျုပ်ဇနီး ရှမ်းကျင်းတို့ဟာ ငယ်သူငယ်ချင်းတွေလေ၊ ကျုပ်တို့မိဘတွေနဲ့ ရှမ်းကျင်းတို့ မိဘတွေက ရင်းနှီးတာကတစ်ကြောင်း၊ ကျုပ်က ရှမ်းကျင်းကို မေတ္တာရှိနေတာက တစ်ကြောင်း ကြောင့် ကျုပ်နဲ့ရှမ်းကျင်းတို့ လက်ထပ်ခဲ့ကြတယ်လေ'

ရှောင်ရိ၏မျက်လုံးများ စိုစွတ်လာသည်ဟု ထင်လိုက်ရ၏။

'အဲဒီနေ့ဟာ ကျုပ်ဘဝမှာ အပျော်ရွှင်ဆုံးအချိန်ပေါ့ဗျာ၊ ဒါ...ဒါပေမယ့် ကျုပ်ရဲ့ အပျော်ရွှင်ဆုံးဆိုတဲ့အချိန်ဟာ တစ်ခဏပါပဲဗျာ၊ အဲဒီညမှာပဲ ပျက်သုဉ်းခဲ့ရတယ်လေ၊ အဲဒါ ဘယ်သူ့ကြောင့်လဲ သိလား'

သူကထင်းရှောင်ဘက်သို့ လက်ညှိုးထိုးပြလိုက်သည်။

'ဒီ...ဒီလူယုတ်မာကြောင့်ပေါ့ဗျာ၊ ကျုပ်ရဲ့ မင်္ဂလာဦးညဟာ ကျုပ်နှလုံးသားကို မီးသဂြိုဟ်တဲ့ညဆိုလဲ မမှားဘူးပေါ့ဗျာလို့လဲ သိလား'

သူ၏အသံက တုန်ခါလာသည်။

'အဲဒီမင်္ဂလာဦးညမှာပဲ ကျုပ်ရဲ့ဇနီး ရှမ်းကျင်းဆိုတဲ့ သတို့သမီးလေးဝင်း အသစ်စက်စက်လေးရဲ့ နှုတ်ခမ်းကထွက်တဲ့ စကားတွေကိုလဲ နားထောင်ကြည့်ပါဦးဗျာ'



သူက စကားခေတ္တရပ်တန့်ကာ နှုတ်ခမ်းအား တစ်ချက်ကိုက်လိုက်သည်။

ထို့နောက် မျက်လုံးကိုဖိမှိတ်ပစ်ရင်းမှ ဖြည်းလေးစွာ ပြောချလိုက်သည်။

'သူမဟာ မိဘတွေစကားကို မလွန်ဆန်ရဲလို့ ကျုပ်ကို လက်ထပ်ခဲ့ရတဲ့ဘဝမှာ သူနဲ့ သူ့ချစ်သူရဲ့နှလုံးသားတွေ တစ်သက်လုံး ကြေကွဲရတော့မယ်တဲ့လေ'

သူက ဆက်ပြောလိုက်၏။

'ကျုပ်....ကျုပ်က သူ့မှာ ချစ်သူရှိမှန်း မသိခဲ့ရိုးအမှန်ပါ၊ သူပြောသလို သူတို့နှလုံးသားတွေ တစ်သက်လုံး ကွဲကြေရတာ မှန်မမှန်တော့ မသိဘူးဗျို့၊ ကျုပ်....ကျုပ်နှလုံးသားတွေကတော့ အဲဒီညမှာပဲ ကွဲကြေခဲ့ရတယ်လေ'

သူ၏ဖိမှိတ်ထားသောမျက်လုံးက ဆတ်ခနဲပွင့်လာပြန်သည်။

သူက မျက်လုံးအား ပြန်လည်ဖိမှိတ်ရင်းမှ အားပါးတရ ရယ်မောလိုက်ပြန်သည်။

သူ၏ရယ်သံက ကြေမွအက်ကွဲ ခြောက်ကပ်ကပ် နိုင်လှပေသည်။

တိန်ဟုန်က သင်းရှောင်အား ကြည့်လိုက်သည်။

ထင်းရှောင်က ခေါင်းငုံ့နေဆဲပင် ရှိ၏။

လုံးဝေက ကြားဖြတ်မေးလိုက်သည်။

'ဒါနဲ့ ပန်းပုသူဇာက စကားပြောနိုင်တာဟာ ခေါင်းရဲ့ အောက်မှာ အံဝှက်တစ်ခုခုရှိနေလို့လား'

ရှောင်ရိက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ယို့ဝူးက ပုန်းပြီး အသံပေးနေတာပါ'

ထိန်ဟုန်က မျက်မှောင်ကြုတ်သွား၏။

'ခင်ဗျားခိုင်းတာလား'

ရှောင်ရိက ခေါင်းညိတ်လိုက်ပြန်သည်။

'ဟုတ်ပါတယ်၊ သူက ရှုးရှုးပေါ်ပေါ်နဲ့ မဟုတ်ကဟုတ်က လုပ်ရမယ်ဆိုရင် သူသိပ်သဘောကျတာ၊ မိန်းမသံလဲ ပီပြင်အောင် ပြောတတ်တယ်လေ'

လုံးဝေက ထင်းရှောင်ဘက်သို့ လှည့်လိုက်သည်။

'ဒါနဲ့ ဦးလေးစာဖတ်ခန်းထဲမှာ ပထမရှိမနေဘဲ နောက်မှ လိုက်လာနောက်က ပေါ်လာတာက ဦးလေး ဒီဘက်ခန်းက ပြန်လာတာမဟုတ်လား'



ထင်းရှောင်က ခေါင်းညိတ်လိုက်သည်။

လုံးဝေက မျက်မှောင်ကြုတ်သွားသည်။

'ဦးလေးရဲ့ လက်ညှိုးကို ဘယ်သူဖြတ်တာလဲ'

ထင်းရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

'သူက ကြိုးတပ်တူရိယာကို ရှမ်းကျင်းလိုရုပ်ဖျက်ပြီး တီးနေလေတော့ ကျုပ်က ရှမ်းကျင်းထင်ပြီး မြေအောက်လမ်းက လိုက်လာမိတယ်လေ၊ ရှမ်းကျင်းက ကြိုးတပ်တူရိယာ တီးလေ့ ရှိတာကိုး၊ အဲဒီလို တီးသံကြားတာနဲ့ ကျုပ်က လာတွေ့မိတာပါ၊ ယို့လန်းက ကျုပ်ကို အသေသတ်ဖို့လုပ်ကြံတာနဲ့ ကျုပ်က သူ့ကိုတွန်းလှဲပြီး မြေအောက်လမ်းအတိုင်း ပြန်သွားပါတယ်'

လုံးဝေသည် ထင်းရှောင်က ယို့လန်းမှာ မိမိသားမှန်း သိသဖြင့် ပြန်လည်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ထွက်သွားမှန်း နားလည်လိုက်၏။

'ဒါနဲ့ နေပါဦး၊ ဦးလေးက ရှမ်းကျင်းသေဆုံးမှန်း မသိဘူးလား'

ထင်းရှောင်၏မျက်လုံး ရီဝေမှုန်မှိုင်းသွား၏။

'သိပါတယ်၊ ဒါပေမယ့် ရှောင်ရိက လိမ်နေတယ်လို့ ကျုပ်ကထင်မိလို့ပါ'

ထိန်ဟုန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

ထိုအချိန် လူရိုပ်တစ်ခုကပြေးဝင်လာသည်။

'ဖေဖေ ...ဖေဖေ'

* * *

ရှောင်ရိက ရုတ်တရက်ထိုလူရိပ်အားဖမ်းဆွဲထားလိုက်သည်။

သူ၏လက်တစ်ဖက်က ထိုလူရိပ်၏ လည်ပင်းရှိ အရေးကြီးဆုံးနေရာသို့ ထောက်ထားလိုက်သည်။

ယင်းလူရိပ်မှာ ကျိယန်းပင် ဖြစ်သည်။

'ဟား...ဟား....ဟား'

ရှောင်ရိက အားပါးတရ ရယ်မောလိုက်သည်။

သူက လုံးဝေဘက်သို့ လှည့်လိုက်သည်။



'ဟေ့....လုံးဝေ၊ မင်းက သိပ်ဉာဏ်ကောင်းတဲ့အကောင်ပဲ၊ မင်းက မဆီမဆိုင်ဝင်ပြီးရှုပ်လို့ ငါ့အကြံတွေ ပျက်စီးသွားရပြီ၊ အခုတွေ့လား၊ မင်းရဲ့ အသည်းနှလုံးကို ဖျက်ဆီးပစ်လိုက်မယ်'

လုံးဝေက ရင်ထိတ်သွား၏။

သူက ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်။

ထို့အတူ ထိန်ဟုန်ကလည်း ရှေ့သို့ခြေတစ်လှမ်းတိုးလာ၏။

'ရပ်လိုက်စမ်း'

ရှောင်ရိက ဟန့်တား အော်ဟစ်လိုက်သည်။

သူတို့က ရှေ့မတိုးဝံ့ကြတော့ဘဲ ရပ်တန့်လိုက်ရ၏။

ရှောင်ရိက အားပါးတရ ရယ်မောလိုက်သည်။

'ဟေ့....လူယုတ်မာ၊ မင်းသမီးကို ငါသတ်မယ်ကွ'

ထင်းရှောင်က....

'သူငယ်ချင်း မင်းမှားမယ်၊ ငါပြောတာ နားထောင်စမ်းပါဦးကွာ'

ရှောင်ရိ၏ မျက်လုံးများ နီရဲနေသည်။

'လူယုတ်မာ၊ ငါ့ကို သူငယ်ချင်းလို့ မခေါ်နဲ့'

လုံးဝေက အနူးအညွတ် တောင်းပန်လိုက်၏။

'ဦးလေး .... ကျွန်တော် တောင်းပန်ပါတယ်၊ ဥပဒေရဲ့ အဆုံးအဖြတ်ကို နာခံပါ့ဗျာ'

'ဟား....ဟား....ဟား ဥပဒေရဲ့ အဆုံးအဖြတ်ကို နာခံရမယ် ဟုတ်လား၊ ကောင်းပြီလေ၊ ငါ့နှလုံးသားမှာဘဝတစ်လျှောက်လုံး ကွဲကြေခဲ့ရတဲ့အတွက် ဘယ်ဥပဒေက အရေးယူပေးမှာလဲ၊ ပြောပါဦး'

သူ၏အသံက တုန်ယင်စွာဖြင့် ဆက်ပြောလာသည်။

'ငါ့ရင်ထဲက ခံစားမှုကို မင်းတို့ နားလည်စာနာတတ်ရင် ကျုပ် အခု လုပ်တာတွေဟာ နည်းနေပါတယ်လို့ မင်းတို့က ပြောမှာပါပဲ'

လုံးဝေက သူ့အား စိုက်ကြည့်လိုက်သည်။

'ဦးက ဘယ်လိုခံစားရသလဲ ပြောပါဦး'

ရွှောင်ရိ၏ မျက်နှာပေါ်၌ ကြေကွဲခြင်း၊ ခံပြင်းခြင်းတို့ တစ်ပြိုင်နက် ဖြစ်ပေါ်လာသည်။

ထင်းရှောင်မှာ ဝမ်းနည်းကြေကွဲလာသည်။



သူ၏ မျက်လုံးအစုံက ကျိယန်းအား မဝံ့မရဲ ကြည့်နေမိသည်။

ရွှောင်ရိက စကားဆက်လိုက်၏။

'ဒါပေမယ့် မင်းကို တစ်ခါတည်းမသတ်ချင်ဘူးလေ၊ ဘာလို့လဲသိလား၊ ငါလို ဒုက္ခခံစားရမှာ စိုးလို့ကွ၊ ဒါကြောင့် ကျုပ်အကြံအစည်ကို အကောင်အထည်ဖော်ဖို့ ကြံစည်လိုက်တာပါပဲ'

ထိန်ဟုန်က ရွှောင်ရိစကားအား နားစွင့်ရင်း သူ၏အာဏာသားများကို အချက်ပြလိုက်သည်။

အာဏာသားများက မသိမသာ တိုးကပ်သွားသည်။

'ဟေ့ ....ရပ်လိုက်စမ်း၊ ရှေ့တိုးလာရင် သူ့ကို သတ်ပစ်လိုက်မယ်'

အလွန်မျက်စိလျင်သော ရွှောင်ရိက ဟန့်တားလိုက်သည်။

အာဏာသားများမှာ လက်လျှော့လိုက်ရလေသည်။

လုံးဝေက ကမန်းကတန်း လှမ်းပြောလိုက်၏။

'ဆက်ပြောပါဦးလေ'

ရွှောင်ရိက ခေါင်းညိတ်လိုက်သည်။

'စိတ်ချပါ၊ ကျုပ်ရင်ထဲမှာရှိတာတွေ အကုန်ပြောပြမှာပါ'

သူ၏မျက်နှာ၌ ဝံ့ကြွားသော ပုံသဏ္ဌာန် ပေါ်လွင်လာသည်။

'ကျုပ်နဲ့ထင်းရှောင် ပင်လယ်ကမ်းစပ်မှာ လမ်းလျှောက်ထွက်တဲ့ နေ့တစ်နေ့မှာ မိကျောင်းတစ်ကောင်ကို သတ်ခဲ့တယ်လေ၊ အဲဒီနေ့က သူ့နောက်လိုက်တဲ့ စကားကို သတိရပြီး သူ့ကိုဒုက္ခပေးဖို့ အကြံအစည် အားထုတ်တဲ့အခါမှာ မိကျောင်းအရေခွံ တစ်ခု ရယူဖို့ စိတ်ကူး ရလာတယ်လေ၊ နောက်ပြီး ယို့လန်းကလဲ ပန်းပုလက်ရာ အလွန်မြောက်တယ်မဟုတ်လား၊ သူက ကျိုယန်းကိုမရလို့ စိတ်ကူးနဲ့ထွင်းထုထားတာဟာ အလွန်တူနေတာ တွေ့လို့ အကြံရလာပြီး သူ့ကို မိကျောင်းပုံတွေပဲ ထုခိုင်းတော့တာပါပဲ'

လုံးဝေက ကြားဖြတ်ပြောလိုက်သည်။

'ဦးရှဲရည်ရွယ်ချက်ဟာ တစ်နေ့ လူသတ်မှု ဖြစ်ပွားလာရင် မိကျောင်းရဲ့ ပယောဂပါလို့ အထင်လွဲစေချင်တဲ့ သဘောပဲမဟုတ်လား'

ရှောင်ရိက ခေါင်းညိတ်လိုက်သည်။

'မှန်ပါတယ်'

လုံးဝေက ခေါင်းတဆတ်ဆတ် ညိတ်ရင်းမှ....



'ဒါနဲ့ ဦးလေးက ဘာဖြစ်လို့ ရုပ်ဖျက်ပြီး ကျိုယန်းရဲ့ပုံတူကို ခေါင်းထဲထည့်ပြီး မြင်းလှည်းပေါ် တင်ဆောင်းရတာလဲ'

ရှောင်ရိက....

'ဒါကတော့ ငါ့ မင်းပေးတဲ့စာရတာလို့ မင်းကိုစိတ်ခေတ်စစ်ဆင်ရေး လုပ်လိုက်တာလေ၊ မင်းဟာ ထင်းရှောင်ရဲ့ သမက်မဟုတ်လား၊ ငါရဲ့ အကြံအစည်ကို မင်းလာမယ့် အချိန်နဲ့ ကပ်ပြီး ရုပ်လုံးဖော်ရတာကိုးကွ'

သူက ဆက်ပြောလိုက်၏။

'မင်းတို့နားလည်အောင်ပြောရရင်တော့ကျုပ်ရဲ့အကြံအစည်မှာ ထင်းရှောင်၊ ကျိုယန်းနဲ့ မင်း၊ နောက်ပြီး လူယုတ်မာ ခွေးနှစ်ကောင်ကို သတ်မယ့်နေရာမှာ ငါ့အပေါ် ဘယ်သူကမှ သတ်တယ်မထင်ဘဲ လူယုတ်မာက သတ်တယ်လို့ အများကထင်အောင် ငါ့အကြံကို အကောင်အထည် ဖော်လိုက်တာပါပဲ'

ထိန်ဟုန်က ခေါင်းညိတ်လိုက်သည်။

'ကျုပ်က ပထမတော့ ထင်းရှောင်သတ်တယ်လို့ ထင်တာပါပဲ၊ ဒါနဲ့ မီးခိုးလုံးကိစ္စ....'

လုံးဝေက လက်ကာမြ၍ ပြုံးလိုက်သည်။

'ဒါက ကျုပ်နားလည်တယ်၊ ကိုယ်တိုင်လဲ စမ်းသပ်ကြည့်ဖူးတယ်လေ၊ ယင်နန်နယ်မှာ ထူးဆန်းတဲ့ သစ်ပင်တစ်မျိုးရှိတယ်၊

ဒီသစ်ပင်ကိုခုတ် အဆီထုတ်ပြီး လေလုံတဲ့ကြွေဘူးတို့ ဖယောင်းလုံးတို့…’

သူက ရှောင်ရိအားကြည့်လိုက်သည်။

‘ဦးလေးကတော့ ဖယောင်းလုံးထဲမှာ ထည့်ပါတယ်၊ အဲဒီ အဆီကိုထည့်ပြီး အသုံးပြုတဲ့အခါ ခွဲလိုက်ရင် မီးခိုးအဖြစ်ပြောင်းလဲ သွားတတ်ပါတယ်’

ရှောင်ရိ၏ မျက်ခုံးနှစ်ဖက် ပင့်တက်သွား၏။

‘မင်းက ဒီလောက် ဝေးလံတဲ့ ဟင်နန်နယ်ထဲကိုတောင် သွားဖူးထားတာကိုး’

လုံးဝေက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ကဲ့၊ ခရီးများများ သွားတဲ့ အတွေ့အကြုံပေါ့ဗျာ၊ စုမာလုယာ ထင်းရှောင်နဲ့ ရန်ငြိုးမရှိဘဲ ဘာဖြစ်လို့ လုပ်ကြံဖို့ ကြိုးစားရတာလဲ’

ရှောင်ရိက မဲ့ပြုံး ပြုံးလိုက်၏။

‘ကျုပ် အလောင်းဂေဟာက အပြန် ကျုပ်နောက်မှာ လူတစ်ယောက် လိုက်လာတာတွေ့လို့ အမှတ်မထင် သိလိုက်တယ်၊ ဒါကြောင့် သူ့ကိုတိုက်ခိုက်ပြီး မီးခိုးလုံးနဲ့ အကာအကွယ်ယူ သွေးကြောပိတ်ပြီး အိမ်ကိုခေါ်လာတယ်လေ’



လူအားလုံးမှာ ရှောင်ရိ၏ စကားအား အာရုံစိုက်စွာ နားထောင်နေကြ၏။

သူက ဆက်ပြောလိုက်ပြန်သည်။

‘အိမ်ရောက်တဲ့အခါမှာ သူ့ကိုမေးကြည့်တော့ သူက လုံးဝေနဲ့ ယှဉ်ပြိုင်ပွဲမှာ မကျေနပ်လို့ လိုက်လာတဲ့အကြောင်း ပြောပါတယ်၊ ဒါနဲ့ ကျုပ်က သူ့ကိုအသုံးချဖို့ အကြံတစ်ခုရလာပြီး သူ့ကို ငွေတစ်သောင်းပေးမယ်၊ ထင်းရှောင်ကိုသတ်ပေးဖို့ အကူအညီတောင်းခဲ့တယ်လေ’

သူက ခေတ္တစကားကိုရပ်ကာ လုံးဝေအား ကြည့်လိုက်၏။

‘သူကလဲ လုံးဝေကို မှန်းနေလေတော့ ငါ့အကြံကို အလွယ်တကူနဲ့ပဲ လက်ခံခဲ့တယ်၊ ဒါပေမယ့် သူက လူယုတ်မာ လက်ချက်နဲ့ သေဆုံးသွားရပြီ’

လုံးဝေက တစ်စုံတစ်ခုအား သတိရလာသည်။

‘မယ်တော်ရုပ်ထဲက မိကျောင်းထွက်တာ ဦးက ကြိုတင်စီမံထားတာပေါ့ ဟုတ်လား’

ရှောင်ရိက ခေါင်းညိတ်လိုက်သည်။

‘ဟုတ်ပါတယ်၊ ကျုပ်ရဲ့နတ်မိကျောင်း ဖမ်းစားတယ်ဆိုတဲ့ အကြံအစည်ကို ပိုပြီး ယုံကြည်အောင်လို့ပါ’

လုံးဝေက ခေါင်းညိတ်လိုက်သည်။

'ဒါနဲ့ မယ်တော်အဝတ်အစားကို ယို့လန်းက ဘာကြောင့် ဝတ်ဆင်ထားရတာလဲ'

ရှောင်ရိက ပြုံးလိုက်သည်။

'ဒါကတော့ သူ့အမေရှမ်းကျင်းဟာ ဒီလိုပဲ မကြာမကြာ ဝတ်လေ့ရှိပါတယ်၊ သူ့အမေဆုံးပြီး ယို့လန်းဟာ လူယုတ်မာ သွေးဖြစ်တဲ့ ကျီယန်းကို စွဲလမ်းလာပြီး ထင်းရှောင်ကို မကျေမနပ်ဖြစ်လာတယ်လေ၊ ဒါကြောင့် ကျုပ်ရဲ့အကြံအစည်ထဲမှာ သူ့ကိုပါထည့်ပြီး အကွက်ဆင်လိုက်တာပါပဲ'

သူက ထင်းရှောင်အား လှည့်ကြည့်လိုက်သည်။

'မင်းလာအောင်လို့ ငါက သူ့ကို ကြိုးတပ်တူရိယာ တီးခိုင်းပြီး ရှမ်းကျင်းလို ရုပ်ဖျက်ထားခိုင်းတယ်လေ'

သူက ဆက်ပြောလိုက်သည်။

'ဒါကြောင့် လုံးဝေကိုလဲ ခြံဝင်းထဲအရောက် မျှားခေါ်လာပြီး ကျုပ်အကြံအစည်ကို စတင်လိုက်တယ်'

သူက ထင်းရှောင်အား နှရှာမုန်းတီးစွာ ကြည့်ရင်းမှ...

'လူယုတ်မာဟာ မြေအောက်လမ်းကရောက်လာပြီး မယ်တော် အဝတ်အစား ဝတ်ထားတဲ့ယို့လန်းကို ရှမ်းကျင်းမှတ်လို့



ခေါ်လိုက်သေးတယ်လေ၊ ဒီမှာတင် ယို့လန်းက အသင့်ပါလာတဲ့ ပန်းပုထွင်းတဲ့ဓားနဲ့ သူ့ကိုသတ်ဖို့ကြိုးစားတယ်၊ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး'

သူ၏မျက်လုံးက လုံးဝေထံသို့ ရောက်ရှိသွားပြန်သည်။

'မင်းက ပြတင်းပေါက်ကနေ ဝင်လာလို့လုပ်နေတုန်း ကျုပ်က မီးခိုးလုံးဖယောင်းလုံးကို ဖောက်လိုက်ရတာပေါ့'

လုံးဝေက ဆက်ပြင်းချလိုက်သည်။

'အင်း...နောက်တော့ ဦးလေးက ယို့လန်းကို နှုတ်ပိတ်တဲ့အနေနဲ့ သတ်လိုက်မယ်၊ ခေါင်းထဲထည့်ပြီး အလောင်းဂေဟာကို သွားပို့မယ်'

သူကဆက်ပြောလိုက်သည်။

'ရှဘ်အခုက် စုဥာလုနဲ့တွေ့ပြီး အကြံတစ်ခုထပ်ရလာလို့ ခေါင်းကိုအိမ်ပြန်ပို့ခိုင်းတယ်'

ရှောင်ရိက မဲ့ပြုံးပြုံး၍ ခေါင်းညိတ်ဝန်ခံလိုက်၏။

ထို့နောက် ထင်းရှောင်အား အောင်နိုင်သော အပြုံးဖြင့် ကြည့်လိုက်လေသည်။

'ကဲ...လူယုတ်မာ မင်းသမီးကို ငါခေါ်သွားပြီ'

သူက လူအားလုံးကို တစ်ချက်ဝေ့ကြည့်လိုက်၏။

'ဘယ်သူမှ မလှုပ်နဲ့နော်၊ ကျုပ်နောက်ကို ခြေတစ်လှမ်းလိုက်လာရင်....'

သူက ကျိုယန်း၏ လည်မျိုမှ လက်အား ဖိထောက်ပြလိုက်သည်။

'သူ့ကိုသတ်ပစ်လိုက်မယ်'

လူအားလုံးက အဖြည်းဖြည်းချင်း နောက်သို့ ဆုတ်ပေးလိုက်ရ၏။

ရှောင်ရိက သတိကြီးစွာဖြင့် အပြင်သို့ထွက်ခွာရန် ဟန်ပြင်နေသည်။ မည်သူကမှ ဟန့်တားနိုင်စွမ်းမရှိပါချေ။

ထိုအချိန် အဘွားအိုတစ်ယောက်က ခြေလှမ်းသုတ်သုတ်ဖြင့် ဝင်ရောက်လာ၏။

'သခင်ကြီး မှားလိမ့်မယ်၊ မလုပ်ပါနဲ့.'

ရှောင်ရိက ဒေါသကြီးစွာဖြင့် ဟန့်တားလိုက်၏။

'ကျုပ်က ဘာဖြစ်လို့မှားရမှာလဲ၊ သွားစမ်း'

အဘွားအိုက မျက်ရည်များ ဝသွင်သွင်စီးကျလာရင်းမှ သူ့ရှေ့၌ ဒူးထောက်ထိုင်ချလိုက်၏။



'သခင်ကြီး၊ ကျိုယန်းဟာ သခင်ကြီးရဲ့ သမီးအရင်းပါ'

ယင်းစကားကြောင့် ထင်းရှောင်မှအပ လူအားလုံး အံ့အားသင့်ကုန်ကြလေသည်။

အဘွားအိုက စကားဆက်လိုက်သည်။

'သခင်မကြီးက ကျိုယန်းကို မွေးနေတုန်းမှာ သခင်ကြီးက မိန်းကလေးမွေးရင် သတ်ပစ်မယ်လို့ ပြောသံကြားရလို့ သခင်မကြီးက စိုးရိမ်သွားပါတယ်၊ အဲဒီအချိန်မှာ တစ်ဖက်ခြံက ထင်းရှောင်ရဲ့ ဇနီးကလဲ ယို့ဝူးကို မွေးပါတယ်၊ သူ့ကို မွေးဖွားပေးတဲ့ ဝမ်းဆွဲသည်ဟာ ဘွားတွားရဲ့ညီမ ဖြစ်နေလို့ ကျွန်ုပ်ယောက် တိုင်ပင်ပြီး လဲထားလိုက်တာပါ'

ရှောင်ရိက အဘွားအိုအား စိုက်ကြည့်လိုက်သည်။

'မင်း လုပ်ကြံပြီး ပြောနေတာ မဟုတ်လား'

အဘွားအိုက အကြိမ်ကြိမ် ဦးညွတ်ရင်းမှ..

'သခင်ကြီး မယုံရင် ကျိုယန်းရဲ့ လက်မောင်းကို ပင့်ကြည့်ပါ၊ သူ့လက်မောင်းမှာ သခင်မကြီးကိုယ်တိုင် မှတ်သားထားတာ ရှိပါတယ်'

ရှောင်ရိက မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ကျိုယန်း၏ လက်မောင်းအား ပင့်ကြည့်လိုက်သည်။

သူ၏ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

အကြောင်းမှာ ကျိယန်း၏ လက်မောင်းရင်း၌ 'ရှိ' ဟူ၍ စာတစ်လုံးအား တွေ့မြင်လိုက်ရ၍ ဖြစ်သည်။

ရှောင်ရီ၏မျက်ဝန်းမှ မျက်ရည်များ စီးဆင်းကျလာသည်။

သူ့နှလုံးသား၌ ပျော်ရွှင်ခြင်းကို ခံစားလိုက်ရလေသည်။

အကြောင်းမှာ သူ၏သွေးသားဖြင့် ဖွဲ့စည်းထားသော သမီးရင်းတစ်ယောက် ရှိနေသည်ကို တွေ့ရချေပြီ မဟုတ်ပါလော။

'ရှမ်းကျင်း…အစ်ကိုရှောင် မင်းပေါ်ထားရှိခဲ့တဲ့ သံသယတွေဟာ မင်းရဲ့လက်ရေးနဲ့ သမီးလေးလက်မောင်းမှာ ရေးထားတဲ့ စာတစ်လုံးလေးနဲ့တင် အားလုံး လွင့်စဉ် ကွယ်ပျောက်သွားပါပြီကွယ်'

သူက မျက်ရည်များ စီးဆင်းကျနေရာမှ တတွတ်တွတ်ပြောနေ၏။

'နောင်ဘဝဆိုတာ ရှိခဲ့ရင် မင်းနဲ့ငါ အနှောင့်အယှက်ကင်းတဲ့ ဘဝမှာ ပျော်ရွှင်လွတ်လပ်စွာ ချစ်ကြင်နာပါရစေလို့ အစ်ကို ဆုတောင်းနေပါမယ်ကွာ'

သူ၏မျက်လုံးကို မှိတ်ရင်းမှ ရင်နင့်ကြေကွဲစွာဖြင့် ကျိရင်းအား တင်းကျပ်စွာ ဖက်ပွေ့ထားလိုက်၏။

'သမီး…သမီးလေး၊ ငါ့မှာ သမီးရင်းတစ်ယောက် ရှိနေပါသေးလား'



ရှောင်ရီ၏ လှိုက်လှိုက်လှဲလှဲပြောနေသောအသံက အက်ကွဲခြောက်ကပ်နေလေသည်။

ကျိယန်းမှာလည်း အာ့တ်မဆင် ပြန်လည်သိခွင့်ရလိုက်သော ဖခင်ရင်းတစ်ယောက်၏ အချစ်ကိုခံစားလွန်းသော ဘဝအတွက် သနားကြင်နာစွာဖြင့် မျက်ဝန်းမှမျက်ရည်များက တသွင်သွင် စီးဆင်းကျနေလေသည်။

ရှောင်ရီက ကျိယန်းအား စိုက်ကြည့်လိုက်သည်။

ကျိယန်းကလည်း ရှောင်ရီအား မျက်ရည်များကြားမှ ပြန်လည် ကြည့်နေ၏။

ရှောင်ရီ၏နှုတ်ခမ်းတို့ တဆတ်ဆတ်တုန်ခါလာသည်။

'သမီး….'

သူက ပေါက်ပေါက်ကွဲကွဲပင် အော်ပစ်လိုက်သည်။

ကျိယန်းက မျက်စိအား စုံမှိတ်ပစ်လိုက်၏။

မကြည့်ဝံ့တော့ပါ။ မကြည့်ရက်တော့ပါချေ။

ဖခင်တစ်ယောက်၏ ကြေကွဲနာကျင်နေသောမျက်နှာအား သူမသည် မည်သို့သောအင်အားဖြင့် ဆက်လက် ကြည့်ရှုနိုင်ပါမည်နည်း။

'သမီး….'

အက်ကွဲတုန်ခါနေသော ရှောင်ရီ၏အသံက လှိုက်လှိုက်လှဲလှဲ ထွက်ပေါ်လာပြန်သည်။

'ဖေဖေ….ဖေဖေရယ်'

ကျိယန်းက ယင်းသို့ပြောရင်းမှ သူမဖခင်၏ ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လိုက်လေသည်။

သားအဖနှစ်ယောက်၏ ပြန်လည်ဆုံဆည်းခွင့်မှာ ပျော်ရွှင်ဝမ်းမြောက်ခြင်းထက် ကြေကွဲဆို့နင့်စရာများက ပို၍ ပြည့်နှက်နေလေသည်။

ထင်ရှောင်သည်လည်း ခေါင်းငိုက်စိုက်ကျလျက် မျက်ရည်များက တသွင်သွင်စီးကျနေလေသည်။

'အင်း...ချစ်ခြင်းမေတ္တာဆိုတာ လူမှုရေးစည်းကမ်းနဲ့ ထိန်းမထားရင် နောက်ဆုံးမှာ ကိုယ်တစ်ယောက်တည်းသာမက ကိုယ့်သားသမီးတွေပါ ဒုက္ခရောက်ရပါလားနော်'

ဟု နောင်တကြီးစွာဖြင့် ညည်းတွားနေလေသည်။

ရှောင်ရီက ကျိယန်းအား တင်းကျပ်စွာဖက်ထားရာမှ ထိန်ဟုန်ဘက်သို့ လှည့်လိုက်သည်။

'ကဲ....ကျုပ်ကို ဥပဒေအတိုင်း အပြစ်ပေးပါတော့'

ထိန်ဟုန်နှင့် အာဏာသားများက ရှောင်ရီအား ဝိုင်းရံထားလိုက်လေသည်။

ထိန်ဟုန်က ဝမ်းနည်းကြေကွဲသောလေသံဖြင့်....

'ခင်ဗျားရဲ့ခံစားချက်ကို ကျုပ် ကိုယ်ချင်းစာ နားလည်ပါတယ်ဗျာ၊ ဒါပေမယ့် ဥပဒေဆိုတဲ့အရာမှာ ပုဂ္ဂိုလ်ရေးရာခံစားမှုများကို ရောယှက်လို့မရနိုင်တဲ့အတွက် ကျုပ်ကိုခွင့်လွှတ်ပါဗျာ'

သူက ရှောင်ရီအား လက်ထိပ်ခတ်လိုက်၏။

ရှောင်ရီက လုံးဝေဘက်သို့ လှည့်၍ ပြုံးပြလိုက်၏။

ထို့နောက် လက်ထိပ်ခတ်ထားသောလက်အစုံက ကျိယန်း၏ လက်လေးအားဆွဲယူကာ လုံးဝေထံသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။



'ငါ့မှာ မင်းလို တရားမျှတပြီး အမှန်တရားကို လက်ကိုင်ထားတဲ့ သားသမက်လောင်းတစ်ယောက် ရလိုက်တဲ့အတွက် ကျုပ်သမီးအတွက် စိတ်ချသွားရပါပြီ'

ဟု ပြောရင်း ကျိယန်း၏လက်ကလေးအား လုံးဝေ၏လက်ထဲသို့ ထိုးသွင်းပေးလိုက်လေသည်။

လုံးဝေ၏ရင်ထဲ၌ ရှောင်ရီ၏ အချစ်ကံခေလွန်းသော ဘဝအား သနားကရုဏာသက်မိလွန်းသဖြင့် ယောကျ်ားတန်မဲ့ မျက်ရည်များ စီးဆင်းကျလာလေသည်။

သူက စကားမပြောနိုင်တော့ပါချေ။

ရှောင်ရီအား ဦးညွတ်နှုတ်ဆက်လိုက်၏။

လုံးဝေ၏ဦးခေါင်း ပြန်မော့လာချိန်၌ ရှောင်ရီသည် အာဏာသားများ ခြံရံလျက် တရွေ့ရွေ့ ထွက်ခွာသွားနေလေပြီ။

ကျိယန်းက ရှောင်ရီနောက်သို့ ပြေးလိုက်သွားသည်။

'ဖေဖေ....ဖေဖေ'

ဆို့နင့်ကြေကွဲသော သူမ၏ခေါ်သံကလေးက လေနှင့်အတူ ရှောင်ရီ၏နှလုံးသားရှိရာသို့ တိုက်ရိုက်လွင့်ပါးသွားလေသည်။

ရှောင်ရီ၏ခြေလှမ်း တုံ့ခနဲရပ်တန့်သွားသည်။

ကျိယန်းက ရှောင်ရီအား ပြေးဖက်လိုက်သည်။

ရုတ်တရက် သူမ၏ပခုံးပေါ်သို့ နွေးထွေးသောလက်နှစ်ဖက်က ဆုပ်ကိုင်လာလေသည်။

လုံးဝေပင်ဖြစ်သည်။

ရှောင်ရီက သူ့အား ချည့်နဲ့စွာပြုံးပြလိုက်၏။

သူက အံဟစ်ချက်ကြိတ်လိုက်စဉ် မျက်ရည်များက စီးဆင်းကျလာလေသည်။

ထို့နောက် အာဏာသားများ ခေါ်ဆောင်ရာနောက်သို့ လိုက်ပါသွားလေတော့သည်။

ထင်းရှူးခင်မှာ အခန်းထဲ၌ ခေါင်းငိုက်စိုက်ကျကာ ရပ်နေဆဲပင်။

* * *

နံနက်ခင်း၏နေရောင်ခြည်က နွေးထွေးစွာ ဖြာကျနေ၏။ သို့သော် ကျီယန်း၏နှလုံးသား၌ နာကျင်သောခံစားချက်များကြောင့် မနွေးထွေးနိုင်ပါချေ။

တရွေ့ရွေ့ ဝေး၍ဝေး၍သွားနေသော ရှောင်ရိနှင့် အာဏာသားများအား ငေးကြည့်ရင်းမှ မျက်ရည်များက တသွင်သွင် စီးကျနေဆဲ....။

လုံးဝေက သူမအား ယုယကြင်နာစွာ ထွေးပွေ့လိုက်သည်။ သူမ၏ငိုရှိုက်သံများက လေနှင့်အတူ လွင့်ပျံနေဆဲပင်....။

ပြီးပါပြီ။

မိုးကျော်သူ